# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်    ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ အင်္ဂါနေ့၊   အတွဲ [၅၅]၊ အမှတ် [၀၆၉]


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ "သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။" (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော်  ဒီဇင်ဘာ  ၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနဝမမြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီသည့် **"နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"**၊ **"သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့် **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ မှတ်တမ်းတင်ကြောင်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်အတည်ပြုထားသည့် **"မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့် **"အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ"**ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ မှတ်တမ်းတင်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက** "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့်

*စာမျက်နှာ ၇ ကော်လံ ၁* ✻

**ပြည်သူ့ဝန်ဆောင်မှုရုံးများ (OSS) ဖွင့်လှစ်ရန် ကျန်ရှိသော မြို့နယ်များတွင် အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏ အကြံပြုချက်များကို အလေးထားဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိ**

*စာမျက်နှာ-၅*

# အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို မကြာမီဖွင့်မည်

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွေး

**နေပြည်တော်  ဒီဇင်ဘာ  ၇**

ဆယ်စုနှစ်တစ်ခုကျော်ကြာ အချိန်ယူတည်ဆောက်ခဲ့သော တစ်နှစ်လျှင်ပျမ်းမျှ ကီလိုဝပ် ၄၅၄ သန်းထုတ်လုပ်နိုင်မည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းရဲ့ တည်ဆောက်မှုလုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဇင်ဘာ ၉ ရက်မှာ ဖွင့်လှစ်ဖို့ စီစဉ်ထားခြင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အစပ်တို့ သုံးပွင့်ဆိုင်ဆုံရာနေရာအနီး နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆



အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကုန်ဈေးနှုန်းတည်ငြိမ်မှ စီးပွားရေးတည်ငြိမ်မည်

မြန်မာနိုင်ငံတွင် ပြီးခဲ့သော မိုးရာသီကာလက ဖြစ်ပွားခဲ့သော ရေကြီးရေကြီးလျှံမှုများကြောင့် ဒေသနေပြည်သူများ ရေဘေးဒုက္ခကိုခံစားကြရုံမက လယ်ယာနှင့် သားငါးကုန်ထုတ်လုပ်ငန်းများ ပါထိခိုက်ခဲ့၍ ထုတ်လုပ်မှုကျဆင်းကာ အခြေခံစားကုန်များ အပေါ်ကုန်ဈေးနှုန်းရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ယခုအခါ ထိုသဘာဝဘေးမဖြစ်မီကထက် ဟင်းရွက်ကန်စွန်းမှအစ၊ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ငရုတ်၊ ကြက်သွန်အစရှိသဖြင့် အခြေခံစားကုန်များ ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။

ထိုအတောအတွင်း ငွေကြေးဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်ခဲ့၍ ပြည်ပမှတင်သွင်းလာသောသွင်းကုန်များအပေါ် ဈေးနှုန်းမြင့်တင် ရောင်းချမှုများရှိလာပါသည်။ ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် ငွေကြေးဖောင်းပွမှုကို ဆက်လက်ဖြစ်ပေါ်နိုင်ပါသည်။ ငွေကြေးဖောင်းပွမှုဆိုသည်မှာ တိုင်းပြည်အတွင်းလည့်ပတ်သုံးစွဲနေသည့် ငွေကြေးပမာဏ များပြားလာခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ငွေကြေးပမာဏဖောင်းပွမှုမြင့်တက်လာသည့်အတွက် အခြေခံစားကုန်များမြင့်တက်လာသည့်အပြင် ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများကိုပါ ထိခိုက်လာနိုင်ပါသည်။ ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုတို့သည် ကျွန်ုပ်တို့ဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချရေးကို များစွာထိခိုက်နိုင်ပါသည်။

ကုန်ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် အဓိကရင်ဆိုင်ရမည့်သူများမှာ ဆင်းရဲသားပြည်သူများနှင့် လစာနည်းဝန်ထမ်းများဖြစ်ပါသည်။ ကုန်သည်ပွဲစားနှင့် ငွေရှင်ကြေးရှင်တို့အနေဖြင့် ငွေပေါ်ငွေရင်းလုပ်ကိုင်ကြသူများဖြစ်၍ များစွာထိခိုက်မှုမရှိနိုင်ပါ။ ကုန်ဈေးနှုန်း မြင့်တက်မှုကို အခွင့်ကောင်းယူတတ်သူများက အကျိုးအမြတ်ပိုရရှိသွားနိုင်ပါသေးသည်။ ဤတွင် ဆင်းရဲချမ်းသာကွာဟမှုမှာ ပို၍ကြီးမားသွားနိုင်ပါသည်။ လက်ရှိအချိန်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး ဆောင်ရွက်နေသော်လည်း လက်တွေ့ မြေပြင်အနေအထားတွင် ကုန်ဈေးနှုန်း၏ရိုက်ခတ်မှုကို အထိုက်အလျောက် ကြုံတွေ့ခံစားနေကြပါသည်။

မြန်မာနိုင်ငံတွင် ကုန်ဈေးနှုန်းမြင့်တက်ရခြင်း၏ အကြောင်းရင်းများစွာရှိနေပါသည်။ ဝန်ထမ်းများလစာတိုး၍ ကုန်ဈေးနှုန်းလိုက်တက်သည်။ ဒေါ်လာဈေးတက်၍ လိုက်တက်သည်။ သင်္ကြန်ကာလများအတွင်း အရောင်းဆိုင်များပိတ်၍ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှသဖြင့် ဈေးလိုက်တက်သည်။ ယခုကဲ့သို့ သဘာဝဘေးကြောင့် ကုန်ပစ္စည်းများရှားပါး၍ ဈေးလိုက်တက်သည်။ ပြည်ပဝယ်လိုအား ပိုကုန်များကြောင့် ဈေးတက်သည် စသည်ဖြင့် ကုန်ဈေးနှုန်းတက်ရခြင်း အကြောင်းအရာများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

ဤသို့သော အကြောင်းအရာတစ်ခု ကြုံတိုင်းကြုံတိုင်း ကုန်ဈေးနှုန်းသည် တက်လေ့ရှိပါသည်။ တစ်ဖန်တက်ပြီး ကုန်ဈေးနှုန်းမှာ ပြန်ကျလေ့မရှိပေ။ ထိုသို့သော အထိန်းမကွပ်မရှိ ကုန်ဈေးနှုန်းတက်နေကြမည်ဆိုလျှင် ပြည်တွင်းထုတ်ကုန်များထက် အရည်သွေးကောင်းပြီး ဈေးနှုန်းသက်သာသော ထုတ်ကုန်များ ပြည်ပနိုင်ငံများမှစီးဝင်လာ၍ နိုင်ငံစီးပွားရေးကို များစွာထိခိုက်နိုင်ပါသည်။ သို့ဖြစ်၍ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်သော မူဝါဒများချမှတ်ကာ အလေးအနက်ထား ဆောင်ရွက်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# လွိုင်ကော်ပညာရေးကောလိပ်ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီ



**လွိုင်ကော် ဒီဇင်ဘာ ၇**

ကယားပြည်နယ် လွိုင်ကော်မြို့ ချိကယ်ကျေးရွာအုပ်စု ထေးသမကျေးရွာရှိ လွိုင်ကော်ပညာရေးကောလိပ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အခြေခံပညာ ကျောင်းများအနေဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၃၉၁ ကျောင်းရှိရာ၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၄၃၃ ကျောင်းထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၅၅၆၀၆ ဦး ပညာသင်ကြားပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသား ဦးရေ ၆၅၉၃၉ ဦးအထိ တိုးမြှင့်လာ ကြောင်း၊ အလားတူ ဆရာ၊ ဆရာမ အင်အားမှာလည်း ၂၀၇၄ ဦးမှ ၂၉၁၅ ဦးအထိ တိုးတက်ခန့်ထားပြီးဖြစ်ပါကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်မှုမှာလည်း ငါးနှစ်အတွင်း ၁၅၈ ကျောင်း အဆင့်တိုးရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုလွိုင်ကော်ပညာရေးကောလိပ်ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ပညာရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် အဝေးသို့သွားပြီး သင်တန်းတက်ရောက်စရာမလိုတော့ဘဲ မိမိပြည်နယ်အတွင်း၌သာ သင်တန်းတက်ပြီး ပညာရေးဝန်ထမ်းတာဝန်တွေကို ထမ်းဆောင်ကြရတော့မည်ဖြစ်သည့်အတွက် မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက်ပါ ငွေကုန်ကြေးကျသက်သာစွာဖြင့် သင်တန်းတက်ရောက်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ဇော်မင်းအောင်က ပညာရေးဝန်ကြီးဌာနသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်းအရည်အသွေးရှိသော အခြေခံပညာကို သင်ယူခွင့်ရရှိကာ အမျိုးသားပညာရည်မြှင့်မားရေးနှင့် လူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကယားပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးမည့် ဆရာဆရာမများကို လေ့ကျင့်မွေးထုတ်ပေးရန်ရည်ရွယ်ပြီး လွိုင်ကော်ပညာရေးကောလိပ် တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

လွိုင်ကော် ပညာရေးကောလိပ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်လုပ်ငန်းခွင် အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ် (၂၀/၂၀၁၅) ပထမနှစ်ကို သင်တန်းသား ၅၂ ဦးနှင့် သင်တန်းသူ ၉၈ ဦး တို့ဖြင့် ဒီဇင်ဘာ ၁ ရက်၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# ဒီဇင်ဘာလူထု လမ်းလျှောက်ပွဲ

**တနိုင်း ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကြီးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကကြီးမှူး၍ ဒီဇင်ဘာ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ စတင်တာထွက်လမ်းလျှောက်ခဲ့ကြပြီး မြို့အဝင် "စည်းလုံးခြင်းသည်အင်အား"ရုပ်တုတွင် တာဝင်ခဲ့ကြသည်။

အဆိုပါလမ်းလျှောက်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အရန်မီးသတ်နှင့် ကြက်ခြေနီအသင်းများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောကေး(ပြန်/ဆက်)**

V

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၉၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၆၈ ကျပ် |
| အောက်တိန်း၉၂ | ၅၆၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၅·၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၅·၉၃ |
| ထိုင်း | တစ်ဘတ် | ၃၆·၁၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၄၁၉ |
| တရုတ် | တစ်ယွမ် | ၂၀၂·၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇·၄၂ |

ခင်ရတနာ-စုစည်းသည်။

၃၀-၁၁-၂၀၁၅ မှ ၄-၁၂-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၆၄ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၃၇ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ နှစ် ၁၀၀ ပြည့် အခမ်းအနားကျင်းပနိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံကင်းထောက် သမိုင်းကြောင်းကို ပြန်ပြောင်းဆွေးနွေးပြီး မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ပညာရေးဝန်ကြီးဌာနက အဓိကတာဝန်ယူစည်းရုံးလှုပ်ရှားမှုအရ ကင်းထောက်လုပ်ငန်းစဉ်များ ပြန်လည်သက်ဝင်ရှင်သန်လာခြင်းအတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း၊ မိမိတို့ ကင်းထောက်ကြီးများအနေဖြင့်လည်း မိမိတို့စွမ်းဆောင်နိုင်သည့်အခန်းကဏ္ဍမှ ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၆ ခုနှစ်တွင် ကျရောက်မည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ နှစ် ၁၀၀ ပြည့် အခမ်းအနားကျင်းပရန် ဤညှိနှိုင်းအစည်းအဝေးကရည်ရွယ်ကြိုးပမ်းမှုသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းနေသည့်ကာလတွင် ကြီးမားသော အထောက်အပံ့ဖြစ်ပါ၍ အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်ကြီး ဦးနန္ဒကျော်စွာက ဒီဇင်ဘာ ၆ ရက် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပသော မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် အဆိုပြုဝင်ရောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းဆောင်တာအဝဝကို အာဆီယံကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် တာဝန်ရှိသူများသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံသို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် လာရောက်ကြမည်ဖြစ်ပြီး နှစ်ပေါင်း ၅၀ ကျော် ကင်းထောက်လှုပ်ရှားမှုများ ရပ်တန့်ခဲ့သည့်အတွက် ရှားပါးနေသည့် နည်းပြဆရာများ ပြန်လည်ပြုစုပျိုးထောင်လေ့ကျင့်ပေးမည့် အခြေခံနှင့် အဆင့်မြင့်သင်တန်းများကို စဉ်ဆက်မပြတ်ပို့ချပေးရန် စီစဉ်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယပိုင်းတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း အချိန်မီပြီးစီးဆောင်ရွက်ရမည့် ကင်းထောက်လုပ်ငန်းလမ်းပြမြေပုံပါ လုပ်ငန်းစဉ်များအား ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော ကင်းထောက်ကြီးများက အကြံပြုဆွေးနွေးကြကာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် (WOSM)နှင့် အာရှ-ပစိဖိတ်ကင်းထောက်အဖွဲ့ချုပ် (APRS)တို့က ကြီးမှူးသည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် National Strategic Planning Workshop နှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် ဆက်လက်ဖွင့်လှစ်မည့် Youth Programme Workshop တို့ကို နိုင်ငံတကာအဆင့် သင်တန်းများအဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းများသို့ တက်ရောက်ရန် ကင်းထောက်လုပ်ငန်းများ စိတ်ပါဝင်စားသည့် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အ.ထ.က (၁) လမ်းမတော် စွမ်းအားခန်းမ၌ကျင်းပမည့် အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးအကြံပြုနိုင်ကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံးက နှိုးဆော်ထားသည်။

**ကိုလတ်(သတင်းစဉ်)**

# ခန့်မှန်းချက်ကောင်းမွန်မှ ကြိုတင်သတိပေးချက်စနစ်ကောင်းမွန်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုပိုမိုဆောင်ရွက်နိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၇**

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် အာရှဒေသသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနတို့ ပူးပေါင်းကျင်းပသည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ လုပ်ငန်းများနှင့် မြေငလျင်စောင့်ကြည့်လေ့လာရေးလုပ်ငန်းများအား အထောက်အကူပြုနိုင်ရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပရာ **(အောက်ယာပုံ)** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ အန်းအိုလီစတက်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦး၊ အာရှဒေသသဘာဝဘေးကြိုတင် ကာကွယ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အာရှဒေသသဘာဝဘေးကြိုတင် ကာကွယ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးက အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အစည်းအဝေး၌ အာရှဒေသသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်နေသည့် လုပ်ငန်းများအတွက် လူသားအရင်းအမြစ်နှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရေး စီမံကိန်း၏ ဒုတိယအဆင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုများနှင့် စီမံကိန်း တတိယအဆင့်အဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာအထိ ဆက်လက်ဆောင်ရွက်မည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာလုပ်ငန်းများနှင့် မြေငလျင်စောင့်ကြည့်လေ့လာရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

"မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်းတွေနဲ့ မြေငလျင်စောင့်ကြည့်လေ့လာရေးလုပ်ငန်းတွေ ပိုမိုတိုးတက်ကောင်းမွန်အောင်၊ မိုးလေဝသနဲ့ ဇလဗေဒခန့်မှန်းချက်တွေနဲ့ သတိပေးချက်တွေ ပိုမိုကောင်းမွန်အောင် အထောက်အပံ့ပေးတဲ့ စီမံချက်တွေရှိပါတယ်။ အဲဒီစီမံချက်က ၂၀၁၂ ခုနှစ်ကနေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာအထိဖြစ်ပါတယ်။ အခုကျင်းပတဲ့ အစည်းအဝေးကတော့ ၂၀၁၂ ကနေ ၂၀၁၅ အောက်တိုဘာအထိ ဆောင်ရွက်ခဲ့တဲ့ မိုးလေဝသ၊ ဇလဗေဒနဲ့ မြေငလျင်ဆိုင်ရာလုပ်ငန်းတွေမှာ သူတို့ရဲ့ အထောက်အပံ့တွေ ဘယ်လောက်ထိရောက်တယ်၊ သက်ဆိုင်ရာဌာနအနေနဲ့ ဘယ်လောက်အထိ အသုံးချနိုင်တယ်၊ လာမယ့်စီမံကိန်းအတွက် ဘယ်လိုဆောင်ရွက်မယ်၊ စောင့်ကြည့်ရေးလုပ်ငန်းတွေ ပိုမိုတိုးတက်ကောင်းမွန်အောင် ဘာတွေ ဆက်လက်ထောက်ပံ့ဖို့လိုတယ်ဆိုတာတွေကို ညှိနှိုင်းဆွေးနွေးကြမှာပါ။




အာရှဒေသသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနနဲ့ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်နေတာကြာပါပြီ။ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာတဲ့ ပျက်စီးဆုံးရှုံးမှုတွေ လျော့ပါးအောင်ဆောင်ရွက်တဲ့အခါ မိုးလေဝသခန့်မှန်းရေးလုပ်ငန်းတွေ၊ ကြိုတင်သတိပေးချက် လုပ်ငန်းတွေဟာ အများကြီးအရေးပါတယ်ဆိုတာ သိကြပါတယ်။ ဒါကြောင့် အာရှဒေသသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနက မြန်မာနိုင်ငံရဲ့ မိုးလေဝသနဲ့ဇလဗေဒလုပ်ငန်းတွေ တိုးတက်အောင်လုပ်မယ်ဆိုတဲ့ မူဝါဒအတိုင်း ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်။ ခေတ်မီနည်းပညာပိုင်းဆိုင်ရာတွေ ထောက်ပံ့ပေးတယ်။ ဌာနမှာလည်း သင်တန်းတွေဖွင့်လှစ်သင်ကြားပေးတယ်။ ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေကလည်း နော်ဝေနိုင်ငံမှာ သင်တန်းတွေတက်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ ခေတ်မီနည်းပညာတွေရမယ်။ မိုးလေဝသခန့်မှန်းရေး လုပ်ငန်းတွေ ပိုမိုကောင်းမွန်လာမယ်။ ဒါကြောင့် ပိုမိုကောင်းမွန်တဲ့ ကြိုတင် သတိပေးချက်စနစ်တွေ ထုတ်ပြန်လာနိုင်မှာဖြစ်ပါတယ်။ ခန့်မှန်းချက်တွေကောင်းမွန်မှ ကြိုတင်သတိပေးချက်စနစ်တွေကောင်းမွန်မှာဖြစ်ပြီး ကြိုတင်သတိပေးချက်တွေကောင်းမွန်မှ သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်မှုတွေ ပိုမိုဆောင်ရွက်နိုင်မယ်။ သဘာဝဘေးဆိုတာကို တားဆီးလို့မရပေမယ့် ကြိုတင်ကာကွယ်မှုတွေ ပိုမိုကောင်းမွန်မှ သဘာဝဘေးပျက်စီးဆုံးရှုံးမှုတွေ နည်းပါးမှာဖြစ်ပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောကြားသည်။ **(သတင်းစဉ်)**

# စာပေဗိမာန် ဘာသာပြန်ပြိုင်ပွဲ စာမူတင်သွင်းရန် နှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၇**

လူငယ်များ ဘာသာပြန်စွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ Shanti Volunteer Association (SVA) (ရှန်တိစေတနာ့ဝန်ထမ်းအဖွဲ့) တို့ ပူးတွဲပြီး ဘာသာပြန်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း စိတ်ဝင်စားသူအားလုံး ယှဉ်ပြိုင်နိုင်ပြီး ပြန်ဆိုရမည့်စာအုပ်မှာ Asia / Pacific Co- publication Programme က ပြုစုဖြန့်ချိသော " THE EARTH " စာအုပ်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လိုသူများသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံး ဘာသာပြန်ဌာနစု၌ ပြဌာန်းစာအုပ်နှင့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံကို အခမဲ့ ထုတ်ယူနိုင်ကြောင်း၊ ဘာသာပြန်ပြီး စာမူများကို ၁၀-၁၀-၂၀၁၅ ရက်မှ ၃၁-၁၂-၂၀၁၅ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။

ပြိုင်ပွဲဝင်မည့်သူများသည် မိမိယှဉ်ပြိုင်မည့်စာမူများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပေးပို့ကြရန် စာပေဗိမာန်က နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံး၌ပါရှိသော "ခါကာဘိုရာဇီတောင်ထိပ်သို့ တက်ရောက်ရန် မြန်မာနိုင်ငံသားတစ်ဦး စတင်ပြင်ဆင်" သတင်း ပထမစာကြောင်း၌ **"ချင်းပြည်နယ်ရှိ"** အစား **"ကချင်ပြည်နယ်ရှိ"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် စာတည်းအဖွဲ့စစ်ဆေးမှုအားနည်းချက်ကြောင့် မှားယွင်းစွာပါရှိသွားသည့်အတွက် အနူးအညွတ် တောင်းပန်အပ်ပါသည်။

**စာတည်းအဖွဲ့**



# နိုင်ငံတွင်း လုံခြုံရေးမြှင့်တင်ရန် အိုဘားမား တိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၇**

ကယ်လီဖိုးနီးယား သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အမေရိကန်ပြည်ထောင်စုအတွင်း လုံခြုံရေးတင်းကျပ်မှုပိုမိုပြုလုပ်ရန် လိုအပ်ကြောင်း တိုက်တွန်းလိုက်သည်။

အိုဘားမားသည် ဒီဇင်ဘာ ၆ ရက်က အိမ်ဖြူတော် ဘဲဥပုံရုံးခန်းမှ ရုပ်မြင်သံကြားမိန့်ခွန်းတစ်ခုကို ရှားရှားပါးပါးပြောကြားသည်။

ဗုဒ္ဓဟူးနေ့က ကယ်လီဖိုးနီးယားတွင် စုံတွဲတစ်တွဲ၏ သေနတ်ပစ်ခတ်မှုကြောင့် အနည်းဆုံး လူ ၁၄ ဦး သေဆုံးသည်။ တိုက်ခိုက်ရေးသမားနှစ်ဦးအနေဖြင့် အစွန်းရောက်တိုက်ခိုက်မှု ပြုလုပ်သည်မှာ ထင်ရှားကြောင်း အိုဘားမားကပြောသည်။ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ရန် ကြံစည်ထားသော အကြမ်းဖက်လုပ်ရပ်အဖြစ် အိုဘားမားက ပြောခဲ့သည်။

အမေရိကန်သမ္မတ အိုဘားမားက အိုင်အက်စ် စစ်သွေးကြွများသည် အကြမ်းဖက်ဝါဒများကို တိုးမြှင့်လှုံ့ဆော်မှုများပြုလုပ်နေကြောင်း ပြောသည်။ အမေရိကန်ပြည်ထောင်စုသည် အိုင်အက်စ်စစ်သွေးကြွအုပ်စုကို နှိမ်နင်းရန်အတွက် အီရတ်နှင့်ဆီးရီးယားရှိ မြေပြင်တပ်ဖွဲ့များကို အလျှင်အမြန် လေ့ကျင့်ပေးရန်ကြိုးစားနေကြောင်း ပြောသည်။ ထို့အပြင် အမေရိကန်အစိုးရသည် အကြမ်းဖက်သမားများ၏ သတင်းအချက်အလက်ကိုရယူရန်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နေကြောင်း သိရသည်။

ထို့အပြင် အိုဘားမားက အမေရိကန်နိုင်ငံတွင်းသို့ ဗီဇာမရှိဘဲ ဝင်ရောက်လာသူများကို အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်သင့်ကြောင်း ပြောသည်။

(အင်န်အိတ်ချ်ကေ)

# ၁၆ နှစ်အတွင်း ဗင်နီဇွဲလားအတိုက်အခံအနိုင်ရ

**ကာရာကာ့စ် ဒီဇင်ဘာ ၇**

ဗင်နီဇွဲလား ရွေးကောက်ပွဲကို တနင်္ဂနွေနေ့က ကျင်းပခဲ့ရာ ၁၆ နှစ်တာ ကာလအတွင်း အတိုက်အခံပါတီက အာဏာရဆိုရှယ်လစ်များကို အနိုင်ရရှိသွားခဲ့သည်။

အတိုက်အခံ ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ပေါင်းစုက အမတ်နေရာ ၁၆၇ နေရာတွင် ၉၉ နေရာဖြင့် ၄၆ နေရာရရှိသော ဆိုရှယ်လစ်များကို အနိုင်ရရှိသွားပြီဖြစ်ကြောင်း ဗင်နီဇွဲလား ရွေးကောက်ပွဲဘုတ်အဖွဲ့က ပြောသည်။

သို့သော်လည်း ခရိုင်အချို့မှာ မဲရေတွက်ဆဲဖြစ်သည်။ ရွေးကောက်ပွဲရလဒ်များကို ကြေညာလိုက်ချိန် မြို့တော်ကာရာကာ့စ်၌ အတိုက်အခံလိုလားသူများက မီးကျည်မီးပန်းများ ပစ်ဖောက်၍ အောင်ပွဲခံခဲ့ကြသည်။

အသက် ၅၃ နှစ်အရွယ်ရှိ သမ္မတမာဒူရိုက ဗင်နီဇွဲလားကိုထူထောင်သူ ဟူဂိုချာဗက်ဇ်ထံမှ ၁၉၉၉ ခုနှစ်တွင် အာဏာရယူခဲ့ပြီးနောက် အဆိုးရွားဆုံး ရလဒ်ဖြစ်ပြီး ရှုံးနိမ့်မှုကိုဝန်ခံခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဒီမှာတိုင်းရင်းသားလူမျိုးစုတွေရှိနေတဲ့အတွက် ဒီရလဒ်ကို လက်ခံရမှာဖြစ်ပါတယ်" ဟု မာဒူရိုက နိုင်ငံသို့မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လွန်ခဲ့သော ၁၇ နှစ်က သမ္မတချာဗက်ဇ်၏ ပထမဆုံးရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခဲ့သော အတိုက်အခံခေါင်းဆောင်များက ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုပြောဆိုခဲ့သည်။ **(ရိုက်တာ)**



# ပုလဲဆိပ်ကမ်း ဗုံးကြဲတိုက်ခိုက်မှု ၇၄ နှစ်ပြည့်အခမ်းအနား ရန်သူဟောင်း စစ်ပြန်ကြီးနှစ်ဦး ဝီစကီသွန်းလောင်း၍ ငြိမ်းချမ်းရေးစကားဆို



**ဟိုနိုလူလူ ဒီဇင်ဘာ ၇**

ဒုတိယကမ္ဘာစစ်အတွင်း ရန်သူများဖြစ်ခဲ့ကြသော အသက် ၉၂ နှစ်အရွယ်ရှိ အမေရိကန်လေယာဉ်မှူး ဂျက်ဒီတိုးနှင့် အသက် ၈၈ နှစ်အရွယ်ရှိ တိုက်လေယာဉ်မှူး ရှိုရို ဝါကီတာတို့သည် ၁၉၄၁ ခုနှစ်က အမေရိကန်ရေတပ် အခြေစိုက်စခန်း ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်မှု အထိမ်းအမှတ်အဖြစ် တနင်္ဂနွေနေ့တွင်ကျင်းပရာ စစ်ပြန်ကြီးများက စစ်သုံးရေဘူးအတွင်းမှ ဝီစကီကို ပုလဲဆိပ်ကမ်းအတွင်း သွန်းလောင်းကာ ငြိမ်းချမ်းရေး ဆုတောင်းစကား ပြောဆိုခဲ့ကြသည်။

ယူအက်စ်အက်စ် အရီဇိုးနား အမှတ်တရ စစ်သင်္ဘောကိုကျော်၍ အရှေ့ရပ်ဆီမှ နေဝန်းနီနီထွက်ပေါ်လာချိန် ရန်သူဟောင်းစစ်ပြန်ကြီးနှစ်ဦးသည် အမည်းရောင်စစ်သုံးရေဘူးအတွင်းမှ ဝီစကီသွန်းလောင်းကာ လူပေါင်း ၂၄၀၃ ဦး သေဆုံးခဲ့ရသော ဒီဇင်ဘာ ၇ ရက်က ပုလဲဆိပ်ကမ်းဗုံးကြဲတိုက်ခိုက်မှု ၇၄ နှစ်ပြည့်အခမ်းအနားအဖြစ် ကျင်းပခဲ့သည်။

အမေရိကန်နှင့် ဂျပန်စစ်ပြန်ကြီးများသည် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးအပြီး အငြိမ်းစားလေတပ်ဗိုလ်မှူးကြီးဒီတိုးနှင့် ဂျပန်လေယာဉ်မှူး ဝါကီတာတို့သည် ဂျပန်ဗုံးကြဲလေယာဉ်များက ပစ်ခတ်နှစ်မြှုပ်ခဲ့သော အမေရိကန်ရေတပ်သင်္ဘောနစ်မြုပ်ရာ ရေလမ်းကြောင်းအတွင်း စစ်သုံးသတ္တုရေဘူးအတွင်းမှ ဝီစကီများသွန်းလောင်းချခဲ့ကြသည်။

ဂျပန်ဒေသခံများသည် ငြိမ်းချမ်းရေးကိုထိန်းသိမ်းသည့်ရည်ရွယ်ချက်ဖြင့် ပုလဲဆိပ်ကမ်းဗုံးကြဲတိုက်ခိုက်မှု အထိမ်းအမှတ်နေ့ အခမ်းအနားကို ၁၉၈၀ ပြည့်နှစ်မှစ၍ နှစ်စဉ် ကျင်းပလာခဲ့ကြသည်။ **(ရိုက်တာ)**

# ဆီးရီးယားရှိ အိုင်အက်စ် ခံတပ်မြို့ အမေရိကန်ဦးဆောင် ညွန့်ပေါင်းတိုက်ခိုက်

**ရက်ကွာ ဒီဇင်ဘာ ၇**

ဆီးရီးယားနိုင်ငံ ရက်ကွာပြည်နယ်၌ ဂျီဟတ်တို့အား ပစ်မှတ်ထား၍ အမေရိကန်ဦးဆောင်အဖွဲ့ဟု ယုံကြည်ရသော လေကြောင်းတိုက်ခိုက်မှုများ တနင်္ဂနွေနေ့က ဆက်လက်ပြုလုပ်ခဲ့ရာ အနည်းဆုံး အိုင်အက်စ် တိုက်ခိုက်ရေးသမား ၃၂ ဦးသေဆုံးကာ၊ ၄၀ ဒဏ်ရာရခဲ့ကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောသည်။

ရက်ကွာပြည်နယ် ကျေးလက်ဒေသများနှင့် မြို့တော်ရက်ကွာတို့တွင် အိုင်အက်စ်စစ်စခန်းများသို့ အနည်းဆုံး ဒုံးကျည် ၁၅ လုံးကျော် ထိမှန်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ရက်ကွာသည် အိုင်အက်စ်တို့၏ ဆီးရီးယားနိုင်ငံအတွင်း အဓိကခံတပ်မြို့ဖြစ်သည်။ ဆီးရီးယားမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများကို တနင်္ဂနွေနေ့က ညွန့်ပေါင်းအဖွဲ့က တိုက်ခိုက်ခဲ့သည်။

ဆီးရီးယား အလယ်ပိုင်းတွင် ရုရှားတို့က အနည်းဆုံး လေကြောင်းတိုက်ခိုက်မှု ၄၅ ကြိမ် ပြုလုပ်ခဲ့ရာ အိုင်အက်စ်တို့ ထိန်းချုပ်ထားသော ပါမိုင်ရာမြို့ကို ထိမှန်ခဲ့သည်။

(ရိုက်တာ)

# ဆီးရီးယားရှိ အိုင်အက်စ်ချေမှုန်းရေး နေတိုးမြေပြင်တပ်များ စေလွှတ်မည်မဟုတ်



**ဗူးရစ် ဒီဇင်ဘာ ၇**

နေတိုးအနေဖြင့် ဆီးရီးယားရှိ အိုင်အက်စ်ချေမှုန်းရေးတွင် မြေပြင်တပ်များ စေလွှတ်မည်မဟုတ်ကြောင်း၊ ပဋိပက္ခအတွင်း ဒေသခံတပ်များဖြင့်သာ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဂျင်းစ်စတိုတန်ဘတ်က ဆွစ်ဇာလန်သတင်းစာတစ်စောင်သို့ ပြောကြားလိုက်သည်။

"ဒါနဲ့ပတ်သက်လို့ ညွန့်ပေါင်းတပ်နဲ့ နေတိုးမဟာမိတ်တွေရဲ့ အစီအစဉ်ထဲမှာ မရှိပါဘူး"ဟု လေကြောင်းတိုက်ခိုက်မှုတွင် မြေပြင်တပ်များစေလွှတ်ရန်ရှိ/ မရှိ တားဂျက်အိန်ဇီဂျာ သတင်းစာ၏ မေးမြန်းမှုအပေါ် နေတိုးအတွင်းရေးမှူးချုပ်က ပြောဆိုခဲ့ခြင်းဖြစ်သည်။

"အမေရိကန်ကတော့ မြေပြင်တပ်ဖွဲ့ဝင်တွေ အကန့်အသတ်နဲ့စေလွှတ်တာတော့ရှိပါတယ်။ ဒါဟာလည်း ဒေသခံတပ်တွေ အားကောင်းလာဖို့ပါ။ ဒီကိစ္စက လွယ်လွယ်တော့မဟုတ်ပါဘူး"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါပဋိပက္ခတွင် အနောက်အုပ်စုနှင့် အစ္စလာမ့်ကမ္ဘာအကြား စစ်ပွဲမဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒကို ဆန့်ကျင်သွားရမည်ဖြစ်ကြောင်း စတိုတန်ဘတ်က အလေးအနက်ပြောကြားသည်။

(ရိုက်တာ)

# ပြည်သူ့ဝန်ဆောင်မှုရုံးများ (OSS) ဖွင့်လှစ်ရန် ကျန်ရှိသောမြို့နယ်များတွင် အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏အကြံပြုချက်များကို အလေးထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**One Stop Shops(OSS) ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး**
**လုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ကြေညာချက်**

(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)
(၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်)

၁။ နိုင်ငံတော်အစိုးရသည် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများ ပြုနိုင်ရေးအတွက် ရည်ရွယ်၍ **"ပြည်သူ့အတွက် OSS"**ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shops) များကို OSS ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှစ၍ ခရိုင်ရုံးစိုက်ရာ မြို့နယ်များတွင် ပြည်သူ့ဝန်ဆောင်မှုရုံးတစ်ရုံးစီဖြင့် စုစုပေါင်း (၇၂)ရုံးကို ရှေ့ပြေးစီမံချက်အနေဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ One Stop Shops(OSS)ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၅-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၉၅၉/၂၅၂- ကော်မတီ/အဖရ(၂၀၁၅)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ကော်မတီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်အား ကော်မတီအတွင်းရေးမှူးအဖြစ် လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်အား ကော်မတီတွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူး ၁၃ ဦးပါဝင်ပြီး စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၃။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် (OSS)ရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး ဆပ်ကော်မတီကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၁-၈-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၅၀၈/၂၅၃-ကော်မတီ/အဖရ(၂၀၁၅)ဖြင့် ခွင့်ပြုပြီးဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်များတွင် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၄။ UNDP ၏ ဒေသန္တရအုပ်ချုပ်မှုနှင့် ပြည်သူ့ရေးရာအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကုန်ကျစရိတ်ကျခံမှုဖြင့် OSS ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်ဂိုလီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ လေ့လာရေးခရီးစဉ်စေလွှတ်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ကြီးကြပ်ဆောင်ရွက်သူ (Monitor) များအဖြစ် တာဝန်ပေးဆောင်ရွက်မည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဦးစီးအရာရှိ (၇၂) ဦးအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

**ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် ဖွင့်လှစ်ထားသည့် တပ်ဖွဲ့/ဦးစီးဌာနများ**

၅။ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်များရှိ ပြည်သူ့ဝန်ဆောင်မှုရုံးများ၌ တာဝန်ထမ်းဆောင်၍ ဝန်ဆောင်မှုပြုသည့် တပ်ဖွဲ့/ဦးစီးဌာနများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ဂ) မီးသတ်တပ်ဖွဲ့
(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(င) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
(စ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
(ဆ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(ဇ) သစ်တောဦးစီးဌာန
(ဈ) ပြည်သူ့ကျန်းမာရေးဦးစီးဌာန
(ည) ပြည်တွင်းအခွန်များဦးစီးဌာန
(ဋ) လူမှုဝန်ထမ်းဦးစီးဌာန
(ဌ) စည်ပင်သာယာရေးအဖွဲ့
(ဍ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး
(ဎ) ငါးလုပ်ငန်းဦးစီးဌာန
(ဏ) အလုပ်သမားဦးစီးဌာန

**ပြည်သူ့ဝန်ဆောင်မှုရုံးများမှ ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများ**

၆။ ပြည်သူ့ဝန်ဆောင်မှုရုံးများ၌ အဓိကအားဖြင့် စားသောက်ဆိုင်၊ ပုဂ္ဂလိကအိမ်ဆိုင် လုပ်ငန်းလိုင်စင်များ၊ ယစ်မျိုးလိုင်စင်ချထားခြင်းနှင့် အခွန်လေးမျိုးကောက်ခံခြင်း၊ မြေစာရင်း ပုံစံ(၁၀၅)ရေးကူးခွင့်ကိစ္စများ၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စရပ်များ၊ ဘိလိယက်ခုံလိုင်စင်ထုတ်ပေးခြင်း၊ ပျော်ပွဲရွှင်ပွဲအတွက် ပွဲမိန့်လျှောက်ထားခြင်းကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်းကိစ္စရပ်များ၊ အိမ်ထောင်စုလူဦးရေ ပြောင်းဝင်/ထွက်ကိစ္စနှင့် မွေးဖွားမှု၊ သေဆုံးမှုမှတ်ပုံတင်ရေးကိစ္စရပ်များ၊ ပထမသတင်းပေးတိုင်ကြားချက်များ၊ မီးဘေးလုံခြုံရေးကိစ္စရပ်များ၊ စည်ပင်နှင့်ပတ်သက်သော ရေ၊ မီး၊ မိလ္လာသန့်ရှင်းရေးကိစ္စရပ်များ၊ သစ်တောနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ လူမှုဖူလုံရေး၊ အလုပ်သမား၊ အလုပ်အကိုင်ကိစ္စရပ်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လွယ်ကူလျင်မြန်စွာဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ ပြည်သူ့ဝန်ဆောင်မှုရုံးသို့ လာရောက်ဝန်ဆောင်မှုရယူသည့် ဒေသခံပြည်သူများကို OSS ရုံးမှ ချက်ချင်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များအား ချက်ချင်းဆောင်ရွက်ပေးခြင်း၊ ချက်ချင်းဝန်ဆောင်မှုမပေးနိုင်သော ကိစ္စရပ်များအား သွားရောက်ဆက်သွယ်ဆောင်ရွက်ရမည့်ဌာနသို့ လမ်းညွှန်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်သူများ၏အကြံပြုချက်၊ တိုင်တန်းချက်များအတွက် Complain Center များ ထည့်သွင်းထားရှိပြီး အကြံပြုချက်၊ တိုင်တန်းချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ အရေးယူဆောင်ရွက်ပေးလျက်ရှိပါသည်။

**ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်နိုင်မှုအခြေအနေ**

၈။ OSS ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအနေဖြင့် ပြည်သူတို့၏အခြေခံလိုအပ်ချက်များအား အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်ရေးအတွက် ခရိုင်ရုံးစိုက်ရာမြို့နယ် (၇၂)မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)များကို (၇-၇-၂၀၁၅) ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထပ်မံ၍ ကျန်မြို့နယ်များ၌လည်း ဆက်လက်ဖွင့်လှစ်လျက်ရှိရာ (၂-၁၂-၂၀၁၅) ရက်နေ့အထိ ဖွင့်လှစ်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်း (၂၆၇) ရုံးဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | နေပြည်တော်ကောင်စီ | ( ၅ ) | ရုံး |
| (ခ) | ကချင်ပြည်နယ် | (၁၁) | ရုံး |
| (ဂ) | ကယားပြည်နယ် | ( ၇ ) | ရုံး |
| (ဃ) | ကရင်ပြည်နယ် | ( ၇ ) | ရုံး |
| (င) | ချင်းပြည်နယ် | ( ၉ ) | ရုံး |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီး | (၃၄) | ရုံး |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး | (၁၀) | ရုံး |
| (ဇ) | ပဲခူးတိုင်းဒေသကြီး | (၂၇) | ရုံး |
| (ဈ) | မကွေးတိုင်းဒေသကြီး | (၂၅) | ရုံး |
| (ည) | မန္တလေးတိုင်းဒေသကြီး | (၂၃) | ရုံး |
| (ဋ) | မွန်ပြည်နယ် | (၁၀) | ရုံး |
| (ဌ) | ရခိုင်ပြည်နယ် | (၁၇) | ရုံး |
| (ဍ) | ရန်ကုန်တိုင်းဒေသကြီး | (၃၂) | ရုံး |
| (ဎ) | ရှမ်းပြည်နယ် | (၂၉) | ရုံး |
| (ဏ) | ဧရာဝတီတိုင်းဒေသကြီး | (၂၁) | ရုံး |
| | **စုစုပေါင်း** | **(၂၆၇)** | **ရုံး** |

၉။ ပြည်သူ့ဝန်ဆောင်မှုရုံးများ(OSS) ဖွင့်လှစ်ရန်ကျန်ရှိသော မြို့နယ်များတွင် အမြန်ဖွင့်လှစ်နိုင်ရေးအတွက် OSS ရုံးများထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအနေဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏အကြံပြုချက်များကိုလည်း အလေးထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၀။ ပြည်သူ့ဝန်ဆောင်မှုရုံးများ(OSS)ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်သူများအနေဖြင့် မိမိတို့ရယူလိုသော ဝန်ဆောင်မှုကိစ္စရပ်များကို ဌာနဆိုင်ရာအသီးသီးတို့တွင် အချိန်ကုန်ခံ/ငွေကုန်ခံ၍ သွားရောက်ဆောင်ရွက်ရန်မလိုတော့ဘဲ OSS ရုံးတစ်ခုတည်း(တစ်နေရာတည်း)တွင် အချိန်ကုန်၊ ငွေကုန်သက်သာစွာ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်းနှင့် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချ၍ ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူများ၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**One Stop Shops(OSS) ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး**
**လုပ်ငန်းကော်မတီ**

## အနာဂတ်နိုင်ငံတော်၏ ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းအရ အလျင်အမြန်အဖြေရှာဆောင်ရွက်သွားကြရန် အရပ်ဘက်လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးဖိုရမ်(CSFoP)က အဆိုပြု

**နေပြည်တော် ဒီဇင်ဘာ ၇**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် လက်ရှိအစိုးရသက်တမ်းအတွင်း နိုင်ငံတော်မှ တာဝန်ရှိသူများနှင့် အလျင်အမြန်တွေ့ဆုံ၍ အနာဂတ်နိုင်ငံတော်၏ ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းအရ အဖြေရှာဆောင်ရွက်သွားကြရန် အရပ်ဘက်လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်(CSFoP)က နိုဝင်ဘာ ၂၈ ရက်က ကြေညာချက်တစ်ရပ် ထုတ်ပြန်အဆိုပြုခဲ့ကြောင်း သိရသည်။

အဆိုပါကြေညာချက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲသို့ ဦးတည်၍ ကြိုးပမ်းနေသည်ကို အသိအမှတ်ပြုကြောင်း၊ သို့သော်လည်း လက်ရှိအခြေအနေတွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတည်ရှိရာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ဒေသအချို့၌ တိုက်ပွဲများ ဖြစ်ပွားနေခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကို ထိခိုက်နိုင်ကြောင်း၊ ထို့ကြောင့် နှစ်ဖက်တိုက်ခိုက်ခြင်းများကို ရပ်တန့်ပေးရန်နှင့် ငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးမှု နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာ ဆောင်ရွက်သွားကြရန် အဆိုပြုကြောင်း ဖော်ပြထားသည်။

အရပ်ဘက် လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ် (CSFoP)ကို ၂၀၁၂ ခုနှစ် ဩဂုတ်လက စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်အား ထိရောက်စွာ အထောက်အကူပြုနိုင်ရန်အတွက် လူထုအခြေပြုအဖွဲ့အစည်းများ ဦးဆောင်သည့် ဆွေးနွေးပွဲများ ပေါ်ပေါက်လာရေး၊ ပြည်သူတို့၏ လုံခြုံရေးအပါအဝင် လိုအပ်ချက်များကို ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အရေးယူထည့်သွင်းဆုံးဖြတ်ပေးနိုင်ရေးရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၇**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**(မိုး/ဇလ)**

# အဂတိသံသရာ

မေနိုင်း

### အဂတိလိုက်စားမှုဘာကြောင့်ဖြစ်ရလဲ ...

တာဝန်ပေးထားခြင်းခံရသူတစ်ဦးက ၎င်း၏ ပုဂ္ဂလိကအကျိုးအလို့ငှာ အာဏာကိုအလွဲသုံးစားပြုခြင်းကို အဂတိလိုက်စားမှု (Corruption) ဟု ဆိုနိုင်ပြီး အများဆုံးဖြစ်ပေါ်နိုင်သည့် အဂတိလိုက်စားမှု (Bribery) ပုံစံမှာ လာဘ်ပေးလာဘ်ယူခြင်းပင်ဖြစ်သည်။ လာဘ်ပေးလာဘ်ယူမှုဟုဆိုရာတွင် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဆောင်ရာ၌ မရိုးမသားလုပ်ဆောင်ရန်၊ တရားမဝင်လုပ်ဆောင်ရန် သို့မဟုတ် စည်းချိုးဖောက်ရန် မက်လုံးပေးသည့်အနေဖြင့် ငွေ၊ တံစိုးလက်ဆောင် သို့မဟုတ် အခြားအခွင့်အရေးများပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းဟု ယေဘုယျအားဖြင့် မှတ်ယူနိုင်ပါသည်။

### အဂတိလိုက်စားခြင်းဆိုသည်မှာ

နိုင်ငံတကာမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင်မူ အဂတိလိုက်စားမှုကို အတန်းအစားနှစ်မျိုး သတ်မှတ်ထားပြီး အနိမ့်စားအဂတိ (Low-level Corruption) နှင့် အထက်တန်းစားအဂတိ (Grand Corruption)တို့ဖြစ်ပါသည်။ အနိမ့်စားအဂတိ (Low-level Corruption) ဆိုသည်မှာ အရပ်စကား "လက်ဖက်ရည်ဖိုး"ပေးခြင်းကို ဆိုလိုခြင်းဖြစ်ပြီး အထက်တန်းစားအဂတိ (Grand Corruption) ဆိုသည်မှာ နိုင်ငံရေးသမားများ၊ အာဏာရှိပုဂ္ဂိုလ်များသို့ ပမာဏမြောက်မြားစွာပေးခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ယင်းနှင့်စပ်ဆက်၍ စီမံခန့်ခွဲရေးလုပ်ငန်းများဆိုင်ရာ အဂတိ (Administrative Corruption)၊ အာဏာပိုင်လူတန်းစား ဆွေမျိုးကောင်းစားရေး (Bureaucratic Nepotism)၊ ကိုယ်ကျိုးစီးပွားရေးအလို့ငှာ အာဏာသုံး၍ဆောင်ရွက်ခြင်း (State Capture)၊ နိုင်ငံ၏ စွမ်းအင်အရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် အာဏာသုံး၍ ကိုယ်ကျိုးအလို့ငှာဆောင်ရွက်ခြင်း (Prebendal Predation and Kleptocracy) ဟူ၍ ခွဲခြား သတ်မှတ်ထားကြောင်း ကမ္ဘာ့ဘဏ် (World Bank)အဖွဲ့အစည်းမှ အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

အဂတိလိုက်စားမှုဘယ်လိုနိုင်ငံတွေမှာ ဖြစ်နိုင်ပါသလဲဟုဆိုပါလျှင် ဖွံ့ဖြိုးပြီးနိုင်ငံမှာလည်းရှိသည်၊ ဖွံ့ဖြိုးဆဲနိုင်ငံမှာလည်းရှိသည်၊ ဖွံ့ဖြိုးဆဲနိုင်ငံမှာတော့ ပိုမိုသည့်နှုန်းထားများဖြင့် ဖြစ်ပွားလျက်ရှိနေပါသည်။

### မြန်မာနှင့် အဂတိလိုက်စားမှုအခြေအနေ မည်သို့ရှိနေသနည်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး သဘောတူညီမှုစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၄၈ခုနှစ်က ပြဋ္ဌာန်းခဲ့သော အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရုပ်သိမ်းခဲ့ပြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်လည်း အစိုးရပြုပြင်ပြောင်းလဲခြင်းကို အဆင့် ပိုမိုခိုင်မာလာစေရန်အတွက် United Nations Convention Against Corruption(UNCAC) အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဥပဒေအမှတ်၊ ၃၂ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါသည်။

လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်သည့်တိုင်စာများကို ကော်မရှင်မှ တိုက်ရိုက်စစ်ဆေး တရားစွဲအရေးယူခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်လည်းကောင်း၊ ဌာနဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ကော်မရှင်အနေဖြင့် နေပြည်တော်ရှိ ပြည်ထောင်စု ဝန်ကြီးဌာန ၃၀ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များတည်ရှိရာ မြို့ကြီးများရှိ ဝန်ထမ်းအဖွဲ့အစည်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများ ပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုများ အထိုက်အလျောက် အောင်မြင်မှုရှိသည်ဟု သုံးသပ်ရရှိပါကြောင်း နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ပြောကြားခဲ့ပါသည်။

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကုလသမဂ္ဂဆိုင်ရာ United Nations Office on Drugs and Crime (UNODC) အဖွဲ့တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။


အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းဆိုင်ရာ သဘောတူစာချုပ်သည် အဖွဲ့ဝင်အဆင့် နိုင်ငံများတွင် လက်တွေ့အကောင်အထည်ဖော်မှုအပေါ် မူတည်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရာတွင် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍများအနေဖြင့်လည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုများအား စောင့်ကြည့်အကဲဖြတ်လျက်ရှိသည့် Non-Government Organization အဖွဲ့ ဖြစ်သော နိုင်ငံတကာပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International)မှ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အညွှန်းကိန်း(Corruption Perception Index-CPI 2014) အရ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၅ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံမှာ အဆင့် ၁၅၆ ရရှိလာခဲ့ပြီ ဖြစ်ပါသည်။ ယခင် ၂၀၁၃ ခုနှစ်တွင် အဆင့် ၁၅၇ ၊ ၂၀၁၂ ခုနှစ်တွင် အဆင့် ၁၇၂ ၊ ၂၀၁၁ ခုနှစ်တွင် အဆင့် ၁၈၀ တို့မှ တိုးတက်လာခြင်းဖြစ်ကြောင်း၊ လေးနှစ်တာအတွင်း အဆင့် ၂၄ ဆင့် တိုးတက်လာခြင်းဖြစ်ကြောင်းလည်း သုံးသပ်တွေ့ရှိရပါသည်။ အဆိုပါ အဆင့် ၁၅၆ ကို မြန်မာနိုင်ငံနှင့် ကမ္ဘောဒီယားနိုင်ငံတို့ ပူးတွဲရရှိခြင်းဖြစ်ပါသည်။ အာဆီယံနိုင်ငံများအား နှိုင်းယှဉ်လေ့လာကြည့်ရာတွင်လည်း အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်-

| နိုင်ငံ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ |
|---|---|---|---|---|---|
| ဘရူနိုင်း | ၃၈ | ၄၄ | ၄၆ | ၃၈ | – |
| ကမ္ဘောဒီးယား | ၁၅၄ | ၁၆၄ | ၁၅၇ | ၁၆၀ | ၁၅၆ |
| လာအို | ၁၅၄ | ၁၅၄ | ၁၆၀ | ၁၄၀ | ၁၄၅ |
| မလေးရှား | ၅၆ | ၆၀ | ၅၄ | ၅၃ | ၅၀ |
| မြန်မာ | ၁၇၆ | ၁၈၀ | ၁၇၂ | ၁၅၇ | ၁၅၆ |
| စင်ကာပူ | ၁ | ၅ | ၅ | ၅ | ၇ |
| ထိုင်း | ၇၈ | ၈၀ | ၈၈ | ၁၀၂ | ၈၅ |
| အင်ဒိုနီးရှား | ၁၁၀ | ၁၀၀ | ၁၁၈ | ၁၁၄ | ၁၀၇ |
| ဖိလစ်ပိုင် | ၁၃၄ | ၁၂၉ | ၁၀၅ | ၉၄ | ၈၅ |
| ဗီယက်နမ် | ၁၁၆ | ၁၁၂ | ၁၂၃ | ၁၁၆ | ၁၁၉ |

**အရင်းအမြစ်။ ။ Corruption Perceptions Index 2014**

အဂတိလိုက်စားမှုပပျောက်ရေးသည် အစိုးရတွင်သာ တာဝန်ယူမှုတာဝန်ခံမှု (Accountability) ရှိသည်မဟုတ်၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များတွင်လည်း တာဝန်ရှိသည်ဟု သုံးသပ်မိပါသည်။ အပေးရှိ၍သာ အယူရှိသည်။ ပေးသူ ယူသူနှစ်ဦးနှစ်ဖက်လုံးကို တားဆီးနိုင်ပါမှ ထိရောက်သည့် ဆောင်ရွက်မှုဖြစ်လာပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါသည်။ ယင်းတာဝန်ယူမှု တာဝန်ခံမှုနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ် (World Bank) ၏ ရှင်းလင်းချက်တွင် နိုင်ငံရေးသမား၊ ဌာနဆိုင်ရာအဖွဲ့အစည်း၊ နိုင်ငံသားများသုံးဦးသုံးဖလှယ်၏ မျှတစွာ တာဝန်ယူမှုရှိမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် နိုင်ငံသားတို့၏ အခန်းကဏ္ဍသည် ပိုမိုအရေးကြီးကြောင်း၊ အမှန်တကယ် စိတ်ဆန္ဒရှိရန်လိုအပ်ကြောင်း အောက်ဖော်ပြပါပုံအရ တွေ့ရှိရပါသည်-




**အရင်းအမြစ်။ ။ Adopted from World Bank (2004) 6-10**

United Nations Economic and Social Commission for Asia and the Pacific (UNESCAP)၊ Mekong Institute နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် Myanmar Business Survey တွင်လည်း အဂတိလိုက်စားမှုသည် အဓိကကျသည့် စိန်ခေါ်မှုတစ်ခုအဖြစ် လေ့လာတွေ့ရှိရကြောင်း ဆိုထားသည်။ ယင်းလေ့လာမှုသည် လုပ်ငန်းပေါင်း ၃၀၀၀ ကို စစ်တမ်းကောက်ယူခြင်းဖြစ်ပြီး အဆိုပါစစ်တမ်းတွင် သတ္တုနှင့် စွမ်းအင်ကဏ္ဍများတွင် အဂတိလိုက်စားမှု အများဆုံးဖြစ်ကြောင်း၊ လက်ရှိတွင် လာဘ်ပေးလာဘ်ယူဆောင်ရွက်နေသော လုပ်ငန်းအရေအတွက်သည် အဂတိလိုက်စားမှုအား လုံးဝလက်မခံလိုသည့် လုပ်ငန်းအရေအတွက်ထက် များပြားကြောင်း စစ်တမ်းအရ လေ့လာတွေ့ရှိရပါသည်။ အောက်ဖော်ပြပါပုံများတွင် အနီရောင်ဖြင့် ပြသထားသောအရေအတွက်မှာ လာဘ်ပေးလာဘ်ယူမှု ဆောင်ရွက်နေသည့် အရေအတွက်ဖြစ်ပြီး၊ အပြာရောင်ဖြင့် ပြသထားသောအရေအတွက်မှာ အဂတိလိုက်စားမှုအား လုံးဝလက်မခံလိုသည့် လုပ်ငန်းအရေအတွက်ပင်ဖြစ်ပါသည်။

Corruption and bribery, Fig 1- by sector, Fig – 2 by size of firm




### အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် နမူနာကောင်းတစ်ခု

၂၀၀၀ ခုနှစ်တွင် ဟောင်ကောင်၌ ဆောင်ရွက်ခဲ့သည့် Anti-Corruption Strategy သည် လေ့လာသင့်သည့် နမူနာကောင်းတစ်ခုဖြစ်ကြောင်း တင်ပြလိုပါသည်။ ဟောင်ကောင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်မှာ ပြင်ပ အဖွဲ့အစည်းများကို စောင့်ကြည့်လေ့လာခြင်း၊ ဒုတိယအဆင့် အတွင်း အဖွဲ့အစည်းများကို စောင့်ကြည့်လေ့လာခြင်း၊ တတိယအဆင့် အဓိကပြဿနာများကို သတ်မှတ်ခြင်းနှင့် စတုတ္ထအဆင့် မဟာဗျူဟာချမှတ်ခြင်းတို့ ဖြစ်ကြပါသည်။

ပထမဆင့်တွင် နိုင်ငံရေးပတ်ဝန်းကျင်ကို လေ့လာခြင်း၊ စီးပွားရေးပတ်ဝန်းကျင်ကို လေ့လာခြင်း၊ လူမှုရေးပတ်ဝန်းကျင်ကို လေ့လာခြင်း၊ ဥပဒေများကိုလေ့လာခြင်းဟူ၍ အပိုင်း(၄)ပိုင်း သတ်မှတ်ပါသည်။ နိုင်ငံရေးပတ်ဝန်းကျင်ကို လေ့လာရာတွင် နိုင်ငံရေးသမားမှ အမှန်တကယ်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒရှိမရှိကို လေ့လာဆန်းစစ်ပြီး စီးပွားရေးပတ်ဝန်းကျင်ကို လေ့လာရာ၌ ပြည်သူ့ဝန်ထမ်းများ၏ လစာငွေသည် ပုဂ္ဂလိကကဏ္ဍမှ လစာနှင့်နှိုင်းယှဉ်၍ လုံလောက်မှုရှိမရှိ၊ နိုင်ငံတော်ဘတ်ဂျက်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးရန်ပုံငွေအတွက် လုံလောက်စွာသုံးစွဲမှုရှိမရှိ နှင့် စီးပွားရေးလုပ်ငန်းရှင်များမှ မည်မျှပါဝင်ပတ်သက်မှုရှိနေသည်ကို လေ့လာခဲ့ပါသည်။ လူမှုရေးပတ်ဝန်းကျင်ကို လေ့လာခြင်းတွင်လည်း နိုင်ငံသူ နိုင်ငံသားများ၏ ခံယူချက်များ၊ တိုက်ဖျက်ရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်လိုခြင်း ရှိ မရှိနှင့် ပညာပေးမှုမည်မျှရှိသည်ကို လေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဥပဒေများကို လေ့လာခြင်းတွင်လည်း လက်ရှိဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများသည် လုံလောက်မှုရှိ မရှိ လေ့လာဆန်းစစ်ခဲ့ပါသည်။

စာမျက်နှာ ၇ သို့

*✻ ရှေ့ဖုံးမှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့အကြားတွင် ချုပ်ဆိုခဲ့သည့် NCA စာချုပ်အား အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ၊ ပြည်တွင်း ပြည်ပ အသိသက်သေများနှင့် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နိုင်ငံတော်ကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်သည့် အကြောင်းတရားဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု မရှိပါက တည်ဆဲဥပဒေများသည်လည်း သက်ဝင်လှုပ်ရှားမှု မရှိနိုင်ပါကြောင်း၊ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ပြည်တွင်းပဋိပက္ခများကြောင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ရသကဲ့သို့ နယ်စပ်ဒေသများတွင် သိသာထင်ရှားသည့် ပြောင်းလဲတိုးတက်မှုများ မရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကို နိုင်ငံသားအားလုံး လိုလားနေသကဲ့သို့ နယ်စပ်ဒေသများရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွက်လည်း အထူးမျှော်လင့်နေသည့် ကိစ္စဖြစ်ပါကြောင်း။

ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ထွက်ပေါ်လာခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း၊ အဆိုပါ စာချုပ်ထွက်ပေါ်လာအောင် ဦးဆောင်ပေးခဲ့သည့် နိုင်ငံတော်အစိုးရနှင့် ဆွေးနွေးပေးခဲ့ကြသည့် အဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

**အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က** တစ်နေရာတွင် စစ်မဖြစ်ပါက အဆိုပါတစ်နေရာ ငြိမ်းချမ်းရေးရပါကြောင်း၊ တစ်နယ်တစ်ဒေသ ငြိမ်းချမ်းမှုကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ငြိမ်းချမ်းမှုကိုဖြစ်စေ၊ တစ်ဝက်ပဲ ငြိမ်းချမ်းသည်ဖြစ်စေ ငြိမ်းချမ်းရေးဆောင်ရွက်မှုကို လက်ခံရမည်ဖြစ်ပါကြောင်း၊ အားလုံးညီမှ စရမည်ဆိုပါက စဖို့လွယ်မည်မဟုတ်ပါကြောင်း၊ အလွယ်ဆုံးစနိုင်သည့် အလုပ်မှ တဖြည်းဖြည်းချင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ ပြည်သူ့အရေးဖြစ်ပြီး အဆိုပါ ငြိမ်းချမ်းရေးကို ရောက်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဒသမမြောက်နေ့အစည်းအဝေးကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အထူးအစည်းအဝေး ဆက်လက်ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၇**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး(၃/၂၀၁၅) ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၃ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြသထားသော မေးခွန်းလေးခုကိုမေးမြန်းခဲ့ရာ မေးခွန်းသုံးခုမှာ လုပ်ငန်းဆောင်ရွက်ပြီးဖြစ်၍ ကျန်ရှိသောမေးခွန်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားသည်။

ယင်းနောက် လွှတ်တော်သို့ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်း (လျာထားချက်)နှင့် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်)ကို လွှတ်တော်၏ သဘောတူညီမှုကိုရယူ၍ အတည်ပြုသည်။

**(သတင်းစဉ်)**

# ကျန်းမာရေးလူ့စွမ်းအားထုအမျိုးမျိုးကို လုံလောက်စွာမွေးထုတ်ပေးနိုင်ရေးသည် အရေးကြီး

**နေပြည်တော် ဒီဇင်ဘာ ၇**




ပြည်သူလူထုအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လိုအပ်သော ဆရာဝန်၊ သူနာပြု၊ အခြေခံကျန်းမာရေး ဝန်ထမ်းများအပါအဝင် ကျန်းမာရေးလူ့စွမ်းအားစုအမျိုးမျိုးကို နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ကိုက်ညီ၍ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန် လုံလောက်စွာမွေးထုတ်ပေးနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသော Consultative Meeting on Rural Rentention and Transformative Education for Health အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပြောကြားသည်။ **(အပေါ်ယာပုံ)**

ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်၊ ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်သည့် ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေများနှင့် လိုက်လျောညီထွေရှိမည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအားစုများကို လုံလောက်စွာ မွေးထုတ်ပေးနိုင်ရန်အတွက် မိမိနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုနည်းစနစ်နှင့် သင်ထောက်ကူ ပစ္စည်းအသုံးပြုမှုများ၊ ဆရာများ၏ အရည်အသွေးတိုးတက်အောင် စီမံခန့်ခွဲမှုများ၊ ဝေးလံဒေသများတွင် တာဝန်ထမ်းဆောင်နိုင်ရန် အစီအမံများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် စီမံအုပ်ချုပ်မှုစနစ်နှင့် စီမံကိန်းများရေးဆွဲခြင်း အစရှိသည်များကို ပြန်လည်သုံးသပ် ဆွေးနွေးကြရန်ဖြစ်ကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ၊ ဆေးပညာသင်ကြားရေးဆိုင်ရာတို့တွင် ဟန်ချက်ညီညီဖြစ်စေရန်အတွက် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ကာ ပြုပြင်ပြောင်းလဲရန်ရှိသည်များကို အဓိကထား ဆွေးနွေးကြရန် ဖြစ်ပါကြောင်းဖြင့် ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါ အစည်းအဝေးသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

" Action Plan for 2015-2016 on Strengthening Human Resources for Health in South East Asia" အပေါ် အခြေခံကာ ဘူတန်နိုင်ငံ သင်ဖူးမြို့၌ ကျင်းပခဲ့သော Regional Meeting on Strengthening Human Resources for Health in South East Asia" အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန် အကြံပြု ဆွေးနွေးအတည်ပြုခြင်းများကို ယခုအစည်းအဝေးတွင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီ ကော်မတီဝင် ဒေါ်ခင်စန်းဝေ ခေါင်းဆောင်သည့် ပါတီဝင် ၈၅ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တိုင်းထွာချက်အရ ထူးခြားသည့်ညအပူချိန်များမှာ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့၌ ၆ ဒီဂရီစင်တီဂရိတ်စီ၊ ပြင်ဦးလွင်မြို့၌ ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

*စာမျက်နှာ ၆ မှ*

ဒုတိယအဆင့်ဖြစ်သော အတွင်းအဖွဲ့အစည်းများကို စောင့်ကြည့်လေ့လာခြင်းတွင် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုစနစ်များ၊ နိုင်ငံဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးအစီအစဉ်များ၊ ပညာရှင်များခန့်ထားမှု၊ စီမံခန့်ခွဲမှုပုံစံ၊ စံနမူနာပြခေါင်းဆောင်ကောင်း စသည်တို့ကို လေ့လာခဲ့ခြင်း၊ တတိယအဆင့် အဓိကပြဿနာများကို သတ်မှတ်ခြင်း၊ စတုတ္ထအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး စီမံကိန်းကိုရေးဆွဲခြင်း စသည်တို့ကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ စီမံကိန်းအရ Hong Kong Anticorruption Agency ကို တည်ထောင်ခဲ့၍ ယင်း Agency မှ သုံးနားညီမဟာဗျူဟာ Three Pronged Strategy ကိုချမှတ်ခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေး၊ တားဆီးရေးနှင့် ပညာပေးခြင်း စသည့် အစီအစဉ်(၃)ရပ်ကို ချမှတ်ခဲ့ပြီး အစီအစဉ်တစ်ခုချင်းစီအလိုက် လွတ်လပ်စွာအကောင်အထည်ဖော်စေခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေးဌာနသည် စုံစမ်းစစ်ဆေးရေးကိစ္စများကို ဆောင်ရွက်သည့်ဌာနဖြစ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဌာနမှ အဂတိလိုက်စားမှုများမည်ကဲ့သို့ဖြစ်ပွားသည်၊ မည်ကဲ့သို့ ရှောင်ရှားသည်ကို လေ့လာသည့်ဌာနဖြစ်ပါသည်။ ပြည်သူ့ဆက်ဆံရေးဌာနသည် အဂတိလိုက်စားမှုပပျောက်ရေးအတွက် အသိပညာပေးခြင်းကို ဆောင်ရွက်သည့်ဌာနဖြစ်၍ ဝန်ထမ်းခန့်ထားမှုမှာလည်း စွမ်းဆောင်ရည်မြင့်မားပြီး စုံစမ်းစစ်ဆေးမှုများ ထိရောက်စွာလုပ်ကိုင်နိုင်သူများကို ခန့်ထားပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးသည့် ဌာနဖြစ်ပါသည်။ နှစ်စဉ် အစီရင်ခံစာများကို ထုတ်ပြန်ပြီး မီဒီယာများကလည်း အသိပညာပေးဇာတ်လမ်းတွဲများကို ထုတ်လွှင့်ပြသသည်။ မူကြိုမှစ၍ တက္ကသိုလ်အထိ လူမှုကျင့်ဝတ်ပညာပေးသင်ကြားခြင်းကို ထည့်သွင်းထားပြီး ပြင်ပမှ စိတ်ပါဝင်စားသူများပါဝင်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကလပ်ကို ဖွဲ့စည်းပြီး ယင်းကလပ်တွင် voluntary ပါဝင်လိုသူများက ပါဝင်ကြ၍ ပညာပေးအစီအစဉ်များကို ဆောင်ရွက်ပေးနိုင်ကြပါသည်။ လူမှုကျင့်ဝတ်မှန်ကန်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း Ethic Development Center ကို တည်ထောင်ကာ လူ့ကျင့်ဝတ်မှန်ကန်ရေးအစီအစဉ်များကို ဆောင်ရွက်ပါသည်။ သက်ဆိုင်ရာ Website များမှတစ်ဆင့်လည်း အသိပညာပေးခြင်း၊ တိုင်ကြားနိုင်ခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

အကောင်အထည်ဖော်ရာတွင်လည်း ပုဂ္ဂလိကမှ ပါဝင်သူများအပြင် ဌာနဆိုင်ရာမှ ပါဝင်သူများ နှစ်ဦးနှစ်ဖက်စလုံးကို ဖော်ထုတ်အရေးယူခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ အစိုးရဘတ်ဂျက်၏ ၀ ဒသမ ၃ ရာခိုင်နှုန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးရန်ပုံငွေအဖြစ် အသုံးပြုခဲ့ပြီး ယင်းပမာဏသည် GDP ၏ ၀ ဒသမ ၀၅ ရာခိုင်နှုန်းရှိပါကြောင်း တွေ့ရှိရပါသည်။ ၂၀၁၃ ခုနှစ် Corruption Perceptions Index တွင် ဟောင်ကောင်သည် အဆင့် ၁၇ တွင် ရပ်တည်လျက်ရှိရာ အောင်မြင်ခဲ့သည့် စီမံကိန်းဖြစ်ခဲ့ပါသည်။ နိုင်ငံတိုင်းတွင် လုပ်ဆောင်ရန်ခက်ခဲသော ယင်းအစီအစဉ်ကို ဆောင်ရွက်ရာ၌ အများက "Mission Impossible" စီမံကိန်းဟုပင် ခေါ်တွင်ခဲ့ကြကြောင်း၊ သို့ရာတွင် ယင်းစီမံကိန်းသည် အအောင်မြင်ဆုံးသော စံနမူနာပြ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်ဖြစ်ခဲ့သည်မှာ သာဓကတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံ၌ အဂတိလိုက်စားမှုပပျောက်ရေးကို ဆောင်ရွက်ရာ၌ အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် ပြည်သူပြည်သားအားလုံး ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**"အကျင့်ပျက်ခြစားမှုသည် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ခြိမ်းခြောက်မှုကြီးတစ်ရပ်ဖြစ်သည်။"**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အစိုးရအောင်ဘာလေထီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး ဆက်လက်ဆောင်ရွက်ရန် အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ကျင်းပရာ အစီရင်ခံစာလေးခု တင်ပြဆွေးနွေးခြင်း၊ ဥပဒေကြမ်း ခြောက်ခုကို ဖတ်ကြားရှင်းလင်းခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့ငွေစာရင်း ကော်မတီအတွင်းရေးမှူး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်တိုးက ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် တောင်တွင်းကြီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက ရှင်းလင်းတင်ပြပြီး အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်



ထီးချိုင့်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး အဆိုတင်သွင်းစဉ်။

ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး ဒသမနေ့တွင် တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ်က ဆွေးနွေးသည်။

ယင်းနောက် အဆိုပါ အစီရင်ခံစာကို သဘောတူလက်ခံရန်အတွက် ဉတ္တရသီရိ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူက အဆိုတင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူကာ မှတ်တမ်းတင်သည်။

ထို့နောက် အစည်းအဝေး ဒသမနေ့တွင် တင်ပြခဲ့သည့် **ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး**ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် မိုင်းယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်းက အဆိုတင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **"ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ကျိုင်းတုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းကာ ယင်းဥပဒေကြမ်းကို ပြင်ဆင်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းရန် ကြေညာသည်။



ကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် ထောက်ခံဆွေးနွေးစဉ်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ပိုးသတ်ဆေးဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေး တင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် မော်လမြိုင် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းကာ ယင်းဥပဒေကြမ်းကို ပြင်ဆင်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းရန် ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်း မပြုဘဲ ပြန်လည်ပေးပို့သော **"စက်မှုလုပ်ငန်းဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက အစီရင်ခံစာတင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူကာ ဆက်လက်ဆောင်ရွက်ရန် အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော "အစိုးရ အောင်ဘာလေထီဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြကာ ဥပဒေကြမ်းကော်မတီဝင် တမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေက အစီရင်ခံစာ တင်ပြသည်။

ထို့နောက် ယင်းဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး ဆက်လက်ဆောင်ရွက်ရန်အတွက် အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော "အစိုးရ အောင်ဘာလေထီဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးက အဆိုတင်သွင်းပြီး ကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် အဆိုပါဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး ဆက်လက်ဆောင်ရွက်ရန် အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော "ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်း ကော်မတီဝင် ကယားပြည်နယ် ဒီးမော့ဆို မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်က အစီရင်ခံစာ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို လတ်တလော ဆောင်ရွက်ခြင်း မပြုရန်အတွက် အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူသေဆုံးမှုမျိုးထပ်မံမဖြစ်ပွားရေး ကြိုတင်ကာကွယ်စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ဖားကန့်ဒေသ၌ မြေစာတောင်ပြို၍ လူသေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် အဆိုအား ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားသည့် **ကချင်ပြည်နယ် ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူသေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ **ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း**က ဖားကန့်မြို့နယ်တွင် စုပေါင်းမြေစာပုံ ၁၁ နေရာ သတ်မှတ်ဆောင်ရွက်ထားသည်ကို တွေ့ရပါကြောင်း၊ စုပေါင်းမြေစာပုံများကို အနည်းဆုံး ဧက ၃၀ မှနေ၍ ဧက ၂၀၀ အထိ သတ်မှတ်ထားပါကြောင်း။

အချို့ကုမ္ပဏီများသည် စွန့်ပစ်မြေစာများကို သတ်မှတ်ထားသည့် စုပေါင်းမြေစာပုံများ၌ စွန့်ပစ်ခြင်းမရှိဘဲ လုပ်ကွက်အတွင်းတွင် စွန့်ပစ်မှုများရှိပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်**



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမြအုန်း ဆွေးနွေးစဉ်။

က ယခုဖြစ်စဉ်၌ ကြပ်မတ်ပုံဖော်သည့်ဘက်တွင် အားနည်းချက်များရှိပြီး လိုက်နာရမည့် ပြည်သူလူထုဘက်တွင်လည်း အားနည်းချက်များ ရှိပါကြောင်း၊ ယခုကဲ့သို့မြေပြိုမှုများကို စီမံခန့်ခွဲမှု၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လိုက်နာနိုင်မှုများဖြင့်သာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်**က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် အခြေခံလူတန်းစားနိုင်ငံသားများအတွက် လက်လုပ်လက်စား တစ်ပိုင်တစ်နိုင်လုပ်ပိုင်ခွင့် ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲသည့်နေရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ ပျက်စီးမှုနည်းပါးအောင် ဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးစဉ်။

သင့်ပါကြောင်း၊ ထို့ပြင် သယံဇာတ တူးဖော်ထုတ်လုပ်သည့် နေရာများတွင် ပြန်လည်အစားထိုးစိုက်ပျိုးထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေများ ထူထောင်ထားရှိခြင်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ၂၁ ရက်အတွင်း ပြန်လည်ဖြေရှင်း ဆွေးနွေးနိုင်သည့်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လာရောက်ဆွေးနွေးနိုင်သည့် နေ့ရက်တွင် လွှတ်တော်၏ အဆုံးအဖြတ် ရယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။ **(သတင်းစဉ်)**

# တောအုပ်များသည် သစ်တောပြုစုထိန်းသိမ်းရေးနှင့် တရားမဝင်သစ်ထုတ်မှုများ ဖော်ထုတ်ဖမ်းဆီးရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှပါဝင်

**နေပြည်တော် ဒီဇင်ဘာ ၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ တောအုပ်များ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆရာဖြစ်သင်တန်းကို သစ်တောသုတေသနဌာန(ရေဆင်း)၌ ယနေ့ နံနက် ၈ နာရီတွင်ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် ဒုတိယဝန်ကြီးက ယခုသင်တန်းသည် သစ်တောလုပ်ငန်းများကို မြေပြင်၌ လက်တွေ့အကောင်အထည်ဖော်နေရသည့် တောအုပ်အဆင့်ဝန်ထမ်းများကို ပြောင်းလဲလာသည့် ခေတ်စနစ်၊ နည်းပညာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန်အတွက် တစ်ဆင့်ပြန်လည်သင်ကြားပေးရမည့် ဆရာဖြစ်သင်တန်းတစ်ခုပင်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် တောအုပ်များသည် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၊ တရားမဝင်သစ်ထုတ်မှုများ ဖော်ထုတ်ဖမ်းဆီးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ရေးလုပ်ငန်းများတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် တောအုပ်အဆင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်ခံယူချက်များ ကောင်းမွန်စေရန် လိုအပ်ပါကြောင်း၊ ယခုသင်တန်းကို လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိနှင့် တကွ အဖွဲ့အစည်းတစ်ရပ်လုံး၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများ စီမံဆောင်ရွက်တတ်စေရန်၊ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များ လုပ်ထုံးလုပ်နည်းများနှင့် အတွေ့အကြုံဗဟုသုတများ တိုးပွားလာ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောအုပ်များအား ပြန်လည်ဖြန့်ဝေနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**(မြန်မာ့အလင်း)**

# အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်၍ ၁၀ ဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပုလဲ-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ်(၄၆/၅)အနီး၌ ဒီဇင်ဘာ ၆ ရက် ညနေ ၆ နာရီခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ကန့်ဒေါင့်ရဲကင်းစခန်းမှ စစ်ဆေးချက်အရ ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာမှ မြိုင်မြို့နယ် ပျဉ်းဝင်းကျေးရွာသို့ ဝင်းစိုး (၄၅ နှစ်) မောင်းနှင်ပြီး ခရီးသည်ကိုးဦး တင်ဆောင်လိုက်ပါလာသည့် ထော်လာဂျီအစိမ်းရောင်ယာဉ်သည် တိုက်ရေ့ပြုတ်ပြီး အရှိန်မထိန်းနိုင်ဘဲ အဆိုပါလမ်းပေါ်၌ တိမ်းမှောက်ခဲ့၍ ယာဉ်မောင်း ဝင်းစိုးနှင့် ပျဉ်းဝင်းကျေးရွာနေ ဦးဆန်းဝင်း(၄၀နှစ်)ပါ ကိုးဦးတို့ ဒဏ်ရာများရရှိခဲ့သဖြင့် ဝင်းစိုးအား ပုလဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

**ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ယနေ့နံနက်ပိုင်းမှစတင်ကာ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ကျင်းပ၍ ရောင်းချလျက်ရှိရာ လာရောက်လေ့လာ ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ (ယာပုံ)**



ရတနာ ကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ ပရိဝုဏ်အတွင်း ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် မြန်မာကျပ်ငွေဖြင့် ရောင်းချပေးမည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များကို ကြည့်ရှုရွေးချယ်ကြသည်။

အဆိုပါပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ (GTC) လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင် အသင်းဝင်နိုင်ငံသားများကို တက်ရောက်ခွင့်ပြုထားကြောင်း သိရသည်။



ကြမ်းခင်းဈေး မြန်မာငွေကျပ် သန်းတစ်ရာရှိသော Lot No.2223 အလေးချိန် ၂၁၂ ကီလိုဂရမ်ရှိသော ကျောက်စိမ်းအသားကျောက်တုံးကို တွေ့ရစဉ်။ ဓာတ်ပုံ-ခွန်(ဝင်းပ)

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ယူရိုငွေဖြင့် ရောင်းချသည့် ကျောက်မျက်ပြပွဲနှင့် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့် ရောင်းချပွဲဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ကျင်းပပေးလျက်ရှိသည်။

ယခု ကျောက်မျက်ပြပွဲတွင် ကျောက်မျက်ရိုင်း ၁၅၂ တွဲနှင့် ကျောက်စိမ်း အသားကျောက် ၆၈၂၆ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်မျက်ရိုင်း ၁၅၂ တွဲကို ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကြည့်ရှုလေ့လာ၍ ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများသို့ထည့်သွင်းနိုင်ပြီး ဒီဇင်ဘာ ၉ ရက်တွင် အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောက်စိမ်း အသားကျောက် ၆၈၂၆ တွဲကို ဒီဇင်ဘာ ၇ ရက်၊ ၈ ရက်၊ ၉ ရက်တို့တွင် ကြည့်ရှုလေ့လာ၍ ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများသို့ ထည့်သွင်းရမည်ဖြစ်ကာ ဒီဇင်ဘာ ၁၀ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်ကို အသိအမှတ်ပြုရမည် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသည် များစွာအရေးပါလာ

ရန်ကုန် ဒီဇင်ဘာ ၇

**မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ရွှေ့ပြေးစီမံချက် ဒုတိယအဆင့် အပိုင်း(ခ)အတွက် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပခဲ့ရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်သည်။**

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး ရွှေ့ပြေးစီမံချက်နှင့် ယနေ့အခမ်းအနားသည် နိုင်ငံအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုရေးလုပ်ငန်းယန္တရားတည်ဆောက်မှုအတွက် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်သလို မြန်မာလုပ်သားထု၏ အရည်အသွေးဖွံ့ဖြိုးရေးကို မြှင့်တင်ဆောင်ရွက်ပေးနိုင်သည့် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံရှိလုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာစေရန် အထူးပင်အရေးပါလျက်ရှိသည့် ယခုအချိန်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုင်းသည် ကျွမ်းကျင်လုပ်သားများရရှိနိုင်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ထို့ကြောင့် အနာဂတ် မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

သို့ပါ၍ မကြာမီပေါ်ထွန်းလာတော့မည့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် မြန်မာနိုင်ငံအနေဖြင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်ကို အသိအမှတ်ပြုရမည် ဖြစ်သည့်အတွက် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသည် များစွာအရေးပါလာကြောင်းနှင့် အာဆီယံနှင့် ဒေသတွင်း လုပ်သားထုကျွမ်းကျင်မှုယှဉ်ပြိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မူဝါဒသည်လည်း လွန်စွာအရေးပါကြောင်း ပြောကြားသည်။

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ရွှေ့ပြေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဂျာမန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (German International Cooperation – GIZ)၊ Swisscontact နှင့် Swiss Agency of Development and Cooperation (SDC)တို့မှ ကူညီထောက်ပံ့ပေးခဲ့ပြီး အခမ်းအနားတွင် ကျွမ်းကျင်မှုအဆင့်မီသူ ၁၃၆ ဦးနှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်သူ ၄၄ ဦးတို့ကို နိုင်ငံအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ရေးဌာန ခြောက်ခုကို နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ်များပေးအပ်ခြင်းနှင့် အစိုးရလုပ်ငန်းဌာနများနှင့် ကုမ္ပဏီ ၄၈ ခုတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

# ကန့်ဘလူအထက အာစရိယပူဇော်မည်

**ကန့်ဘလူ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အထက စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာစရိယပူဇော်ပွဲသည် ကန့်ဘလူမြို့တွင် အထက်တန်းကျောင်း စတင်ထူထောင်ခဲ့ချိန်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် ၆၀ ပြည့် အငြိမ်းစားယူခဲ့ကြသော သက်ရှိထင်ရှား ဆရာ ဆရာမကြီးများအပြင် ကန့်ဘလူမြို့ပေါ်ရှိ မူလတန်းကျောင်း ငါးကျောင်းတွင် တာဝန်ထမ်းဆောင်ကာ သက်ပြည့်အငြိမ်းစားယူသွားခဲ့ကြသည့် ဆရာ ဆရာမကြီးများကို ၂၀၁၀ ခုနှစ်မှစတင်၍ တစ်နှစ်ခြားတစ်ကြိမ် အာစရိယပူဇော်ပွဲ ကျင်းပလာခဲ့ရာ ယခုနှစ်သည် စတုတ္ထအကြိမ်မြောက် ကျင်းပမည့်ပွဲဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဆက်သွယ်တက်ရောက်ကြရန်နှင့် ကန်တော့ငွေများ ပေးပို့လိုပါက ကမ္ဘောဇဘဏ်ရှိ ကိုဉာဏ်မင်းထွန်း ဖုန်း-၀၉-၇၉၉၁၀၆၁၀၆ နှင့် ကိုမင်းလွင် ဖုန်း-၀၉-၄၀၀၄၃၄၆၄၆ တို့ ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် ၂၄၇၁ ၂၂၀၀၀၀၂၃၁ သို့ လွှဲပို့နိုင်ကြောင်း၊ ရန်ကုန်မြို့မှ လိုက်ပါမည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအတွက် သယ်ယူပို့ဆောင်ရေးကိစ္စများ အချိန်မီစီစဉ်နိုင်ရန်အတွက် ကိုဇော်ဝင်းနိုင် ဖုန်း ၀၉-၇၃၁၀၄၂၄၃၊ ကိုအောင်စံမြင့် ၀၉-၇၃၁၀၀၀၆၉ တို့သို့ ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း အာစရိယပူဇော်ပွဲ ကျင်းပ ရေးအဖွဲ့ထံမှ သိရသည်။

**(သတင်းစဉ်)**

# ဧည့်လမ်းညွှန် (အခြေခံ)သင်တန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ် (၅၀)ကို ၁-၂-၂၀၁၆ နေ့မှ ၂၅-၃-၂၀၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းဝင်ခွင့်လျှောက်လွှာများကို နိုဝင်ဘာ ၁၄ ရက်မှ လာမည့်နှစ် ဇန်နဝါရီ ၁ ရက်အထိ အမှတ် ၄၅၈/၄၆၀ မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ လက်ခံဆောင်ရွက်သွားမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်စာမေးပွဲကို ၁၀-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်များလည်း စနစ်တကျဖွံ့ဖြိုးလာရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာ သင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

**(သတင်းစဉ်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း) အောင်ဗောဓိစေတီတော် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ကျက်သရေဆောင် အောင်ဗောဓိ ဆုတောင်းပြည့်စေတီတော်ကြီး၏ (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို (တန်ဆောင်မုန်းလပြည့် ကျော် ၁၄ ရက်) ဒီဇင်ဘာ ၁၀ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၆ နာရီမှစ၍ စန္ဒရားတင်ကိုကို တူရိယာအဖွဲ့၊ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် ဒေါ်မာမာအေး၊ ကိုသန်းမြတ်စိုး၊ မေဆွိ၊ ဗညားဟန်၊ ပန်ဆုပြည့်ကျော်၊ ဖိုးသောကြာ၊ အိအိချွန်တို့အဖွဲ့နှင့်အတူ သမီးလေး မေသက်ထားဆွေတို့အဖွဲ့က ဓမ္မတေးများ၊ ဂန္ထဝင်တေးသီချင်းများဖြင့် သီကျူးပူဇော်ကြမည်ဖြစ်ပြီး နောက်ရက်ညများတွင် ရဲမိုးနှင့် ဖိုးချစ် မဟာဇာတ်သဘင်တို့ဖြင့် မိုးလင်းကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆ *ရွှေဖုံးမှ*

လျှပ်စစ်စွမ်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာတွင် စူးစမ်းလေ့လာမှု၊ ဒီဇိုင်းဖော်ထုတ်ရေးဆွဲမှုလုပ်ငန်းဆောင်ရွက်မှုများကို ၂၀၀၂ ခုနှစ်က ဂျပန်နိုင်ငံ KANSAI Electric Power ကုမ္ပဏီတို့က အင်ဂျင်နီယာများနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအောက်ရှိ အင်ဂျင်နီယာဝန်ထမ်းများ ပူးပေါင်းကွင်းဆင်းလေ့လာခဲ့ပြီး ပဏာမအစီရင်ခံစာပြုစုခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering ကုမ္ပဏီမှပညာရှင်များ ကွင်းဆင်းစူးစမ်းလေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ ပဏာမဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာတင်သွင်းပြီးနောက် နိုင်ငံတော်၏ငွေကြေးရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်ခဲ့ကြကြောင်း လေ့လာသိရသည်။

အဆိုပါစီမံကိန်းတွင် အဓိကတည်ဆောက်မှု ပင်မတမံနှင့် ရေအားအဆောက်အအုံများ၊ ရေအားပေးစက်ရုံများအတွက် ပေါင်းလောင်းမြစ် ရေလွှဲခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ခဲ့ကြကြောင်း၊ မြစ်ရေလွှဲနိုင်ရန်အတွက် အလျား ၉၆၈ ပေ၊ အကျယ် ၃၃ပေ ရှိသည့် ရေလွှဲဥမင်လိုဏ်တစ်ခုကို ကနဦးဆောင်ရွက်ပြီးနောက် မြစ်ရေလွှဲခြင်းလုပ်ငန်းကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်က အောင်မြင်စွာ တည်ဆောက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရေဆင်းဧရိယာမှာ ၉၃၃ စတုရန်းမိုင်၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၂၀၀၆၅၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၁၀၄၂၇၀၀ နှင့် ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၂၈၄၅၀၀ ရှိကြောင်း သိရသည်။

ပေါင်းလောင်းမြစ်ရေကို ဥမင်လိုဏ်အဖြင့် လွှဲထုတ်ပြီးသည့်နောက် မူလပေါင်းလောင်းမြစ်ကြောင်းပေါ်တွင် ပင်မတမံ RCC (Roler Compacted Concrete) အမျိုးအစားကို မြန်မာအင်ဂျင်နီယာများဖြင့်သာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်၌ ပင်မတမံလုပ်ငန်းများပြီးစီးခဲ့ကြောင်း သိရသည်။

"ဒီပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းရဲ့ ပင်မတမံ RCC ကတော့ ပြည်ပ ပညာရှင်မပါဘဲ ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေနဲ့ မြန်မာအင်ဂျင်နီယာတွေကိုယ်တိုင် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒီကွန်ကရစ်တမံက မြန်မာနိုင်ငံမှာ ဒုတိယမြောက်ကွန်ကရစ်တမံ ဖြစ်ပါတယ်။ ပထမဆုံးလုပ်တဲ့ ကွန်ကရစ်တမံက ရဲရွာရေအားလျှပ်စစ်စီမံကန်းရဲ့ တမံဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါပင်မတမံသည် အလျား ပေ ၁၆၉၀ ၊ အမြင့် ၃၂၂ ပေ ရှိကြောင်း၊ ထုထည်အတွက် ကွန်ကရစ်ကျင်းပေါင်း ၃၉၀၂၀၀ ကျင်းဖြင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်၌ ပင်မတံဆောက်လုပ်ခြင်းလုပ်ငန်းများ အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပင်မတမံ၏ အောက်ခြေတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ယင်းဓာတ်အားပေးစက်ရုံ၌ ဖရန်စစ်တာဘိုင် (Francis Turbine) အမျိုးအစား မဂ္ဂါဝပ် ၇၀ စီရှိ ဓာတ်အားထုတ်လုပ်သည့် စက်နှစ်လုံးတပ်ဆင်ထားကြောင်း၊ အဆိုပါစက်နှစ်လုံးမှထွက်ရှိလာသော ဓာတ်အားစုစုပေါင်း မဂ္ဂါဝပ် ၁၄၀ ကို နိုင်ငံတော်မဟာဓာတ်အားလိုင်း (National Grid) သို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကြိုးဖြင့် ပြီးခဲ့သည့်နှစ်က ပို့လွှတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။



ယင်းတပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၄၀ မှ လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ် နာရီ ၄၅၄ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ အောက်ဘက်၌ တည်ဆောက်ထားသည့် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တစ်နှစ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၉၁၁ သန်းမှ ကီလိုဝပ်နာရီ ၉၄၃ သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ကုန်ကျစရိတ်များစွာဖြင့် တည်ဆောက်ချိန်ကာလ ကြာမြင့်သော်လည်း ဆောက်လုပ်ပြီးစီးပါက ကြာရှည်ခိုင်ခံ့ခြင်းနှင့် ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့် ယခုအခါတွင် ရေအားအရင်းအမြစ်ရှိသောနိုင်ငံများ၌ ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်လာကြောင်း လေ့လာသိရသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှသည် လက်ရှိပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ပိုမိုတိုးတက်စေမည့်အပြင် နိုင်ငံတော်၏ဓာတ်အားလိုအပ်ချက်ကိုပါ ထပ်မံဖြည့်ဆည်းပေးရာရောက်သဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါသည်။

❍ *ကျောဖုံးမှ*

တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီဒါရိုက်တာ ဦးကျော်ထူးအောင် က ပြောသည်။

"ကျောက်စိမ်းနဲ့ တွင်းထွက်ကျောက်မျက်ရတနာခေတ်မီနှစ်ထပ် ဈေးသစ်ကြီးသို့ အမြန်လမ်းမကြီးကနေ ဝင်ရောက်နိုင်ဖို့အတွက် လမ်းစီစဉ်ထားပြီး မန္တလေးမြို့ ၇၈ လမ်းကနေ မြို့ထဲမှဘတ်စ်ကားတွေကို သွားလာရေး လုံခြုံလွယ်ကူချောမွေ့စေဖို့ စီစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ခေတ်မီနှစ်ထပ် ဈေးသစ်ကြီးရေရှည်တည်တံ့ရေးနှင့်အရည်အသွေးကောင်းမွန်ရေးတို့အတွက် ဝန်ဆောင်မှုအားလုံးကို Management Company တစ်ခုက တာဝန်ယူဆောင်ရွက်မှာဖြစ်ပြီး သီးခြားလုံခြုံရေးစနစ်တွေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လျှပ်စစ်အနေနဲ့ National Power Line ကို ၂၀ MW ထိရရှိအောင်စီစဉ်ထားပါတယ်။ Solar System ကိုလည်း Project တစ်ခုလုံးအဆောက်အအုံအတွက် မီးနဲ့လမ်းမီးတွေကို ၂၄ နာရီ အပြည့်ရရှိအောင်လည်း စီစဉ်ဆောင်ရွက်ထားပါတယ်။ တက်ရဆင်းရလွယ်အောင် စက်လှေကားလေးစင်း၊ ဓာတ်လှေကားသုံးစင်း တပ်ဆင်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ Food- Court Food Shops နှင့် Super Market, Mini Market များအပြင် ငွေကြေးကိစ္စအဆင်ပြေစေရန်အတွက် Money Changer နဲ့ Bank တွေကို ဈေးကြီးအတွင်းမှာ ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။

ရောင်းသူများနှင့် ကျောက်မျက်ရတနာ၊ ငွေကြေးတွေလုံခြုံစိတ်ချရရန်အတွက် Locker များကို ဘဏ်တွေမှာထားရှိပေးမည်ဖြစ်ကြောင်း Hawker Shed ထဲတွင် ကားပါကင်သီးခြားနေရာလုပ်ပေးထားရာတွင် ဆိုင်ကယ်အစီး ၃၀၀၀၊ ကားအစီး ၃၀၀ အပြင် ကားလေး ကားကြီး ဘတ်စ်ကားတွေအတွက် အစီးတစ်ထောင်စာပါရှိမည်ဖြစ်ကြောင်း သိရသည်။ နောက်ပိုင်းကာလများတွင် ကျောက်သွေးကျောက်ဖြတ်နဲ့ အချောထည်လုပ်ငန်းရှင်များအတွက် သီးခြားဆိုင်ခန်းများရရှိအောင် သက်သာသည့်နှုန်းထားဖြင့် လျာထားစီစဉ်ထားသည့်အပြင် အသားကျောက်တွေထားရှိရန် ဂိုဒေါင်စီစဉ်ပေးမှာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါကျောက်စိမ်းနှင့်ကျောက်မျက်ရတနာဈေးဆိုင်ခန်းများမှာ (၁၂×၁၂) ပေဆိုင်ခန်းများ၊ (၁၀×၁၂) ပေဆိုင်ခန်းများ၊ (၈×၁၂) ပေဆိုင် ခန်းများဝယ်ယူရန်အဆိုပြုစလစ်ပြား ပိုင်ရှင်များသည် ဒီဇင်ဘာ ၃ ရက်မှ ၂၄ ရက်အထိ နောက်ဆုံးထား၍ သတ်မှတ်ငွေများ ပေးသွင်းရမည်ဖြစ်သည်။ ကြိုတင်ငွေပေးသွင်းသူများ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ဈေးဆိုင်ခန်းများကို မဲနှိုက်နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကျောက်မျက်ရောင်းချခြင်းနှင့်ပတ်သတ်သည့် စိတ်ဝင်စားသူမည်သူမဆိုလွတ်လပ်စွာဝယ်ယူနိုင်ပြီး ဈေးဆိုင်ခန်းဝယ်ယူလိုသူများ ယနေ့မှစတင်၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ စာရင်းပေးသွင်းပြီး ကြိုတင်ငွေပေးသွင်းသူများကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ရောင်းချပေးသွားမည်ဖြစ်သည်။ အဆိုပါ ခေတ်မီနှစ်ထပ်ဈေးသစ်ကြီးအတွက် သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၂- ၂၄၉၆၃ နှင့် TET LAMM COMPANY LIMITED, CONSTRUCTON & DECORATION ဖုန်း ၀၉-၇၉၂၇၂၇၃၇၂၊ ၀၉-၇၉၂၇၂၇၃၇၉ တို့တွင် ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အဆင့်မြင့် မွမ်းမံလေ့ကျင့်ရေး သင်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၆/၂၀၁၅)ဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်က အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းမှူး၊ နည်းပြများနှင့် သင်တန်းသားရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းကို ဒီဇင်ဘာ ၇ ရက်မှ ၁၈ ရက်အထိဖွင့်လှစ်ကာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့် ၄၀ ကို လေ့ကျင့်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## အမှိုက်မီးရှို့ရာမှ မီးပွားလွင့်စဉ်ပြီး နေအိမ်သို့ မီးကူးစက်လောင်ကျွမ်း

**မော်လမြိုင် ဒီဇင်ဘာ ၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကွင်းရပ်ကွက် ငွေဇင်ယော်လမ်း၌ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီခွဲက ငွေဇင်ယော်လမ်း အမှတ်-၃၃ နေအိမ်ဘေးရှိ အမှိုက်ပုံကိုမီးရှို့ရာမှ မီးပွားများလွင့်စဉ်ပြီး ဦးခင်မောင်လေး၏ ဖက်မိုးပျဉ်ကာခြေတန်ရှည်တစ်ထပ်အိမ် နောက်ဖေးခန်းကို မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ရပ်ကွက်နေပြည်သူများနှင့် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာမရရှိကြောင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်၊ မုပွန်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကံရွှင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မီးလောင်ရာသို့ လာရောက်စစ်ဆေးကြပြီး အိမ်ရှင် ဦးခင်မောင်လေးကို မုပွန်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွန်း**

## အရှိန်မထိန်းနိုင်သောကွန်တိန်နာယာဉ် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး ဘုရားဖူးယာဉ်ကိုဝင်တိုက်မိ၊ နှစ်ဦးသေ၊ ၁၀ ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆပ်သွားခြံကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁/၁-၂)ကြားတွင် ဒီဇင်ဘာ ၆ရက် နံနက် ၅ နာရီက ယာဉ်တိုက်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ကျိုက်ထိုဘက်သို့ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၁၆)ရပ်ကွက်နေ စိုင်းလုံ(၄၄ နှစ်) မောင်းနှင်လာသည့် 5H/----လိုက်ထရပ် ဘုရားဖူးယာဉ်ကို ရန်ကုန်ဗိုလ်တထောင်မြို့နယ်နေ ကျော်မင်းမျိုး(၂၉ နှစ်) မောင်းနှင်လာသော 3B/---- ၁၀ ဘီး ကွန်တိန်နာယာဉ်က အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ဘုရားဖူးယာဉ်ပေါ်တွင် လိုက်ပါလာသူ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေသူများဖြစ်သည့် မဆွေဆွေအောင်(၂၇ နှစ်) နှင့် မဇင်မာလှိုင်(၂၂ နှစ်)တို့ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ ဘုရားဖူး ယာဉ်မောင်း စိုင်းလုံပါ ၁၀ ဦးတို့တွင်လည်း ဒဏ်ရာများ ရရှိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ညောင်ခါးရှည်နယ်မြေရဲစခန်းက ဆက်လက် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# သတ်မှတ်ထားသောဥပဒေအတိုင်း နှစ်ဦးနှစ်ဖက်လိုက်နာဆောင်ရွက်ပါက အလုပ်ရှင်၊ အလုပ်သမားပြဿနာ အေးချမ်းနေမည်ဖြစ်



**ရန်ကုန် ဒီဇင်ဘာ ၇**

လှိုင်သာယာစက်မှုဇုန်၌ အလုပ်ရှင်၊ အလုပ်သမားပြဿနာဖြစ်ပွားနေသောတိုင်ရီဖိနပ်စက်ရုံကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ နှစ်ကြိမ်တိုင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နှစ်ဦးနှစ်ဖက် အပြုသဘောဆောင်သော ရလဒ်ကောင်းများ ပေါ်ထွက်နိုင်ရန် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက စက်မှုဇုန်ကနောင်ခန်းမ၌ ဆက်လက်ညှိနှိုင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ဆက်လက် ဆွေးနွေးညှိနှိုင်းရန် အလုပ်ရှင်ဘက်က သဘောတူထားကြောင်း သိရသည်။

"ဒီနေ့ သူတို့ညှိနှိုင်းတာက လုပ်သက်ခွင့်ကိစ္စပါ။ သုံးကြိမ်ညှိနှိုင်းဖို့ နှစ်ဖက်စလုံးက သဘောတူထားတယ်။ မပြေလည်ဘူးဆိုရင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို ဆက်တက်ဖို့များတယ်။ အပြင်မှာ ညှိနှိုင်းတာအဆင်ပြေရင် စက်ရုံထဲမှာ ဆက်ညှိနှိုင်းလိမ့်မယ်။ နှစ်ဦးနှစ်ဖက် ဥပဒေအတိုင်း လိုက်နာဆောင်ရွက် သိရှိထားမယ်ဆိုရင် အားလုံးပြေလည်သွားမှာပါ။ အလုပ်ရှင်ဘက်က ဒုတိယအကြိမ်အဖြစ် ၂၄ ရက်နေ့မှာ တွေ့ဆုံဖို့ ပြောတယ်။ အလုပ်သမား ကိုယ်စားလှယ်ဘက်ကတော့ အကြောင်းမပြန်သေးဘူး" ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပြောသည်။

အလုပ်ရှင်၊ အလုပ်သမား ပြဿနာဖြစ်ပွားနေသော စက်ရုံများ၌ နှစ်ဦးနှစ်ဖက် နစ်နာသောအကျိုးဆက်ကိုခံစားရလျက်ရှိပြီး ပွင့်လင်းရာသီဖြစ်၍ ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုနှင့် ထုတ်ကုန်မြင့်မားသောရာသီဖြစ်သည့်အတွက် အလုပ်ရှင်၊ အလုပ်သမား ရေရှည်အကျိုးစီးပွားကို ရှေးရှုကာ အပြုသဘောဆောင်သော ဆွေးနွေးမှုဖြင့် ရလဒ်ကောင်းများ ပေါ်ထွန်းရေးကိုသာ တာဝန်ရှိသူများက မျှော်လင့်လျက်ရှိသည်။

ယနေ့ဆွေးနွေးပွဲတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ညှိနှိုင်းဆွေးနွေးခဲ့ကြကာ အလုပ်သမားကိုယ်စားလှယ် ၁၅ ဦး၊ အလုပ်ရှင်မှရှစ်ဦး တက်ရောက်ဆွေးနွေးခဲ့ကာ ပြေလည်မှုမရရှိသေးဘဲ နှစ်ကြိမ်ဆက်လက်ဆွေးနွေးရန် ကျန်ရှိပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် လုပ်သက်ခွင့်ညှိနှိုင်းမှုကိုရပ်တန့်ကာ ညှိနှိုင်းဆွေးနွေးပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၁၆၄)**

# ပြည်တွင်းပြည်ပခရီးသွားများ မုံရွာရှိ ပောဓိတစ်ထောင်သို့ အလာများ

မုံရွာ ဒီဇင်ဘာ ၇

**ဆောင်းရာသီရာသီဥတုအေးပြီးကြည်လင်သော ယခု ဒီဇင်ဘာလဆန်းပိုင်းတွင် ပြည်ပဧည့်သည်များ မုံရွာမြို့ဗဟိုပြု၍ မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်၊ ဖိုဝင်းတောင်၊ တွင်းတောင်ဒေသနှင့် ကျောက္ကာရွှေဂူနီဒေသများသို့ အုပ်စုလိုက်အလာများနေကြောင်း သိရသည်။**

ထိုသို့ ပြည်ပဧည့်များလာရောက်ကြရာတွင် ကမ္ဘာကျော် ဗောဓိတစ်ထောင်ရပ်တော်မူနှင့် လျောင်းတော်မူဘုရားကြီးများသို့ လာရောက်မှု ပိုများပြားကြောင်း သိရသည်။ ဗောဓိတစ်ထောင်ရပ်တော်မူနှင့် လျောင်းတော်မူရုပ်ပွားတော်ကြီးများ တည်ရှိရာ ဖိုးခေါင်တောင်ပေါ်သို့ ဘုရားဖူးပြည်တွင်းဧည့်သည်နှင့် လေ့လာသူပြည်ပဧည့်သည်များသည် စောင်းတန်းလှေခါးအတိုင်း မြန်မာ့သနပ်ခါးနှင့် ဒေသထွက်ကျောက်ပျဉ်များကိုလေ့လာရင်း ခြေလျင်တက်သူများပြားသလို ဒေသခံများကအဖွဲ့ဖွဲ့၍ အလှည့်ကျစနစ်ဖြင့် တောင်တက်တောင်ဆင်းဆိုင်ကယ်ဖြင့် ပို့ဆောင်ပေးခြင်းများ အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"ဗောဓိတစ်ထောင် ရပ်တော်မူ လျောင်းတော်မူတည်ရှိရာ တောင်ဟာအမြင့်ကြီးမဟုတ်ပေမယ့် အသက်ကြီးသူတွေနဲ့ ပြည်ပဧည့်သည်အချို့အတွက် ဆိုင်ကယ်နဲ့ အတက်အဆင်းပို့ပေးနေတာပါ။ ခရီးသည်တစ်ဦးအတက် ငွေကျပ် ၅၀၀၊ အဆင်း ၅၀၀ ပဲ ယူပါတယ်။ များသောအားဖြင့်ကတော့ ပြည်တွင်းပြည်ပ ဧည့်သည်အများစုက ခြေလျင်စောင်းတန်းကအတက်များပါတယ်။ ဆိုင်ကယ်နဲ့တက်ရင် လမ်းကမတ်တဲ့အတွက် အကွေ့တွေတက်တဲ့အခါ ဆိုင်ကယ်တွေဂရုစိုက်ကြရပါတယ်။ အမြဲတမ်းခရီးသည် လိုက်ပို့ပေးနေတဲ့ ဆိုင်ကယ်တွေအနေနဲ့ကတော့ ဘယ်နေရာကို ဘယ်လိုတက်ရမယ်ဆိုတာ လမ်းကြောသိပြီးသားဖြစ်တဲ့အတွက် စိုးရိမ်စရာမရှိပါဘူး။ တက်ဖူးတက်စ မရှိဘဲ ဆိုင်ကယ်နဲ့တက်တဲ့ သူတွေအနေနဲ့ ဂရုစိုက်တက်ကြ၊ ဆင်းကြရမှာပါ" ဟု ဗောဓိတစ်ထောင်ဒေသခံ တစ်ဦးက ပြောသည်။

ပြည်တွင်းပြည်ပ ခရီးသွားများအနေဖြင့် မန္တလေးမြို့ဘက်မှလာလျှင် မုံရွာမြို့မရောက်ခင် မုံရွေးရွာတောင်ဘက် ကတ္တရာလမ်းမှဗောဓိတစ်ထောင်သို့ သွားရောက်လေ့လာပြီး ထိုမှမကြာခင်ကမှ ဖောက်ထားသော ဗောဓိတစ်ထောင်-ကျောက်ကွာရွှေဂူနီလမ်းအတိုင်း ကျောက်ကွာရွာသို့ လာရောက်လေ့လာဘုရားဖူးကြသည်။

ထိုမှတစ်ဆင့် အချိန်ရလျှင် မကြာမီကပင် ဖောက်ထားသော ကျောက္ကာ - သာစည်လမ်းအတိုင်း သာစည် - အင်တိုင်းနယ်အတွင်း လေ့လာကာ သာစည်ရွာမှ ၁၃ မိုင်ဝေးသော မုံရွာမြို့သို့ ပြုပြင်ထားသည်မှာ မကြာသေးသော သာစည်လမ်းမှတစ်ဆင့် သွားရောက်ပြီး ညအိပ်အနားယူကြသည်။ ထိုခရီးစဉ်အပြင် မန္တလေးမှ မုံရွာသို့ တိုက်ရိုက်လာကာ မုံရွာမှတစ်ဆင့် ဗောဓိတစ်ထောင်၊ ကျောက္ကာ၊ ဖိုဝင်းတောင်၊ တွင်းတောင် ဒေသများသို့ တစ်ကန့်စီခွဲ၍ သွားရောက်လေ့လာမှုများလည်း ရှိသလို ရန်ကုန်၊ နေပြည်တော်၊ ပုဂံတို့မှ တိုက်ရိုက်လေယာဉ်ခရီးစဉ်ဖြင့် မုံရွာသို့ လာရောက်လေ့လာမှုများရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဒီဇင်ဘာ ၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၇ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၀၀၀၀ | အသစ် |
| ၃။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | အသစ်၊ရှယ် |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၇၅၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၈၀ မှ ၂၃၃၅ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၀၀ မှ ၂၈၀၀ | ရှယ်၊လတ် |
| ၁၀။ | ကြက်သွန်နီ | တရုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ | မျိုးသစ်၊ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၂၈၅၀ | ရှယ်၊လတ် |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၅၀၀ | ထူး၂၊၃၊၄၊၅ |
| ၁၃။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၅၀ မှ ၇၅၀ | A1,OK,S1,S2 |
| ၁၄။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁၅၀၀ | |
| ၁၅။ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ | |
| ၁၆။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀ | |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | | |


# နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ စာအုပ်ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၇

**ဥပဒေပညာသင်ယူသူများ၊ လေ့လာလိုသူများအတွက် ပါမောက္ခဒေါက်တာတင်အောင်အေးရေးသားသည့် နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ (CONSTITUTIONS AND CONSTITUTIONAL COURTS OF THE NATIONS) စာအုပ်ထွက်ရှိပြီဖြစ်သည်။ အဆိုပါစာအုပ်တွင် အပိုင်းသုံးပိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။**

**အပိုင်း(၁)**

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ရည်ရွယ်ချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာဝေါဟာရ၊ အခေါ်အဝေါ်၊ အသုံးအနှုန်းနှင့် စကားစုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေသများနှင့် သက်ဆိုင်သည်။




**အပိုင်း(၂)**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အယူဝါဒများ၊ သဘောတရားများနှင့် အခြေခံမူဝါဒများနှင့် "ဥရောပ၊ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံ နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအား အနီးကပ်လေ့လာသုံးသပ်ခြင်း" ခေါင်းစဉ်အောက်ရှိ ဇယား ၁၊ ၂၊ ၃ နှင့် ၄ တို့တွင် ရှင်းလင်းစွာ အဓိပ္ပာယ်ဖော်ပြထားသောဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အယူဝါဒများ၊ သဘောတရားများနှင့် အခြေခံမူဝါဒများကို ဖော်ပြထားသကဲ့သို့ ရွေးချယ်ထားသော သက်ဆိုင်ရာ နိုင်ငံများ၏ သဘောတရားဆိုင်ရာကျင့်သုံးမှုများကိုလည်း ဖော်ပြထားသည်။

တိကျစွာဆိုရလျှင် Hans Kelsen ၏ လက်ရာမြောက်စွာရေးသားထားသော Constitutional Review for Constitutional Justice စာအုပ်ပါဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအယူဝါဒကို သိသိသာသာဖော်ညွှန်းထားသည်။

**အပိုင်း(၃)**

နိုင်ငံတကာအသိအမှတ်ပြု နည်းနာနိဿယ၊ အခြေခံမူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများကို အသုံးပြုကာ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအမျိုးအစားများကို ခွဲခြားပေးသည်။ စာရေးသူသည် နိုင်ငံများ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးသဘောသဘာဝအရ (Nature of Legislative, Executive and Judiciary of the States) ခွဲခြားထားသောဖက်ဒရယ်ဝါဒ၊ ဖက်ဒရယ်နိုင်ငံနှင့် ဖက်ဒရိတ်တက်နိုင်ငံများအပေါ် မီးမောင်းထိုးပြထားသည်။

**ဇယား(၅)**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအမျိုးအစား (UN Member States and Constitutional Classification) နှင့် Constitutions and Constitutional Courts of the Nations စာအုပ်တို့မှာ စာရေးသူတွေ့ရှိချက်များထဲမှ အဓိကဖော်ပြလိုချက်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ရေဘေးသင့်တိရစ္ဆာန်များအတွက် ထောက်ပံ့ကြေးပေးအပ်

**သံတွဲ ဒီဇင်ဘာ ၇**

သံတွဲခရိုင် သံတွဲမြို့နယ် ရွှေလှေကျေးရွာအုပ်စု ပေါက်တောကျေးရွာ၌ ဇွန်လအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ကြက်ခြံခုနစ်ခြံ၊ ကြက်အကောင် ၁၀၃၀၊ ကြက်စာ ၂၈၈၈ ပိဿာတို့အတွက် ရေဘေးသင့်ထောက်ပံ့ကြေး လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပရာ ရေဘေးသင့်ထောက်ပံ့ကြေးငွေ ကျပ်သိန်း ၁၅၀ ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာကျော်စွာထွန်းနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဦးစိုးယုအောင်တို့က လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှသန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်တို့က လက်ခံယူကြပြီး ကြက်ခြံပိုင်ရှင်များ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အဆင့်တိုးမြှင့် သတ်မှတ်လိုက်သည့် ရန်ကုန်ဆေးရုံကြီး၏ ကုသမှုအပိုင်းနှင့် အနာဂတ်စီမံကိန်းများ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာမှုများအရ အစိုးရအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားတိုးတက်လာစေရန် ဆေးရုံ ဆေးခန်းများကို အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်သော ကျန်းမာရေးဝန်ထမ်းများကို မွေးထုတ်ခန့်ထားပေးခြင်း၊ လိုအပ်သော စက်ကိရိယာများ ဖြည့်ဆည်းပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ခုတင် ၁၅၀၀ ဆံ့မှ ခုတင် ၂၀၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးနိုင်ခဲ့သည်။ ထိုသို့ အဆင့်တိုးမြှင့်သတ်မှတ်လိုက်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ကုသဆောင်ရွက်ပေးနေမှုအပိုင်းနှင့် အနာဂတ်စီမံကိန်းများအပေါ် ဆေးရုံအုပ်ကြီး ဒေါက်တာ အေးကိုကိုနှင့် တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြပေးလိုက်ပါသည်။



ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကို

**မေး။ ။ ဆေးရုံကြီးကို အဆင့်တိုးမြှင့်သတ်မှတ်လိုက်တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေရလာနိုင်ပါသလဲ။**

ဖြေ ။ ။ လူနာတွေကို လက်ခံကုသပေးနိုင်မှုအပေါ်မှာ အစိုးရကသတ်မှတ်ပေးခဲ့တာပါ။ အခုဆိုရင် ခုတင် ၂၀၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်လိုက်တော့ အထူးကုတွေအပြင် ဆရာဝန်နဲ့ ဝန်ထမ်းတွေ ပိုများလာတော့မှာဖြစ်လို့ ပြည်သူလူထုအတွက် ကျန်းမာရေးကိုပိုပြီး စောင့်ရှောက်မှုတွေပေးလာနိုင်မှာပါ။ စက်ပစ္စည်းတပ်ဆင်မှုအပိုင်းဆိုရင် လုံလောက်မှုရှိနေပြီလို့ ပြောလို့ရပါတယ်။ နောက်ပိုင်းမှာလည်း ခေတ်မီစက်တွေ လိုအပ်လာရင် တပ်ဆင်သွားဖို့ရှိတဲ့အတွက် အများကြီးအကျိုးရှိလာမှာပါ။

**မေး။ ။ လူနာတွေကို အခမဲ့ ကုသပေးနေမှုအပိုင်းကို ပြောပြပေးပါ။**

ဖြေ ။ ။ အခမဲ့ကုသမှုအနေနဲ့ ဓာတ်မှန် 16 Slice CT ၊ Digital X-ray ၊ ECG ၊ ULTRA SONG တွေကို လိုအပ်တဲ့ လူနာတိုင်းအတွက် အခမဲ့ဆောင်ရွက်ပေးနေပါတယ်။ အခြေခံဓာတ်ခွဲစမ်းသပ်မှုအနေနဲ့ ပြင်ပလူနာတွေအတွက် ခုနစ်မျိုးနဲ့ အတွင်းလူနာအတွက် ၃၅ မျိုးကိုလည်း အခမဲ့ဆောင်ရွက်ပေးနေတယ်။ ဆေးဝါးတော်တော်များများကို အခမဲ့ ဆောင်ရွက်ပေးနေပါပြီ။

**မေး။ ။ စက်ပစ္စည်းဝယ်ယူ ဖြည့်ဆည်းခဲ့မှုအပိုင်းနဲ့ ထူးခြားချက်တွေရှိရင် သိပါရစေ။**

ဖြေ။ ။ စက်ပစ္စည်း ဝယ်ယူဖြည့်ဆည်းမှုအပိုင်းမှာ အရင်တုန်းကမရှိတဲ့ PET/ CT ၊ CYCLO

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏာတ)**

TRON ၊ 128 Slice CT ၊ MRI - 1.5 စက်တွေကို ဒီနှစ်ထဲမှာ တိုးချဲ့တပ်ဆင်ခဲ့တယ်။ အရင်က ကင်ဆာကုသဆေးထုတ်တဲ့ CYCLOTRON စက်မရှိလို့ ပြည်ပနိုင်ငံကနေ ဆေးကိုမှာရတယ်။ အခုဆိုရင် ဒီမှာထုတ်နိုင်တော့မှာဖြစ်တဲ့အတွက် ကင်ဆာရောဂါကို ကုန်ကျစရိတ်နည်းနည်းနဲ့ ကုသပေးနိုင်တော့မှာပါ။ ဇန်နဝါရီလဆန်းလောက်မှာ လူနာတွေကို စတင်ကုသမှုတွေ လုပ်ပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ဆေးရုံကြီးနဲ့ပတ်သက်ပြီး တိုးချဲ့ဆောက်လုပ်မှုအစီအစဉ်တွေရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ အဆောက်အအုံ ဆောက်လုပ်မှုအနေနဲ့ ငါးထပ်ဆောင်တစ်လုံး ပြီးသွားပါပြီ။ နောက်ထပ် ဆောက်လုပ်မှုအနေနဲ့ ပေ (၃၈၀× ၈၀) ရှိတဲ့ ၁၂ထပ် အဆောက်အအုံတစ်လုံးနဲ့ ကင်ဆာလူနာအတွက် ငါးထပ်ဆောင်တို့ကို စက်တင်ဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့တယ်။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ကာလမှာ အပြီးဆောက်သွားမှာပါ။ နောက်ထပ် အရာရှိ ၃၆ ဦးနဲ့ မိသားစုနေထိုင်နိုင်ဖို့ ကားပါကင်ပါဝင်တဲ့ (၉၀ × ၇၂) ပေ ၁၀ ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ဖို့ စီစဉ်ထားတယ်။ ဝန်ထမ်းငယ်အိမ်ရာရှစ်ခန်းတွဲ၊ လေးထပ်အဆောက်အအုံနှစ်ခုကို ဒလဘက်မှာ နိုဝင်ဘာလက စတင် ဆောက်လုပ်နေပါပြီ။ အဆောက်အအုံတစ်ခုမှာ အငယ်တန်းဝန်ထမ်း ၄၀ နဲ့ မိသားစုဝင်တွေ နေထိုင်နိုင်မှာပါ။ အဲ့ဒီလို အဆောက်အအုံနှစ်ခုကိုလည်း နောက်နှစ်မှာ ထပ်မံဆောက်လုပ်သွားဖို့ရှိပါတယ်။ လျာထားချက်အနေနဲ့ နောက်ထပ် လူနာဆောင် ၁၅ ထပ် အဆောက်အအုံတစ်လုံး၊ လေးထပ်ကားပါကင်နဲ့ ရင်ခွဲရုံတို့ဆောက်ဖို့ နေရာတွေ သတ်မှတ်ပြီးပါပြီ။ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း အပြီးဆောက်သွားဖို့ စီစဉ်ထားပါတယ်။

**မေး။ ။ လျှပ်စစ်နဲ့ ရေရရှိမှုအပိုင်းနဲ့ပတ်သက်ပြီး တိုးချဲ့ဆောင်ရွက်နေတာတွေရှိရင် သိပါရစေ။**

ဖြေ။။ လျှပ်စစ်တည်ငြိမ်စွာရရှိရေးနဲ့ ရေလုံလောက်စွာရရှိဖို့အတွက်ကိုလည်း စီစဉ်ဆောင်ရွက်နေပါတယ်။ လျှပ်စစ်မီးအတက်အကျမရှိအောင် YESC နဲ့ပေါင်းပြီး သူနာပြုတက္ကသိုလ်နားမှာ ထရန်စဖော်မာတွေ တပ်ဆင်နေပါပြီ။ ဆေးရုံထဲမှာလည်း လျှပ်စစ်နဲ့ပတ်သက်ပြီး လိုအပ်တဲ့ပစ္စည်းတွေ တပ်ဆင်နေပါတယ်။ ရေလုံလောက်စွာရရှိဖို့ အကြမ်းဖျဉ်းအားဖြင့် တစ်ဦးကို သုံးဂါလန်နှုန်းနဲ့တွက်ပြီး လူနာတစ်ယောက်ကို အစောင့်နှစ်ဦးအပြင် ဆေးရုံဝန်ထမ်းတွေအပါအဝင် လိုအပ်တဲ့ရေရရှိအောင် အဝီစိတွင်း တူးတာတွေ၊ ရေလှောင်ကန်ဆောက်တာစတဲ့ အပိုင်းတချို့ကို စတင်နေပါပြီ။

**မေး။ ။ အဆောက်အအုံတွေပြီးသွားရင် ပင်မအဆောက်အအုံနဲ့ပတ်သက်ပြီး ဘယ်လိုစီစဉ်ထားပါသလဲ၊ ရောဂါအမျိုးအစားအလိုက် နောက်ထပ် ဆေးရုံတစ်ခုအနေနဲ့ ခွဲထွက်သွားဖို့ရှိပါသလား။**

ဖြေ။ ။ အခု ဆောက်လုပ်ဖို့ စီစဉ်ထားတဲ့ အဆောက်အအုံတွေ အားလုံးပြီးသွားရင် လူနာတွေကို အနီရောင် ပင်မဆောင်မှာ မထားတော့ဘူး။ ပင်မဆောင်မှာ ကုသရေးဦးစီးဌာနနဲ့ဆိုင်တဲ့ ရုံးတို့၊ ပြတိုက်တို့ကို ဖွင့်သွားဖို့စီစဉ်ထားတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် နောက်ပိုင်းလောက်မှာ ဖွင့်နိုင်မှာပါ။ နှလုံးနဲ့ ဦးနှောက်နဲ့ အာရုံကြောအထူးကုဆေးရုံဆိုပြီး ဂျပန်ကဆောက်ပေးဖို့ လေ့လာရေးတွေလုပ်နေတာတွေရှိတယ်။ အဲဒီဆေးရုံကိုလည်း ဒီဆေးရုံကြီးကနေ ရောဂါအမျိုးအစားအလိုက် ခွဲထွက်သွားဖို့ရှိပါတယ်။ အဲဒီဆေးရုံကိုလည်း ဆာဗေးတွေလုပ်ပြီးတာနဲ့ စတင်ဆောက်လုပ်သွားမယ်လို့ သိရပါတယ်။

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ



**ပျဉ်းမနား ဒီဇင်ဘာ ၇**

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ တိုင်းအဆင့်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးတာဝန်ခံ ပါမောက္ခ ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားပြီး ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် စာစီစာကုံး ၊ ပန်းချီကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ပါမောက္ခဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အတွက် ပညာပေးပြသထားသော ပြခန်းကို ကြည့်ရှုခဲ့ပြီး အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ ဆုရရှိသူ ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**နန်းဦးလှိုင် ဘုရားဖူးခရီးသွားပို့ဆောင်ရေး**

●တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကလော၊ ဒေါင်ပန်း (၄)ရက်။ ဆက်၍-လှိုင်ကော်တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၆)ရက်။ ● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။ ●ပြဝတီ၊ မဲဆောက်၊ ကျောက်ကလာပ်၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဘုရင်ညီဂူ (၃)ရက်။ (မဲဆောက်ကားခနှင့် ပြဝတီတည်းခိုခြင်း) ●ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်(၄)ရက်။ ●ထားဝယ်ရှင်ကိုးရှင်၊ ဖောင်းပကန်၊ ကျိုက္ခမီ၊ စက်စဲ(၅)ရက်- ဆက်၍-မြိတ်(ဘိတ်)ပါ (၇)ရက်။ ● မန္တလေး စစ်ကိုင်းဘုရားစုံဖူးနှင့် ကျောက်စိမ်းစေတီ(၁)ညအိပ် (အပတ်စဉ်-သောကြာ) ●မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ(၂)ရက်- ကျိုက်ထီးရိုးပါ(၃)ရက်။ ကျိုက်ထီးရိုး(နေ့စဉ်) 01-391577

အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961

အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569

အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးအေးမင်း ၁၂/သကတ(နိုင်) ၀၅၄၈၁၃ပိုင် ၇ခ/၁၁၄၀၈၏ ကညနယာဉ်ဟောင်း အပ်နှံခြင်းပုံစံ(ဃ)၊ သီလဝါယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီးစီးကြောင်း ပုံစံ(စ) နှင့်အခြားယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၅၁၁၇၉၇၂သို့ ဆက်သွယ်ပါရန်။

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/3709၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ပြင်ဆင်ဖတ်ရှုပါရန်**

၅-၁၂-၂၀၁၅ရက်နှင့် ၆-၁၂-၂၀၁၅ရက်ထုတ် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများတွင်ပါရှိသည့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄) (လစာနှုန်းထား-၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) ရာထူးနေရာအတွက် လျှောက်လွှာများခေါ်ယူခြင်း အပိုဒ်(၈)တွင် ဖော်ပြထားသော အစမ်းခန့်ဟူသော စကားရပ်အစား အလုပ်သင်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **ပြည်သူ့ကျန်းမာရေးဦးစီးဌာန**



# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**ပင်လည်ဘူး ဒီဇင်ဘာ ၇**

ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေနှင့်အဖွဲ့နှင့် မြေလင်းရဲကင်း စခန်းမှူး ရဲအုပ်နေလင်းနှင့်အဖွဲ့တို့သည် ဒီဇင်ဘာ ၅ ရက် ည ၁၁ နာရီခွဲက ကောလင်း-ပေကုန်းသွားကားလမ်း ဝမ်းဘဲအင်းကျေးရွာ ကားလမ်းမပေါ်၌ မသင်္ကာဖွယ်ရာ ဆိုင်ကယ်နှစ်စီးအား တွေ့ရှိရ၍ ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ ဆိုင်ကယ်ကို ညိုလှိုင်မောင်းနှင်ပြီး နောက်မှလိုက်လာသူ မအေးမွမ်းအား ရှာဖွေခဲ့ရာ ငွေစက္ကူ ကျပ် ၄၀၀၀၀၊ ဖုန်းတစ်လုံးနှင့် ဇော်နိုင်ဆိုသူမောင်းနှင်ပြီး မအေးနွမ်းလိုက်ပါလာသော ဆိုင်ကယ်မှ ဘိန်းဖြူ စုစုပေါင်း အလေးချိန် ၂၄၂၀ ဂရမ် (ကာလတန်ဖိုးငွေကျပ်သိန်း ၂၄၂၀)၊ စုစုပေါင်း ဆေးပြား ၁၈၀၀ (ကာလတန်ဖိုး ငွေကျပ်သိန်း ၉၀) တို့ကို တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) လွယ်ကန်ကျေးရွာနေ ဦးအိုက်ချင်းမှ ကောလင်းမြို့သို့ ကားဖြင့် သယ်ဆောင်လာပြီး ဗန်းမောက်မြို့နယ် မကျည်းကုန်းကျေးရွာနေ ကိုအောင်မင်းဆိုသူထံသို့ ပို့ဆောင်ခိုင်းသောပစ္စည်းများဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရှိသူမအေးမွမ်း(၃၀နှစ်)လွယ်ကန်ကျေးရွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နေသူနှင့် (လိပ်စာတူ) မအေးနွမ်း (၂၇နှစ်)၊ ဇော်နိုင်(ခ) အနိုင်း(၁၉နှစ်)တို့နှင့် ညိုလှိုင် (၃၄နှစ်) နောင်ပတ်ကျေးရွာ ဗန်းမောက်မြို့နယ်နေသူတို့အား ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူ အိုက်ချင်းနှင့် အောင်မင်းတို့အား ဖမ်းဆီးရမိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**
**ဓာတ်ပုံ-ကိုနိုင်(အင်းတော်)**

# နတ်မောက်မြို့နယ် သစ်လှုကျင်းကျေးရွာအနီး ယာဉ်နှစ်စီးပေါ်မှ တရားမဝင်သစ်များသိမ်းဆည်းရမိ

**နတ်မောက် ဒီဇင်ဘာ ၇**

မကွေးခရိုင် နတ်မောက်မြို့နယ် သစ်လှုကျင်းကျေးရွာအနီး၌ တရားမဝင်သစ်များသယ်ဆောင်လာသောယာဉ်နှစ်စီးပေါ်မှ ကျွန်းသစ်တုံး ၅၁ တုံးကို ဒီဇင်ဘာ ၆ ရက် နံနက် ၄ နာရီခွဲခန့်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နတ်မောက်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးပြေငြိမ်းဝင်းပါငါးဦး၊ စိုင်ကောင်းနယ်မြေရဲစခန်းမှ ရဲတပ်ကြပ်ကြီး တင်မောင်စိုးပါ သုံးဦးတို့ပူးပေါင်းအဖွဲ့သည် နတ်မောက်မြို့နယ် သစ်လှုကျင်းကျေးရွာအနီး တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ သစ်လှုကျင်းကျေးရွာမြောက်ဘက် တစ်ဖာလုံခန့်အကွာ ရွာအဝင်လမ်းတွင် နတ်မောက်-ပျော်ဘွယ်ကားလမ်းမှ သစ်လှုကျင်းကျေးရွာဘက်သို့ ကိုချစ် (၂၃နှစ်) တပ်ရှိန်းကျေးရွာ တပ်ကုန်းမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် မောင်ဇော် တပ်ကုန်းမြို့နယ်နေသူ လိုက်ပါလာသည့် ယာဉ်အမှတ် 3C/ --- ယာဉ်နှင့် ကိုငယ် တပ်ရှိန်းကျေးရွာ တပ်ကုန်းမြို့နယ်နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်မြင့်ဦး တပ်ရှိန်းကျေးရွာ တပ်ကုန်းမြို့နယ်နေသူ လိုက်ပါလာသည့် ယာဉ်နှစ်စီးအား မသင်္ကာဖွယ် တွေ့ရှိ၍ ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ အဆိုပါ ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ်တုံး ၅၁ တုံး စုစုပေါင်းတန် ၁ ဒသမ ၀၂၁၆ တန် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# မဆင်မခြင် မောင်းနှင်သည့်ယာဉ် လမ်းဖြတ်ကူးသူအား ဝင်တိုက်မိ

**စစ်ကိုင်း ဒီဇင်ဘာ ၇**

စစ်ကိုင်းမြို့၌ ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းမြို့ စိန်ကုန်းရပ် မုံရွာ-မန္တလေးကားလမ်းပေါ်၌ ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း အမှတ်(၁၀၅) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မိုင်တိုင်အမှတ်(၀/၅) နှင့် (၀/၆) အကြားတွင် ယာဉ်တစ်စီးက မြောက်မှတောင်သို့အရှိန်ပြင်းစွာ မောင်းနှင်လာစဉ် အရှေ့မှအနောက်သို့ လမ်းဖြတ်ကူးလာသူ ဦးညို(၅၅ နှစ်) နေ့စားသန့်ရှင်းရေးအလုပ်သမား မြို့နယ်စည်ပင်သာယာရေးဌာန စစ်ကိုင်းမြို့နေသူအား ဝင်တိုက်မိသဖြင့် ဦးညိုမှာဒဏ်ရာများရရှိကာ စစ်ကိုင်း ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်စဉ် သေဆုံးသွားသည်။

သို့ဖြစ်၍ လူ့အသက်ထိခိုက်သေဆုံးသည်အထိ ယာဉ်ကိုမဆင်မခြင်မောင်းနှင်ပြီး ထွက်ပြေးသွားသော ယာဉ်မောင်းအား စစ်ကိုင်းမြို့မရဲစခန်းက အရေးယူထားပြီး ယာဉ်မောင်းအား ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ခရီးသည်တင် ဒိုင်နာယာဉ်တိမ်းမှောက်၍ ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မုံရွာ-ရေဦးကားလမ်း မိုင်တိုင်အမှတ် (၁၀၃/၁-၂)ကြားတွင် ဒီဇင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း ဘုတလင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ချောင်းဦးမြို့နယ် ခင်မွန်ရွာနေ ကျော်စံလင်း (၃၇ နှစ်) မောင်းနှင်ပြီး ခရီးသည်များ တင်ဆောင်လာသော အ/----- ဒိုင်နာယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းယာလက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်ပေါ်၌လိုက်ပါလာသည့် မုံရွာမြို့နယ် ကြာပိုင်ရွာနေ ဒေါ်တင်ရီ (၅၆ နှစ်)ပါ ခြောက်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်စံလင်းအား ဘုတလင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ချောက်မြို့နယ်၌ အမျိုးသမီးအလောင်းတွေ့ရှိ

**ချောက် ဒီဇင်ဘာ ၇**

ချောက်မြို့နယ် ဆူးပန်းကျေးရွာအနီး၌ ဒီဇင်ဘာ ၆ ရက် ညပိုင်းက အလောင်းတစ်လောင်းတွေ့ရှိခဲ့ကြောင်း ချောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၆ ရက် ည ၈ နာရီက ပခန်းငယ်ကျေးရွာနေ ဦးအောင်ဝင်း ရေလုပ်သားသည် ဧရာဝတီမြစ်အတွင်း ငါးဖမ်းပြီးပြန်လာစဉ် ဆူးပန်းကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ ဧရာဝတီမြစ်ကမ်းနံဘေးတွင် လူသေအလောင်းတစ်လောင်းတွေ့ရှိကြောင်း အကြောင်းကြားချက်အရ ပခန်းငယ်ရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်း သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသမီးအလောင်းတစ်လောင်းကို ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ချောက်မြို့နယ် စလေနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ကျော်ဇေယျ**

# အောင်လံမြို့ ပြည်လမ်းမပေါ်၌ ဆိုင်ကယ်ချင်းတိုက် တစ်ဦးသေဆုံး

**အောင်လံ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ စမ်းချောင်းရပ်ကွက် (၁၇) လမ်းထိပ် ပြည်လမ်းပေါ်၌ ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီက ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်လံမြို့နယ် ဂုံတောစံပြကျေးရွာနေ ဟန်ဇော်ထွန်း(၂၉ နှစ်) မောင်းနှင်ပြီး နောက်မှ တစ်ရွာတည်းနေ ဇွဲနိုင်ဝင်း (၂၁နှစ်) လိုက်ပါလာသည့် နံပါတ်မပါ ဆိုင်ကယ်သည် အောင်လံမြို့ ဇေယျဝတီရပ်ကွက်နေ အုန်းဟန်(၄၂နှစ်) မောင်းနှင်ကာ နောက်မှ ညီမဖြစ်သူ မအေးအေးခိုင်(၃၀ နှစ်) လိုက်ပါလာသည့် WONLONSMASH 110 ဆိုင်ကယ်ကို နောက်မှ ဝင်ရောက်တိုက်မိရာ ဟန်ဇော်ထွန်းတွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ဇွဲနိုင်ဝင်း၊ အုန်းဟန်နှင့်မအေးအေးခိုင်တို့တွင် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ဟန်ဇော်ထွန်းအား အောင်လံမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**


၂၀၁၆-ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်
ကျောင်းသားကျောင်းသူများအတွက်
ထူးချွန်အောင်မှတ်ရ လမ်းညွှန်

ထွက်ပြီ

ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
အခန်းလိုက် အနှစ်ချုပ်မှတ်စုများ
မေးခွန်း (၅) စုံနှင့် အဖြေများ
တစ်ဘာသာ တစ်အုပ်ချင်း

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
အပတ်စဉ် တနင်္လာနှင့်ကြာသပတေးနေ့တိုင်း သင်တန်းစတင်ပါသည်။ ရေခဲမုန့်စက်နှင့်အပိုပစ္စည်းအအေးဆိုင်သုံးယို၊ ဒယ်အိုးကုန်ကြမ်းများ ရနိုင်ပါသည်။ Dimsum တရုတ် ရှမ်း အစ ဆ သင်နိုင်သည်။
76, ပိုလ်ဥတ္တမလမ်း၊ တာဂရာမီးပွိုင့်အနီး၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်။ 0973071901
နယ်ထိုက်တော်ဝင်သင်တန်း- ၂၉×၇၃ ဒေါင့်၊ မန္တလေး။ 02-31505 09260425566,095385522

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်
မင်္ဂလာဒုံ၊ စက်မှုဇုန် ဇေကမ္ဘာဝင်းအတွင်း ရှိ မြေဧက(၀ ဒသမ ၇၀) ခြံစည်းရိုးခတ်ပြီး၊ မြေဖို့ပြီး။ (သိန်း ၄၅၀၀)
ဖုန်း-၀၉-၇၃၀၂၉၅၃၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 3I/1833 Hino X2U304 TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဆန်စန် ၁၃/တယန(နိုင်)၀၂၄၀၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

# တန်းဆင်းဇုန်မှ နယူးကာဆယ်တို့ လီဗာပူးကိုအနိုင်ရ

သီဟ - ရေးသည်



အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၁၅)မှ ဒီဇင်ဘာ ၆ ရက် ညပိုင်းပွဲစဉ်တစ်ပွဲဖြစ်သည့် နယူးကာဆယ်နှင့် လီဗာပူးပွဲတွင် အိမ်ရှင် နယူးကာဆယ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နည်းပြ မက္ကလာရင် လက်ထက် တန်းဆင်းဇုန်၌ ရုန်းကန်နေရသည့် နယူးကာဆယ်အသင်းသည် ၄-၄-၁-၁ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဆစ်ဆီကို အထောင်ထားကာ ကွင်းလယ်တွင် အန်နီတာ၊ ကိုးလ်ဘက်၊ ဆစ်ဆကို၊ ဒီဂျောင်း၊ ဝီဂျေနယ် ဒမ်၊ နောက်တန်းတွင် ကိုလိုစီနီ၊ ဂျန်းမတ်၊ ဒမ်မတ်၊ အမ်ဘမ်ဘာနှင့် ဂိုး- ရှိဘတ်အယ်လ်ဂိုက်တို့ ပါဝင်ခဲ့သည်။ လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ဂျော်ဒန်အိုင်ဘီ၊ ဘန်တီကီ၊ မာမီနို၊ ကွင်းလယ်တွင် လိုင်ဗာ၊ ဂျိမ်းမီလ်နာ၊ ဂျိုးအလန်း၊ နောက်တန်းတွင် စကာတယ်၊ လော့ဗ်ရန်၊ မိုရီနို၊ ဆီလီနီနှင့် ဂိုး- မစ်နိုလက်တို့ ပါဝင်ခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၆၉ မိနစ်တွင် နယူးကာဆယ် ကွင်းလယ်လူ ဝီဂျေနယ်ဒမ် ကန်သွင်းရာမှ လီဗာပူးနောက်တန်းလူ စကာတယ် ဖျက်ထုတ်ရာ ဂိုးဝင်သွားခဲ့၍ နယူးကာဆယ်တို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲပြီးချိန် မိနစ် ၉၀ တွင် ကွင်းလယ်လူ ဝီဂျေနယ်ဒမ်က နယူးကာဆယ်အတွက် ဒုတိယ အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ **(ယာပုံ)**

နယူးကာဆယ်အသင်းသည် ရမှတ် ၁၃ မှတ်ဖြင့် အဆင့် (၁၈)တွင် ရပ်တည်နေပြီး လီဗာပူးသည် ရမှတ် ၂၃ မှတ် ရရှိထားသည်။ ပရီမီယာလိဂ်ပွဲစဉ် (၁၅)အပြီးတွင် ၃၂ မှတ်ဖြင့် လက်စတာက ဇယားထိပ်၌ ဦးဆောင်နေပြီး အာဆင်နယ်မှာ ရမှတ် ၃၀ ဖြင့် အဆင့် (၂)တွင် ရပ်တည်နေသည်။ မန်စီးတီးနှင့် မန်ယူမှာ ရမှတ် ၂၉ မှတ်စီ ရရှိထားပြီး ဂိုးကွာခြားချက်ကြောင့် မန်စီးတီးက အဆင့် (၃)တွင် ရပ်တည်နေသည်။

ဥရောပ ထိပ်သီးလိဂ်များဖြစ်သော အင်္ဂလန်၊ စပိန်၊ အီတလီ၊ ဂျာမနီ၊ ပြင်သစ် လိဂ်များအနက် ၂၀၁၅-၂၀၁၆ ရာသီ ပွဲစဉ် ၁၀ ပွဲကျော် ကစားပြီးဖြစ်ရာ ရှုံးပွဲမရှိသေးသည့်အသင်းမှာ ပြင်သစ်လီဂူးမှ ပီအက်ဂျီတစ်သင်းသာ ရှိသည်။

နိုင်ငံတကာသတင်း

## ပေကျင်းမြို့၌ လေထုညစ်ညမ်းမှုဆိုင်ရာ အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်

ဂျူတီ

**ပေကျင်း ဒီဇင်ဘာ ၇**

ပေကျင်းမြို့သည် လေထုညစ်ညမ်းမှုဆိုင်ရာ သတိပေးချက်အဆင့်ကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲကစပြီး လိမ္မော်ရောင်အဆင့်မှ အဆင့်အမြင့်ဆုံးဖြစ်သည့် အနီရောင်အဆင့်သို့ တိုးမြှင့်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဒီဇင်ဘာ ၈ ရက် နံနက် ၇ နာရီမှ ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီအထိကြာမြင့်မည့် ထူထပ်သည့် လေထု ညစ်ညမ်းမှုဆိုင်ရာအနီရောင်သတိပေးချက်အဆင့်ကို မြို့တော်ပေကျင်းအနေဖြင့် ၂၀၁၃ ခုနှစ်ကတည်းက ပထမအကြိမ်မြောက်အဖြစ် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။



လေထုညစ်ညမ်းမှုဆိုင်ရာ အနီရောင်အဆင့်သတိပေးချက်ကာလအတွင်း ပေကျင်းမြို့ရှိ မူကြိုကျောင်းများ၊ မူလတန်းကျောင်းများနှင့် အထက်တန်းကျောင်းများကို ဆိုင်းငံ့ထားမည်ဖြစ်သကဲ့သို့ ဆောက်လုပ်ရေးလုပ်ကွက်များရှိ ပြင်ပလုပ်ငန်းများကိုလည်း ရပ်နားထားမည်ဖြစ်ကြောင်း၊ ထို့အတူ စက်ရုံ အလုပ်ရုံတချို့ကိုလည်း ကုန်ထုတ်လုပ်မှု ကန့်သတ် သို့မဟုတ် ရပ်နားထားရန်လိုအပ်မည်ဖြစ်ကြောင်း ပေကျင်းအရေးပေါ်စီမံခန့်ခွဲရေးဌာနချုပ်က ပြောကြားသည်။

ထို့အပြင် ပေကျင်းမြို့ရှိကားလမ်းများပေါ်၌ မော်တော်ယာဉ်များကို လိုင်စင်နံပါတ်ပြား စုံကိန်းနံပါတ် သို့မဟုတ် မကိန်းနံပါတ်များအပေါ် မူတည်ပြီး တစ်လှည့်စီအသုံးပြုခွင့်ရှိမည် ဖြစ်သကဲ့သို့ မြို့ထဲ၌မော်တော်ယာဉ်အသုံးပြုမှုကို ကန့်သတ်ထားမည်ဖြစ်ကြောင်း၊ ပေကျင်းမြို့ရှိ အစိုးရပိုင် မော်တော်ယာဉ် ၃၀ ရာခိုင်နှုန်းခန့်မှာ ယင်းလိုင်စင်နံပါတ်များအပေါ် မူတည်ပြီး ကားလမ်းများပေါ် သွားလာခြင်းမှ တားမြစ်ပိတ်ပင်ထားမည် ဖြစ်ကြောင်း သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ရာတွင် အပြာရောင်၊ အဝါရောင်၊ လိမ္မော်ရောင်စသည်ဖြင့် သတိပေးချက်လေးချက်ကို လေထုညစ်ညမ်းမှုအခြေအနေအပေါ် မူတည်ကာ အဆင့်ဆင့်ထုတ်ပြန်ပြီး အမြင့်ဆုံးအဆင့်ဖြစ်သည့် အနီရောင်အဆင့်ကို သုံးရက်ကျော်ကြာမြင့်မည်ဟုခန့်မှန်းထားသော ထူထပ်သည့်လေထုညစ်ညမ်းမှုအခြေအနေမျိုးတွင် ထုတ်ပြန်ကြေညာကြောင်း သိရသည်။ **(ဆင်ဟွာ)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်CC/5283၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/8173, Toyota MARK II J2&110, S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာလွင်ဦး ၁၂/သဃက(နိုင်)၁၇၄၃၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/9436 Honda Fit GE6 Hatch Back(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းခိုင် ၁၂/တမန(နိုင်)၀၅၆၆၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### (၁၇)ကြိမ်မြောက် အထက ကျိုက္ကော်အာစရိယ ပူဇော်ပွဲဖိတ်ကြားခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့ အထက ကျိုက္ကော်မှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက ကျိုက္ကော် ရွှေရတုခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပပါမည်။ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။လှူဒါန်းလိုသူများနှင့် ရန်ကုန်မှ လိုက်ပါမည့်သူများ အောက်ပါဖုန်းများသို့ ဆက်သွယ်နိုင်ပါသည်။

**ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင် ဖုန်း-၀၅၇-၆၉၀၇၉၊**
**ဦးငွေထွန်း ဖုန်း-၀၅၇-၆၉၅၇၁၊ ဦးဦးမြင့် ဖုန်း-၀၉-၃၆၁၄၁၁၄၆၊**
**ဒေါ်ခင်ဝင်း ဖုန်း-၀၉-၃၃၀၇၉၁၂၉၊ ဒေါ်မေရီစိန် ဖုန်း-၀၉-၇၃၁၅၄၀၂၀၊**
**ဒေါ်ကျင်ဟုန် ဖုန်း-၀၉-၇၃၀၄၅၅၅၄**

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၃၇၁)၊ အလျား×အနံ (၃၅၀ ပေ×၂၄၄ပေနှင့် ၆လက်မ/၂၇၂ ပေ)၊ ဧရိယာ ၂ဒသမ ၀၇၆ ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးသိန်းဦး(ဘ)ဦးလီယုံချင့် ၁၃/ကမန(နိုင်)၀၂၃၃၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၄၁)**
**အမှတ်(၂၆) (ခုနစ်လွှာ)၊ ဖျာပုံလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၃၀၁၂၃၂၃၊ ၀၉-၉၇၆၀၄၇၄၀၁**

### ပတ်စ်ပို့ ပျောက်

ကျွန်မ မချောစုဝင်း ၁၂/မရက(နိုင်)၁၃၃၂၇၃၏ ပတ်စ်ပို့အမှတ် MA-၃၃၈၃၂၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၇၉၅၈၃၄၂၃၆**

### မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
**ဦးအောင်ဖုန်း + ဒေါ်ခင်စစ်အေး တို့၏သားငယ်**
**မောင်စစ်သွေးအောင်**
**(Suntac Group of Companies)**
ရန်ကုန်မြို့နေ
**ဦးသာချို(စုံစမ်းရေးမှူး (ငြိမ်း) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန) + ဒေါ်ခင်မာနု (တိုင်းဦးစီးမှူး-မကွေးတိုင်းဒေသကြီး) စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) တို့၏သမီး**
**မချိုဇင်ဝိုင်း**
**Bachelor of Business Management (BBM) (National Management College, Myanmar)**
**Diploma in Hospitality & Tourism Business (Temasek Polytechnic, Singapore)**

တို့၏ ၂၇.၁၁.၂၀၁၅ ရက်(သောကြာနေ့)ရန်ကုန်မြို့၊ Novotel Hotel Max (Pathein Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သောမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင်မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသောရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး၊ တွံ့ဖက်မြို့နယ် တရားသူကြီးဦးမျိုးမင်းအားလည်းကောင်း၊ အသိသက်သေအဖြစ်လက်မှတ်ရေးထိုးပေးပါသော ဒေါက်တာမြင့်ဟန်နှင့်ဒေါ်သန္တာတို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသောဦးသိန်းလှမော်၊မင်္ဂလာဆုံးမဩဝါဒစကားပြောကြားပေးပါသောဝဏ္ဏကျော်ထင်ပါမောက္ခဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘများ၏ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးသော SHE SHINE (Gems & Jewelry) အားလည်းကောင်း၊ မင်္ဂလာပန်းအလှဆင်ပေးသော Inya Floral အားလည်းကောင်း၊မိတ်ကပ်ဆံပင်မမေဦးနှင့်အဖွဲ့၊ Missy Wine နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံချုပ်ပေးပါသော Fashion Euphoria အားလည်းကောင်း၊ ဓါတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုဝဏ္ဏခွါနီး (Focus Daily) အဖွဲ့သားများလည်းကောင်း၊ Novotel Hotel Max မှ ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးပါသောနှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလည်းကောင်း၊ လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်စစ်သွေးအောင်နှင့်မချိုဇင်ဝိုင်း**



# မင်းရာမရေလွှဲဆည်နှင့်စွေ့ချောင်းသဲနုန်း ပြန်လည်တူးဖော်ခြင်း ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ပျော်ဘွယ် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဆည်မြောင်းဦးစီးဌာနက မင်းရာမရေလွှဲဆည် သဲနုန်းတူးဖော်ခြင်းနှင့် စွေ့ချောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မင်းရာမရေလွှဲဆည်မှာ ရှေးမြန်မာမင်းများ လက်ထက်က တည်ဆောက်ခဲ့သော ရေလွှဲဆည်တစ်ခုဖြစ်ပြီး ပျော်ဘွယ်မြို့ကို ဖြတ်သန်းစီးဆင်းသည့် စွေ့ချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ စွေ့ချောင်းတစ်လျှောက်တွင် ခက္ခရေလွှဲဆည်၊ မင်းရာမရေလွှဲဆည်များအပြင် မကျီးပင်(၁)၊ ညောင်ပင်၊ မကျီးပင်(၂)၊ ဇီးကုန်း၊ ကြက်တည်၊ ကြက်ရိုး၊ ငှက်ပျောတောအစရှိသော ရေလွှဲဆည်များ အဆင့်ဆင့်တည်ဆောက်ပြီး အဆိုပါရေလွှဲဆည်များမှ စုပေါင်းရေသောက်ဧရိယာ ၇၄၄၂ ဧကကို စိုက်ပျိုးရေဖြည့်စွက်ပေးဝေ အကျိုးပြုလျက်ရှိသည်ဟု သိရသည်။

စွေ့ချောင်းမှာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ချောင်းအတွင်း သဲနုန်းပို့ချမှုများလာကာ တိမ်ကောလာပြီး ရေစီးရေလာပိတ်ဆို့မှု များလာသောကြောင့် ချောင်းရေလျှံပြီး ရေကြီးမှုများ ကြုံတွေ့ရသည်။ ယင်းနောက် မင်းရာမ ရေလွှဲဆည်သဲနုန်းတူးဖော်ခြင်းနှင့် စွေ့ချောင်းသဲနုန်းတူးဖော် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၏ တင်ပြချက်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ လုပ်ငန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုရန်ပုံငွေဖြင့် စွေ့ချောင်းတစ်လျှောက် အလျားပေ ၄၀၀၀၀ ဆောင်ရွက်ရန်လျာထားသတ်မှတ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအလျား ပေ ၂၅၄၀၀၊ ချောင်းတစ်လျှောက် ရေလျှံတားတာပေါင်နှင့် စစ်ဆေးရေးလမ်း ပြုလုပ်ခြင်း၊ မင်းရာမရေလွှဲဆည်ပြန်လည်ပြုပြင်ခြင်း၊ ရေပေးမြောင်း ပြန်လည်တူးဖော်ခြင်း၊ ရေတိုက်စားမှုများပြားသော နေရာများတွင် ကျောက်လိုင်နင်စီခြင်းစသော လုပ်ငန်းရပ်များကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ယင်းသို့ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပျော်ဘွယ်မြို့ပေါ်ရှိ ရပ်ကွက်ငါးခုနှင့်ကျေးရွာနှစ်ရွာမှ အိမ်ထောင်စု ၄၅၃၄ စု လူဦးရေ ၂၃၀၈၀ ကို ချောင်းရေကြီးရေလျှံ နစ်မြုပ်မှုမှ ကာကွယ်နိုင်မည့်အပြင် ရေသောက်ဧရိယာ ၇၄၄၂ ဧကကိုလည်း စိုက်ပျိုးရေကူညီဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကို အရေးယူဆောင်ရွက်သွားမည်

**သာစည် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဆောင်ရွက်မှု အားနည်းလျက်ရှိနေသဖြင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်း စစ်ဆေးအရေးယူ ဆောင်ရွက်ပါက ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို လိုက်နာဆောင်ရွက်ကြသော်လည်း စစ်ဆေးအရေးယူမှုမရှိပါက လိုက်နာဆောင်ရွက်မှု အားနည်းကြောင်း၊ မြို့နယ်အတွင်းယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိခြင်းကြောင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဆောင်ရွက်မှုမရှိသူများကို ဥပဒေအရထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ယာဉ်စည်းကမ်း ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မော်တော်ဆိုင်ကယ်စီးသူများ အနေနဲ့ ရှေ့နောက်နံပါတ်ပြား၊ နောက်ကြည့်မှန်၊ ဟွန်းပါရှိရမယ်။ နှစ်ဦးထက်ပိုမစီးရ၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ရမယ်။ မြို့လယ်မီးပွိုင့်အနီး လမ်းမကြီးပေါ်တွင် လမ်းပြောင်းပြန်ယာဉ်ရပ်၍ ကုန်တင်ကုန်ချပြုလုပ်သည့် မော်တော်ယာဉ်များကိုလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း စစ်ဆေးရေး မိုဘိုင်းအဖွဲ့များဖြင့် စစ်ဆေး အရေးယူသွားမှာဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

"မြို့နယ်အတွင်းမှာ ယာဉ်တိုက်မှုတွေမကြာခဏဖြစ်နေတာ ကြားသိနေရတယ်။ ဘာကြောင့်ဖြစ်တာလဲ မေးကြည့်လိုက်ရင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းမလိုက်နာလို့ ဖြစ်တာတွေဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်စီးတဲ့သူတွေ ဦးထုပ်ဆောင်းရမယ်ဆိုတာလူတိုင်းသိတယ်။ ဒါပေမယ့် စစ်ဆေးဖမ်းဆီးတဲ့အချိန်ပဲ ဦးထုပ်ဆောင်းပြီးဖမ်းဆီးမှုမရှိရင် ဦးထုပ်မဆောင်းကြဘူး။ ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာတဲ့သူတွေကြောင့် စည်းကမ်းလိုက်နာတဲ့သူတွေ အသက်အန္တရာယ်ဖြစ်ရတာတွေရှိတဲ့အတွက် အရေးယူသင့်ပါတယ်။ ယာဉ်စည်းကမ်း လမ်းစည်းကမ်းမလိုက်နာသူတွေကို ထိရောက်စွာအရေးယူ သွားမယ်ဆိုတာကိုတော့ အများပြည်သူတွေသိရှိအောင် ပညာပေးတာမျိုး၊ လှုံ့ဆော်ပေးတာမျိုး ပြုလုပ်ပေးစေလိုပါတယ်"ဟု သာစည်မြို့ဒေသခံတစ်ဦးမှ ပြောပြသည်။

**မျိုးမင်း(သာစည်)**

## သတင်းတိုထွာ

### တရားရုံးဝန်ထမ်းများ မွမ်းမံသင်တန်းဖွင့်

ကရင်ပြည်နယ် တရားလွှတ်တော်က ကြီးမှူးဖွင့်လှစ်သည့် တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာအရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလပထမပတ်က ကရင်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ တရားရေးအရာရှိ ၁၀ ဦးနှင့် သင်တန်းသား ၂၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### ပိုလီယိုကာကွယ် IVP ထိုးဆေး စတင်ထိုးနှံ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဒီဇင်ဘာလပထမပတ်က ပိုလီယိုကာကွယ်ဆေးထိုးဆေးအသစ်စတင်ထည့်သွင်းထိုးနှံပေးခြင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းဦးက မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါလုံးဝပပျောက်စေရန် ရည်ရွယ်ချက်ဖြင့် ပိုလီယိုကာကွယ်ဆေးကို အစက်ချဆေးအပြင်ထိုးဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ဒီဇင်ဘာလမှစတင်ပြီး အသက်လေးလအရွယ် ကလေးငယ်များကို ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မန်ဝိန်းကျေးရွာနှင့် လွယ်ဖွေးကျေးရွာ ဆက်သွယ်ထားသော အရှည်သုံးဖာလုံရှိလမ်းအား မြေသားလမ်းအဖြစ် အသစ်ဖောက်လုပ်ပေးခဲ့သည်။ မြို့နယ်အတွင်းရှိကျေးရွာများ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်သွယ်သွားလာနေကြသည့် ကျေးရွာချင်းဆက်လမ်းပေါင်း ၂၀ ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးကြောင်း သိရသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**

### အသိပညာပေးဟောပြောပွဲကျင်းပ

အရွယ်မရောက်သေးသော ကလေးသူငယ်များနှင့် အမျိုးသမီးများ အဓမ္မပြုကျင့်မှုမဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာလပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ရဲမှူးရဲလွင်စိုး၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိတို့က ကဏ္ဍအလိုက် ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### မီးဘေးကာကွယ်ရေး သရုပ်ပြဟောပြော

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြန်မာ့မီးရထားဘူတာကြီးတွင် ဒီဇင်ဘာလပထမပတ်က မီးဘေးတားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပသည်။

ဒုတိယကြီးကြပ်ရေးမှူး (သွား/လာ)ဦးအေးမင်းနှင့် တာဝန်ရှိသူများက ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မီးသတ်ဒုဦးစီးမှူးက မီးဘေးတားဆီးရေး၊ ငြိမ်းသတ်ရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောပြီး တက်ရောက်လာသူဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

### မာန်အောင်၌ ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်

ဒီဇင်ဘာလပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများသည် ဈေးအနီး (TOP ONE) လက်ဖက်ရည်ဆိုင်စုရပ်မှ မာန်အောင်ကျွန်းပတ်လမ်းရှိ ကုန်းခင်ကျေးရွာထိ စုပေါင်းလမ်းလျှောက်ကြကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**

# ရေးဒေသထွက်ကွမ်းသီး ဈေးကောင်းရရှိ

**မုဒုံ ဒီဇင်ဘာ ၇**

မွန်ပြည်နယ် ရေးမြို့နယ်သည် ဥယျာဉ်ခြံစိုက်ပျိုးခြင်းလုပ်ငန်းတို့ဖြင့် စီးပွားရေးလုပ်ကိုင်ကြပြီး အဓိကသီးနှံမှာ ရော်ဘာနှင့်ကွမ်းသီးလုပ်ငန်းဖြစ်ကြောင်း သိရသည်။ ကွမ်းသီးမှာ သီတင်းကျွတ်လဆန်းမှစထွက်ပြီး နတ်တော်လကုန်ပိုင်းတွင် ဆွတ်ခူးပြီးချိန်ဖြစ်သည်ဟု သိရသည်။ ကွမ်းသီးပေါ်ချိန်တွင် ကွမ်းသီးအစိုတစ်လုံးကို ငွေကျပ် ၃၀ နှင့် အထက်ရရှိပြီး ကွမ်းသီးအကြီးအသေး အရွယ်အစားပေါ်မူတည်ကာ ငွေကျပ် ၃၀ နှင့် ၅၀ ကြား ဈေးကောင်းရရှိကြောင်း သိရသည်။

"ရေးဒေသတွင် ရေးအရှေ့ပိုင်းထွက် ကွမ်းသီးနှင့် အနောက်ပိုင်းထွက် ကွမ်းသီးဆိုပြီး နှစ်မျိုးရှိတယ်။ အနောက်ပိုင်းထွက်ကွမ်းသီးက ပင်လယ်နဲ့နီးတော့ ကွမ်းသီးအလုံးလှတယ်။ စားလို့လည်းကောင်းတယ်။ ဈေးကွက်ဝင်တယ်။ ဈေးကောင်းရတယ်"ဟု ကွမ်းသီးခြံရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်က ကွမ်းသီးပေါ်ချိန် ကွမ်းသီးတစ်လုံးလျှင် ၁၅ ကျပ်နှင့် အမြင့်ဆုံး ၂၅ ကျပ်ခန့်သာရရှိကြောင်း၊ အချို့နှစ်တွေမှာ ကွမ်းသီးအထွက်နှုန်းနည်းလို့ ဈေးကောင်းရရှိခဲ့ဖူးသော်လည်း ယခုနှစ်ကဲ့သို့ ဈေးနှုန်းတစ်ခါမှ မရရှိခဲ့ဖူးကြောင်း၊ ကွမ်းသီးဈေးမြင့်တက်လာရခြင်းမှာ အိန္ဒိယနယ်စပ်ဘက် ကွမ်းသီးဝယ်လိုအားများလာခြင်း၊ ရေးမြို့ပေါ်ရှိ ကွမ်းသီးအဝယ်ဒိုင်များအပြင် ရန်ကုန်အဝယ်ဒိုင်တို့ကလည်း အပြိုင်အဆိုင်ရောင်းဝယ်လာသည့်အတွက်ဖြစ်ကြောင်း သိရသည်။

**မုဒုံ-မောင်မောင်**



# ရာပြည့်အကြို ရန်ကုန်တက္ကသိုလ်

မောင်သာ(ရှေးဟောင်းသုတေသန)

ရန်ကုန်တက္ကသိုလ်ဟု မြန်မာဘာသာဖြင့်တစ်ချပ်၊ အင်္ဂလိပ်ဘာသာဖြင့် တစ်ချပ် ရေးထိုးထားသည့် အင်္ဂတေဖောင်းကြွ ကမ္ပည်းချပ်နှစ်ခုက တက္ကသိုလ်ဝင်ပေါက် အဝ၊ အဓိပတိလမ်းမ၏ ဝဲယာနှစ်ဖက်တွင် ခံ့ထည်စွာ တည်ရှိနေကြသည်။

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်ရှိ သန့်ရှင်း ဖြောင့်စင်းနေသည့် အဓိပတိလမ်းမပေါ်တွင် လမ်းလျှောက်လာနေစဉ် လွန်ခဲ့သော နှစ် ၁၀၀ နီးပါးက ဤလမ်းပေါ်တွင်လျှောက်ခဲ့ကြသည့် ပညာရှင်များ၊ သုတေသီများ၊ ဆရာဆရာမများ၊ ကျောင်းသူ ကျောင်းသားများသည် ယခုအချိန်တွင် ဤလောက၌ ရှိနိုင်ကြတော့မည်မဟုတ်ကြောင်း တွေးမိခဲ့ပါသည်။ သို့သော်လည်း သူတို့အားထုတ်ခဲ့သည့် ကြိုးပမ်းမှုများနှင့်အတူ အဓိပတိလမ်း၊ ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်ပုပ်ပင်၊ တက္ကသိုလ်စာကြည့်တိုက် အစရှိသည့် အဆောက်အအုံများသည် ရန်ကုန်တက္ကသိုလ်၏ အမှတ်သင်္ကေတများအဖြစ် ယနေ့တိုင် ထင်ရှားစွာတည်ရှိနေကြပေသည်။

ရန်ကုန်မြို့ရှိ သက်တမ်း နှစ် ၁၀၀ ဝန်းကျင်ရှိသည့် ရှေးဟောင်းအဆောက်အအုံများအနက် ရန်ကုန်တက္ကသိုလ်သည် အထူးထင်ရှားသော ပညာရိပ်မြုံတစ်ခုဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် ထိုစဉ်က ကမာရွတ်ရွာဟုခေါ်ခဲ့သည့်နေရာတွင် စတင်ထူထောင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် မကြာမီနှစ်များအတွင်း သက်တမ်းနှစ်တစ်ရာပြည့်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဖြစ်စဉ်များနှင့် ဆက်နွယ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ရှည်လျားသော ကာလတစ်လျှောက် စာပေ၊ နိုင်ငံရေးနှင့် ပညာရေးနယ်ပယ်အသီးသီးတွင် ထက်မြက်ထူးချွန်သည့်ပုဂ္ဂိုလ်များစွာကို မွေးထုတ်ပေးနိုင်ခဲ့သကဲ့သို့ ယခုအချိန်တွင်လည်း မျိုးဆက်သစ် ထူးချွန်ကျောင်းသားကျောင်းသူများကို ပျိုးထောင်ပေးလျက်ရှိနေသည်။

သက်တမ်း ၉၅ နှစ်ရှိပြီဖြစ်သည့် လက်ရှိရန်ကုန်တက္ကသိုလ်မပေါ်ပေါက်မီ ၁၈၇၈ ခုနှစ်တွင် ထိုစဉ်က မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ထားသည့် ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် တက္ကသိုလ်ပညာရေးစနစ်တစ်ခုကို ကလကတ္တားတက္ကသိုလ်၏ လက်အောက်ခံကောလိပ်တစ်ခုအဖြစ် စတင်ကျင့်သုံးခဲ့သည်။ ထိုစဉ်က First Arts ဟုခေါ်ဆိုသည့် ဉပစာတန်းစာမေးပွဲကို မြန်မာနိုင်ငံမှ ဖြေဆိုလိုသူများသည် အိန္ဒိယနိုင်ငံ၊ ကလကတ္တားတက္ကသိုလ်တွင် သွားရောက်ဖြေဆိုကြရသည့်အတွက် ထိုစာမေးပွဲဝင်ရောက်ဖြေဆိုလိုသူများကို ရန်ကုန်အစိုးရအထက်တန်းကျောင်း (ယခု လသာ အထက ၁) တွင်



တက္ကသိုလ်အဆင့် စာပေများကို ပို့ချပေးခြင်းဖြင့် တက္ကသိုလ်ပညာရေးစနစ်ကို စတင်ခဲ့သည်။

၁၈၈၄-၈၅ ခုနှစ်တွင် ဗြိတိသျှအစိုးရက ရန်ကုန်အထက်တန်းကျောင်းကို ရန်ကုန်ကောလိပ်အမည်ဖြင့် သီးသန့်ဌာနဖွဲ့စည်းကာ မြန်မာနိုင်ငံပညာရေးဆင်ဒီကိတ်အဖွဲ့က စီမံအုပ်ချုပ်ခဲ့သည်။ ရန်ကုန်ကောလိပ်၏ ပထမဆုံးကျောင်းအုပ်ကြီးအဖြစ် မစ္စတာ



ဂျေအိပ်ချ်ဂီးလ်ဗတ်(J.H.Gilbert)က တာဝန်ယူခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ရန်ကုန်ကောလိပ်ကို အစိုးရက တာဝန်ယူခဲ့ပြီးနောက် ရန်ကုန်အစိုးရကောလိပ်ဟု အမည်တွင်ခဲ့သည်။

ရန်ကုန်မြို့ရှိ အမေရိကန်သာသနာပြုအဖွဲ့သည် မြန်မာနိုင်ငံမှကျောင်းသားများ ကလကတ္တားတက္ကသိုလ်တွင် ပညာသွားရောက် သင်ယူနိုင်ရန် ၁၈၉၄ ခုနှစ်တွင် ကူရှင်ကျောင်း၌ ဉပစာတန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၀၄ခုနှစ်တွင် ရန်ကုန်ကောလိပ်ကို အစိုးရက တာဝန်ယူခဲ့ချိန်တွင် အမေရိကန်သာသနာပြုအဖွဲ့က ရန်ကုန်ကောလိပ်နှင့်အပြိုင် ဂျပ်ဆင်ကောလိပ်ကို ဖွင့်လှစ်ခဲ့ကာ ၁၉၁၈ ခုနှစ်တွင် အမေရိကန်သာသနာပြုပုဂ္ဂိုလ် ဒေါက်တာဂျပ်ဆင်ကို ဂုဏ်ပြုသောအားဖြင့် ဂျပ်ဆင်ကောလိပ် (ယုဒသန်ကောလိပ်)ဟု အမည်ပေးခဲ့သည်။

ထိုစဉ်က ရန်ကုန်ကောလိပ်သည် ကလကတ္တားတက္ကသိုလ်၏ ကြီးကြပ်မှုအောက်တွင် ရှိနေခဲ့သဖြင့် ၁၈၉၂ ခုနှစ်မှစ၍ သီးခြားလွတ်လပ်သော တက္ကသိုလ်ဖြစ်လာစေရန် လှုံ့ဆော်မှုများကို ပြုလုပ်ခဲ့ရာ ၁၉၁၃ ခုနှစ်တွင် အိန္ဒိယအစိုးရက ရန်ကုန်မြို့တွင် သီးခြားတက္ကသိုလ်တည်ထောင်မည့် မူဝါဒချမှတ်ထားကြောင်း ဗြိတိသျှအောက်လွှတ်တော်တွင် ကြေညာခဲ့သည်။

၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မြန်မာပြည် ဥပဒေပြုကောင်စီက ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို အတည်ပြုခဲ့ပြီးနောက် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ပေါ်ထွန်းလာခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ဟု ဖွဲ့စည်းခဲ့သည်။ တက္ကသိုလ်စတင်ဖွင့်ခဲ့စဉ် ရန်ကုန်တက္ကသိုလ်ကောလိပ်တွင် သင်တန်းသား ၆၉၂ ဦးနှင့် ဂျပ်ဆင်ကောလိပ်တွင် သင်တန်းသား ၁၃၇ ဦး တက်ရောက်ခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအဓိပတိမှာ မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ခရက်ဒေါက်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် ကျင်းပခဲ့သည်။ သို့သော် လည်း ရန်ကုန်တက္ကသိုလ်၏ လက်ရှိ ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံကို ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အဓိပတိ ဆာရယ်ဂျီနယ် ခရက်ဒေါက်က အုတ်မြစ်ချပေးပြီး စတင်တည်ဆောက်ခဲ့သည်။ ယခု ၂၀၁၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ၁၂၄ ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပေသည်။

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို ၁၉၅၅ ခုနှစ်တွင် ယူဂိုဆလပ်နိုင်ငံသမ္မတ မာရှယ်တီးတိုးအား ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ချီးမြှင့်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ထိုစဉ်က မြောက်ဗီယက်နမ်သမ္မတ ဟိုချီမင်းအားလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂူရီယန်အားလည်းကောင်း ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့များ ချီးမြှင့်ခဲ့သည်။

မြန်မာပြည်သူများသည် ရန်ကုန်မြို့တွင် တက္ကသိုလ်တစ်ခု ထူထောင်ပေးခြင်းကို ကျေနပ်ကြသော်လည်း တက္ကသိုလ်အက်ဉပဒေပါ ပြဋ္ဌာန်းချက်အချို့ကို ကျေနပ်မှု မရှိခဲ့ကြပါချေ။ တက္ကသိုလ်အက်ဉပဒေသည် အင်္ဂလိပ်တို့၏ ကျွန်သက်ရှည်ရေး စီမံချက်၊ ကျွန်ပညာရေးစနစ်သာဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့သည့်နှစ်မှာပင် တက္ကသိုလ်အက်ဉပဒေကို ပြင်ဆင်ပေးရန် တောင်းဆိုခဲ့ကြသည်။

တက္ကသိုလ်အာဏာပိုင်များက တောင်းဆိုချက်မားကို လိုက်လျောမှုမရှိသဖြင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်(၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်)တွင် ကျောင်းသား ၅၀၀ ကျော်က သပိတ်မှောက်ကြပြီးတောင်းဆိုချက် ၁၆ရပ်ကို ကျောင်းသားများကိုယ်စား ကျောင်းသားခေါင်းဆောင် ဦးဘဦးက လက်မှတ်ရေးထိုး တင်ပြခဲ့သည်။ ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျောင်းသားခေါင်းဆောင် ၁၁ ဦးဖြင့် သပိတ်ကော်မတီကို ဖွဲ့စည်းခဲ့ကြသည်။ ယခုအချိန်တွင် ထိုခေါင်းဆောင်များအားလုံး ကွယ်လွန်ခဲ့ကြပြီဖြစ်သော်လည်း နှစ်စဉ်တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ထိုနေ့ရောက်တိုင်း အမျိုးသားနေ့ အခမ်းအနားများကို တစ်နိုင်ငံလုံး ကျင်းပမြဲဖြစ်သည်။

တက္ကသိုလ်အက်ဉပဒေကို ပြင်ဆင်ရန် ၁၉၂၃ ခုနှစ် နိုဝင်ဘာလတွင် ဦးဘဖေက မြန်မာပြည်ဉပဒေပြုကောင်စီတွင် တင်သွင်းခဲ့ကာ ၁၉၂၄ ခုနှစ်တွင် အတည်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ၁၉၂၅ ခုနှစ် ဇွန်လတွင် မန္တလေးဉပစာကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ကျောင်းသားဦးရေ ၁၅၅၀ ရှိခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင်၂၇၂၈ ဦးအထိ တိုးတက်လာခဲ့သည်။

၁၉၃၆ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကျောင်းသားများတက်ကြွစွာပါဝင်လာခဲ့ရာ ၁၉၃၈ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ကျောင်းသားခေါင်းဆောင် မောင်အောင်ကျော်သည် ယခုဗိုလ်အောင်ကျော်လမ်း၊ ဝန်ကြီးများရုံးဟောင်း အနီးတွင် အင်္ဂလိပ်အစိုးရအားဆန့်ကျင်ဆန္ဒပြမှုအတွင်း ကွယ်လွန်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာသည့် ၁၉၄၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကို ဇန်နဝါရီ ၁၅ရက်မှ စတင်၍ ပိတ်ခဲ့ရသည်။ စစ်အတွင်းအရေးပေါ် တက္ကသိုလ်ကို တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်းတွင် ဆရာကြီးဦးဖေမောင်တင်ကို ကျောင်းအုပ်ကြီး တာဝန်ပေးကာ ဖွင့်လှစ်ခဲ့သည်။

၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ တက္ကသိုလ်ကောလိပ်၊ ဂျပ်ဆင်ကောလိပ်၊ ဆေးကောလိပ်၊ ဆရာဖြစ်သင်ကောလိပ်၊ စိုက်ပျိုးရေးကောလိပ်နှင့် မန္တလေးဉပစာကောလိပ်ဟူ၍ လက်အောက်ခံကောလိပ် ခြောက်ခုအထိ ရှိလာခဲ့သည်။ မန္တလေးဉပစာကောလိပ်သည် ရန်ကုန်တက္ကသိုလ် က စီမံကွပ်ကဲသော ကောလိပ်ဖြစ်ပြီး ကျန်ကောလိပ်ငါးခုသည် ရန်ကုန်တက္ကသိုလ်၏ အပေါင်းပါကောလိပ်များ ဖြစ်လာခဲ့သည်။

၁၉၄၀ မှ ၁၉၅၀ ပြည့်နှစ်များတွင် ရန်ကုန်တက္ကသိုလ်သည် အရှေ့တောင်အာရှတွင် ဂုဏ်သတင်းကြီးမားသော တက္ကသိုလ်တစ်ခု ဖြစ်လာခဲ့ပြီး အာရှတိုက်၏ အကောင်းဆုံး တက္ကသိုလ်များတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် ရန်ကုန်တက္ကသိုလ်နယ်မြေကို မဟာမိတ်တပ်များက သိမ်းပိုက်ထားခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်သင်တန်းများအား ရန်ကုန်မြို့လယ် မဂိုလမ်း (ယခုရွှေဘုံသာလမ်း)ရှိ ရန်ဒေးရီးယားကျောင်း(ယခုအထက ၂ ပန်းဘဲတန်း)တွင် အရေးပေါ် တက္ကသိုလ်ကောလိပ်သင်တန်း (Emergency University College)အဖြစ် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၄ ရက်၌ ဖွင့်လှစ်ခဲ့သည်။ ဆရာကြီးဦးဘ က ကျောင်းအုပ်ကြီးတာဝန်ယူခဲ့သည်။ ထိုကျောင်းတွင် ကျောင်းသားကျောင်းသူ ၄၁၂ ဦး တက်ရောက်ခဲ့ကာ ရန်ကုန်တက္ကသိုလ်နယ်မြေကို သိမ်းပိုက်ထားသော မဟာမိတ်တပ်များရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။

၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်နယ်မြေတစ်ခုလုံးမှ မဟာမိတ်တပ်များ ထွက်ခွာပေးခဲ့ကြသဖြင့် တက္ကသိုလ်နယ်မြေတွင် သင်တန်းများလည်း ပြန်လည်ပို့ချနိုင်ခဲ့ကာ ၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်အက်ဉပဒေကို ထပ်မံပြင်ဆင်ခဲ့ပြီး ဒေါက်တာထင်အောင်သည် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ပါမောက္ခချုပ်ဖြစ်လာခဲ့သည်။ ၁၉၂၅ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သော မန္တလေးဉပစာကောလိပ်သည်လည်း ၁၉၄၈ ခုနှစ်တွင် ဒီဂရီကောလိပ်ဖြစ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် သီးခြားတက္ကသိုလ်ဖြစ်လာခဲ့သည်။

သမိုင်းအစဉ်အလာ ကြီးမားခဲ့ကာ တစ်ချိန်သောကာလက အရှေ့တောင်အာရှတွင် ဂုဏ်ရှိန်အမြင့်မားဆုံးဖြစ်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် မျိုးဆက်သစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဟု အမည်ပြောင်းခဲ့သည်။ သို့သော်လည်း ၁၉၈၉ ခုနှစ်တွင် မူလအမည် ရန်ကုန်တက္ကသိုလ်ဟု ပြန်လည်ပြောင်းလဲသုံးစွဲခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းများကို ၁၉၉၅-၁၉၉၆ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ထူးချွန်ကျောင်းသားကျောင်းသူများအား ဘွဲ့ကြိုသင်တန်းများ ပို့ချပေးလျက်ရှိပေသည်။

**၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်(၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်)တွင် ကျောင်းသား ၅၀၀ ကျော်က သပိတ်မှောက်ကြပြီး တောင်းဆိုချက် ၁၆ ရပ်ကို ကျောင်းသားများကိုယ်စား ကျောင်းသားခေါင်းဆောင်ဦးဘဦးက လက်မှတ်ရေးထိုးတင်ပြခဲ့သည်။ ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျောင်းသားခေါင်းဆောင် ၁၁ ဦးဖြင့် သပိတ်ကော်မတီကို ဖွဲ့စည်းခဲ့ကြသည်။ ယခုအချိန်တွင် ထိုခေါင်းဆောင်များအားလုံး ကွယ်လွန်ခဲ့ကြပြီဖြစ်သော်လည်း နှစ်စဉ်တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ထိုနေ့ရောက်တိုင်း အမျိုးသားနေ့အခမ်းအနားများကို တစ်နိုင်ငံလုံးကျင်းပမြဲဖြစ်သည်. . .**

**စာမျက်နှာ ၁၇ သို့**



# သီပေါဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲနှင့် လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်

**သီပေါ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော် (၁၂)ကြိမ်မြောက် ပူဇော်ပွဲကို တန်ဆောင်မုန်းလကွယ်နေ့မှ နတ်တော်လပြည့်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၂)ကြိမ်မြောက် စွယ်တော်ပူဇော်ပွဲနှင့် ဒေသစာရီလှည့်လည်အပူဇော်ခံပွဲ ကျင်းပရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ပဓာနနာယကဆရာတော်က ဩဝါဒကထာမိန့်ကြားသည်။ ထို့နောက် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံတင့်နှင့် ကော်မတီအတွင်းရေးမှူး ဦးမြသန်းတို့က ပူဇော်ပွဲကျင်းပရေးနှင့် ဒေသစာရီလှည့်လည်ရေး ခရီးစဉ်များကို ရှင်းလင်းပြောကြားကာ ဆပ်ကော်မတီများအလိုက် တာဝန်များ ခွဲဝေပေးအပ်ခဲ့သည်။

**စိုင်း(သီပေါ)**

# မိုးနှောင်းပန်းနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပေါက် ဒီဇင်ဘာ ၇**

ယခုနှစ် မိုးနှောင်းပိုင်းတွင် မိုးရွာသွန်းမှုကောင်းခဲ့သဖြင့် ပေါက်မြို့နယ် ချက်ကန်ကျေးရွာ၌ စိုက်ပျိုးထားသော ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မိုးနှောင်းပန်းနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပေါက်မြို့နယ် ချက်ကန်ကျေးရွာသည် မြေအောက်ရေနှင့် ပေ ၁၅၀၊ ၂၀၀ ခန့်ဝေးကွာသည့်ဒေသဖြစ်သောကြောင့် ပန်းနှမ်းစိုက်ပျိုးရာတွင် သဘာဝမိုးရေကိုအားကိုးစိုက်ပျိုးရကြောင်း၊ ယခုနှစ်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မိုးဦးနှမ်းလျှင်ကို ကဆုန်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြရာ အောင်ရေရရှိခဲ့ခြင်း မရှိသောကြောင့် မိုးဦးနှမ်းလျှင်စိုက်တောင်သူများ မျိုးဆုံးသလောက်နီးပါး ဖြစ်ခဲ့ကြရကြောင်း၊ မိုးနှောင်းပိုင်းကာလတွင်မှ မိုးရွာသွန်းမှုကောင်းမွန်သဖြင့် မိုးနှောင်းပန်းနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလာခြင်းဖြစ်ကြောင်း၊ ယခုနှစ် မိုးနှောင်းပန်းနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေသဖြင့် ယခင်နှစ်များထက် အထွက်နှုန်းကောင်းမွန်မည်ဟု တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

**ဉာဏ်တိုး (ပြန် /ဆက်)**

# မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**ဝါးခယ်မ ဒီဇင်ဘာ ၇**

ဝါးခယ်မမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပြည်သူများအား စာရေးကုန်းရပ်ကွက်ရှိ စက္ခုပါလ မျက်စိအခမဲ့ ခွဲစိတ်ကုသရေး ဆေးပေးခန်း၌ ဒီဇင်ဘာ ၄ ရက်မှ ၆ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)မှ ဂုဏ်ထူးဆောင်နာယက ဦးအုံ့ကျော်၊ အသင်းဥက္ကဋ္ဌ ဦးသန်းဌေးနှင့် အမှုဆောင်အဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့်မျက်စိခွဲစိတ်ဆရာဝန် ဒေါက်တာဌေးဌေးလွင်နှင့် ဆရာဝန်၊ ဆရာမ ရှစ်ဦးတို့က မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသခွဲစိတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင် ၁၂၀၀ ကျော်လာရောက်ပြသခဲ့သည့်အနက် မျက်စိခွဲစိတ်သူ ၂၀၀ ကျော်နှင့် မျက်မှန်လိုအပ်သူ ၄၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ကြောင်း၊ ကျန်ဝေဒနာရှင်များကိုလည်း ဆက်လက်၍ စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လာရောက်ကုသသော မျက်စိဝေဒနာရှင်များမှ ခရီးဝေးမှ လာရောက်သူများအား ညအိပ်ရန် နေရာများလည်း အခမဲ့စီစဉ်ပေးခဲ့ပြီး ဝါးခယ်မမြို့ အထက(၁)ကျောင်းမှ ၁၉၈၁၊ ၁၉၈၂ နှင့် ၁၉၈၃ ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများက ထမင်းဟင်းများ အခမဲ့ကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။



**ကျော်စိန်(ဝါးခယ်မ)**

# ပိုလီယိုရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပြည်သူများ ပါဝင်ကူညီရန်လို

**တောင်ကြီး ဒီဇင်ဘာ ၇**

ယခုနှစ်တွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) (Inacxtivated Polio Vaccine-IPV) စတင်ထိုးနှံရာ၌ ပြည်သူများလည်း ပါဝင်ကူညီပေးရန်လိုကြောင်း သိရသည်။

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) စတင်ထိုးနှံခြင်းလုပ်ငန်းအကြောင်း ပြည်နယ်အဆင့်အသိပေးဆွေးနွေးပွဲကို တောင်ကြီးမြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့ရာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက ဒီဇင်ဘာလတွင် စတင်ထိုးနှံပေးမည့် ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)အကြောင်းနှင့် ပါးစပ်မှတိုက်ရသော ပိုလီယိုကာကွယ်ဆေး၊ ပိုလီယိုအစက်ချကာကွယ်ဆေး၊ ဆေးထိုးဆေးတိုက်ခြင်းဆိုင်ရာများအကြောင်း ရှင်းလင်းပြောကြားပြီး မိမိတို့ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ကလေးငယ်များအား ပိုလီယိုရောဂါ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများတွင် ပြည်သူများပါဝင်ကူညီကြရန် အသိပေးပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်အထူးရောဂါနှိမ်နင်းရေးဌာနမှ အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာနှင်းအိဖြူက ပိုလီယို အကြောသေရောဂါ လုံးဝပပျောက်ရေး မဟာဗျူဟာစီမံကိန်း၊ ပိုလီယိုရောဂါပိုးရှာဖွေခြင်းနှင့် ကူးစက်မှုဖြစ်တောက်ခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအား ဖြည့်စွက်ဆောင်ရွက်ခြင်းနှင့် ပါးစပ်မှတိုက်သော ပိုလီယိုကာကွယ်ဆေးကိုဖယ်ရှားခြင်း၊ ပိုလီယိုအကြောသေရောဂါနှင့် ပိုလီယိုပိုးရပ်အမျိုးအစား သုံးမျိုးအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဆည်ရေရရှိမှုအပေါ်မူတည်၍ နွေစပါးအစား အခြားသီးနှံများ စိုက်ပျိုးမည်

**ရေစကြို ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ငွေချိုဆည်ရေသောက်ဧရိယာများတွင် ဆည်ရေရရှိမှုအပေါ်မူတည်၍ နွေစပါးအစား အခြားသီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်နွေစပါး စိုက်ပျိုးဖို့က သိပ်မသေချာဘူး။ ဆည်ထဲမှာရှိတဲ့ရေက စိုက်ပျိုးရေနဲ့ အောင်ရေပေးဝေနိုင်မှု အခြေအနေကို တွက်ချက်ပြီးမှ လျာထားရတာဖြစ်ပါတယ်။ မနှစ်က မိုးကလည်း ရွာချင်တဲ့နေရာမှာ ရေကြီးအောင်ရွာခဲ့ပေမယ့် ကျွန်တော်တို့မြို့နယ်မှာတော့ ထင်သလောက်မရွာတော့ ဆည်ထဲကို ရေဝင်ရောက်မှု နည်းခဲ့ပါတယ်။ အကယ်၍ ဆည်ရေနည်းလို့ နွေစပါး မစိုက်နိုင်ဘူးဆိုရင် အစားထိုးသီးနှံ ကုလားပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ နေကြာတွေ စိုက်ပျိုးဖို့အတွက် တောင်သူတွေနဲ့ ညှိနှိုင်းပြင်ဆင်ထားပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်က ပြောသည်။

ရေစကြိုမြို့နယ်အတွင်း ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးများမှာမူ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ ယခုနှစ် မိုးရာသီတွင် ငွေချိုဆည်ရေဖြင့် ရေစကြိုမြို့နယ်အတွင်း မိုးစပါး ၂၂၉ ဧက စိုက်ပျိုးခဲ့ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအချိန်တွင် စိုက်ခင်းများ၏ ၈၀ ရာခိုင်နှုန်းခန့် မှည့်ဝင်းနေပြီး မကြာမီ ရိတ်သိမ်းတော့မည်ဖြစ်ကြောင်းနှင့် ဆည်ရေကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်သဖြင့် ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို ငွေချိုဆည်က အထောက်အပံ့ပြုလျက်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

စာမျက်နှာ ၁၆ မှ

၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ၇၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်စိန်ရတုခန်းမကို တည်ဆောက်ဖွင့်လှစ်ခဲ့သကဲ့သို့ တက္ကသိုလ်စိန်ရတုအထိမ်းအမှတ် ၅၀ ပြားနှင့် နှစ်ကျပ်တန်စာပို့တံဆိပ်ခေါင်း နှစ်မျိုးကို ထုတ်ဝေခဲ့သည်။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနယ်ပယ်အသီးသီးတွင် ထိပ်တန်းအဆင့်သို့ ရောက်ရှိရန် ကြိုးပမ်းနေကြရာတွင် မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ နည်းပညာများကိုအခြေတည်လျက် တိုးတက်ဖွံ့ဖြိုးသည့် နိုင်ငံများဖြစ်လာကြစေရန် အားထုတ်ဆောင်ရွက်နေကြပေသည်။

ယခင်က သဘာဝသယံဇာတသည် နိုင်ငံတစ်ခုအတွက် အလွန်အရေးပါသောအရင်းအဖြစ် ဖြစ်ခဲ့သော်လည်း မျက်မှောက်ခေတ်ကာလတွင် လူ့စွမ်းအား အရင်းအမြစ်ကသာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး ၊ စစ်ရေးမောင်းနှင်အား ဖြစ်လာသည်ကို တွေ့မြင်ကြရပေသည်။ ဂျပန်၊ စင်ကာပူစသော နိုင်ငံများသည် သယံဇာတနည်းပါးသော်လည်း လူ့စွမ်းအား အရင်းအမြစ်များကြောင့် ကမ္ဘာ့ထိပ်တန်းနိုင်ငံများ ဖြစ်လာကြရပေသည်။

ရန်ကုန်တက္ကသိုလ်သည်လည်း ခေတ်နှင့်လျော်ညီစွာ လူ့စွမ်းအားအရင်းအမြစ်ဌာန (Human Resources Department) ထူထောင်၍ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနေသည်မှာ ဆယ်စုနှစ်တစ်စု ကျော်လာခဲ့ပြီဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိသော လူ့စွမ်းအားအရင်းအမြစ် သင်တန်းများအားလုံးသည် ဘွဲ့လွန်ဒီပလိုမာတန်းများဖြစ်ကြပြီး ကုန်ထုတ်ဓာတုဗေဒ၊ အသုံးချရူပဗေဒ၊ အင်္ဂလိပ်စာသင်ကြားရေး၊ အသုံးချစိတ်ပညာ၊ ရှေးဟောင်းသုတေသန ပညာ၊ စာကြည့်တိုက်နှင့်သုတပညာ၊ မနုဿဗေဒနှင့် လူမှုရေးသိပ္ပံပညာ ဒီပလိုမာသင်တန်းများ ဖြစ်ကြသည်။

ထို့အပြင် နိုင်ငံတကာဆက်ဆံရေးပညာ ဒီပလိုမာသင်တန်း၊ နိုင်ငံရေးသိပ္ပံ ဒီပလိုမာသင်တန်း၊ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာသင်တန်း၊ အရှေ့တိုင်းပညာ ဒီပလိုမာသင်တန်းစီးပွားရေးလုပ်ငန်းဥပဒေ ဒီပလိုမာသင်တန်း ပင်လယ်ရေကြောင်း ဥပဒေ ဒီပလိုမာသင်တန်း အပြည်ပြည်ဆိုင်ရာ ဥပဒေ ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိနေသည်။




သင်တန်းများအားလုံးသည် နံနက် ၇ နာရီမှ ၉ နာရီအထိ နေ့စဉ်တက်ရသော သင်တန်းများဖြစ်ကြပြီး သင်တန်းကာလမှာ ကိုးလဖြစ်သည်။ သင်တန်းပြီးဆုံး၍ စာမေးပွဲအောင်မြင်သူများကို ရန်ကုန်တက္ကသိုလ်မှ ဒီပလိုမာဘွဲ့များ နှစ်စဉ်အပ်နှင်းလျက်ရှိသည်။ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့်သုတပညာ၊ စီးပွားရေးလုပ်ငန်းဥပဒေ၊ အင်္ဂလိပ်စာ၊ ကုန်ထုတ်ဓာတုဗေဒ၊ အသုံးချရူပဗေဒနှင့် ကွန်ပျူတာဒီပလိုမာသင်တန်းများတွင် အရည်အချင်းပြည့်မီစွာ အောင်မြင်သော သင်တန်းသားများကို မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ သင်တန်းများ ဆက်လက်တက်ရောက် ခွင့်ပြုသည်။ မဟာတန်းများတွင် ထူးချွန်စွာအောင်မြင်ကြသူများသည် မဟာသုတေသနနှင့် ပါရဂူတန်းများအထိ တက်ရောက်နိုင်ကြသည်။

တက္ကသိုလ်စတင်ဖွင့်လှစ်ခဲ့ချိန်မှစတင်၍ ပညာရှင်၊ ပညာတတ်များစွာကို မွေးထုတ်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးသည် ယခုအခါတွင် သက်တမ်း ၉၅ နှစ်ရှိပြီဖြစ်သည့် ဝါရင့်တက္ကသိုလ်ကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိပေသည်။ သက်တမ်းရှည်ကြာခဲ့သည်နှင့်အမျှ နိုင်ငံ့သားကောင်း မျိုးဆက်သစ်များကို ဆက်လက်လက်ဆင့်ကမ်းမွေးထုတ်ပေးနေဦးမည်ဖြစ်သည့် ရန်ကုန်တက္ကသိုလ်ကြီးသို့ ပြန်လည်ရောက်ရှိခဲ့စဉ် ငယ်စဉ်က ကျင်လည်ပျော်ပါးခဲ့သည့် တက္ကသိုလ်ကျောင်းသားဘဝ နေ့ရက်များကို ပြန်လည် အမှတ်ရနေမိပါတော့သည်။

# ပါလျှိုး - ကျိုင်းလပ်ဒေသဖွံ့ဖြိုးရေး မိုဘိုင်းဖုန်းတာဝါတိုင် တည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**တာချီလိတ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပါလျှိုး - ကျိုင်းလပ်ဒေသတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒေသခံပြည်သူများ မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်မှုတိုးတက်ကောင်းမွန်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေဒီယိုစခန်းသစ်နှင့် တာဝါတိုင်တည်ဆောက်နိုင်ရေး မြေနေရာကွင်းဆင်းကြည့်ရှုခြင်း၊ တာလေ-ကျိုင်းလပ် ဖိုင်ဘာဆက်ကြောင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု လုပ်ငန်းများစနစ်တကျရှိပြီး အချိန်မီပြီးစီးနိုင်ရေးကို ဒီဇင်ဘာ ၁ ရက်က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တာလေ-ကျိုင်းလပ် လမ်းတစ်လျှောက် ၆၁ ကီလိုမီတာ အရှည်တွင် 96 Core နှင့် 48 Core တို့ဖြင့် ထည့်သွင်း၍ ဖိုင်ဘာလုပ်ငန်းများ သွယ်တန်းဆောင်ရွက်နေခြင်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တွဲဖက်ပြည်နယ်မန်နေဂျာ ဦးအောင်ကြည်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံ ဒေါ်သန်းသန်းဌေးတို့က လုပ်ငန်းများ စနစ်တကျဖြစ်စေရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးလိုက်လံကြည့်ရှုစစ်ဆေးရာ ဖိုင်ဘာသွယ်တန်းခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် Barons Fujikura ကုမ္ပဏီမှ စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဆွေဝင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းသည်။

ယင်းနောက် မိုင်းပါလျှိုးကျေးရွာအုပ်စုရှိ ကျေးရွာများနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများ မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ခေါ်ဆိုမှု ကောင်းမွန်စေရန် GSM BTS (Base Transceiver Station) ရေဒီယိုစခန်းသစ်တစ်ခုနှင့် အမြင့် ၄၂ မီတာရှိ တာဝါတိုင်တည်ဆောက်နိုင်မည့် မြေနေရာကို ကွင်းဆင်းကြည့်ရှု သတ်မှတ်လျာထားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း**





# ညောင်ဦးမြို့နယ် မြေပဲကြီးစိုက်တောင်သူများ အချိန်အခါမဟုတ် မိုးကြောင့် အဆင်မပြေဖြစ်

**ညောင်ဦး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသများမှ တောင်သူများသည် မြေပဲဖော်ချိန်ဖြစ်၍ အချိန်အခါမဟုတ် မိုးရွာမှုကြောင့် ပဲထွေးဖတ်များ မိုးစိုလျက် လုပ်ငန်းအဆင်မပြေ ဖြစ်လျက်ရှိကြောင်း သိရသည်။

"မိုးက မထင်မှတ်ဘဲ ရွာလိုက်တာ၊ မိုးသည်းတာလည်း မဟုတ်ဘူး။ တဖွဲဖွဲနဲ့ ကျနေတာ။ အဲဒီလို ရွာနေတော့ ရှေ့ဆက်ပြီး ပဲကြီးဖော်လို့ မရတော့ဘူး။ တောင်သူလုပ်ရတာလည်း မလွယ်ပါဘူးဗျာ။ မိုးခေါင်တော့လည်း မိုမျှော်ရ၊ မိုးရွာပြန်တော့လည်း မလိုအပ်တဲ့အချိန်မှာ ရွာတော့ တော်တော်ဒုက္ခများပါတယ်"ဟု မြေပဲကြီးစိုက် တောင်သူကြီးတစ်ဦးက ညည်းတွားပြောဆိုသည်။

ယာတစ်ခင်းကို လေးတင်းကျ၊ ငါးတင်းကျ၊ ခြောက်တင်းကျကြတယ်။ ယာခင်းတိုင်းမှာလည်း အတောင့်တွေက ကြွေကျတယ်။ ကြွေကျတဲ့ အပေါ်ယံပဲ ကောက်လာရတာ။ မနိုင်တော့ ကောက်သင်း ကောက်တွေကိုပဲ ကောက်ရတယ်။ ပဲဖော်တဲ့ရက်က အလုပ်သမားရှားတယ်။ အခုလို ကျွန်တော်တို့ တောင်သူတွေ စိုက်ပျိုးသမျှ မိုးမိတော့ ပိုစိုးပါတယ်" ဟု မြေပဲကြီးစိုက်နေကျတောင်သူကြီးတစ်ဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်ဌေး**

# ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေး

**ကသာ ဒီဇင်ဘာ ၇**

ကသာမြို့နယ်တွင် ခွေးရူးရောဂါကာကွယ်ရေး စီမံချက်ဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဦးစီး၍ မြောက်ကျောင်းဘုန်းကြီးကျောင်း၌ ခွေးရူးရောဂါကာကွယ်ဆေးများကို ဒီဇင်ဘာ ၄ ရက်က အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းထွန်းနှင့် ဒုတိယဦးစီးမှူးများဖြစ်ကြသော ဒေါက်တာသက်စိုးအောင်၊ ဒေါက်တာစုစန္ဒာအေး၊ ဒေါက်တာအေးနုဖြူနှင့် သင်တန်းသား ၂၀ တို့က စုပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ မြောက်ကျောင်းပရိယတ္တိစာသင်တိုက်အတွင်းရှိ ခွေးများနှင့် ရပ်ကွက်အတွင်းရှိ ခွေးများကို ခွေးရူးကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။ ရပ်ကွက်အတွင်းမှ ခွေးများအပြင် ဒေသခံပြည်သူများ မွေးမြူထားသည့် ကြောင်များကိုလည်း ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# မင်းတပ်မြို့၌ အမှိုက်များ လိုက်လံရှင်းလင်း

**မင်းတပ် ဒီဇင်ဘာ ၇**

မင်းတပ်မြို့တွင် ရပ်ကွက်ကြီးလေးရက်ကွက်ရှိသည့်အနက် ဒီဇင်ဘာ ၅ ရက်နေ့တွင် စံပြရပ်ကွက်ကို ရွေးချယ်ပြီး စည်ပင်ဝန်ထမ်းများနှင့် ချီးလူငယ်အဖွဲ့တို့ပူးပေါင်း၍ လမ်းဘေးအမှိုက်များကို သိမ်းဆည်းခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်းပြုလုပ်ကြကြောင်း သိရသည်။

လူဦးရေထူထပ်လာသည်နှင့်အမျှ စွန့်ပစ်ပစ္စည်းများပြားလာခြင်း၊ အမှိုက်စွန့်ပစ်ရန် နေရာရှားပါးလာခြင်းများကြောင့် မင်းတပ်မြို့ပေါ်တွင် အမှိုက်များ ပြန့်ကျဲစွာတွေ့ရလေ့ရှိပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် မြို့အားသန့်ရှင်းစေသည်သာမက မြို့နေလူထုကိုလည်း ပညာပေးသော အလုပ်တစ်ခုဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



# အသင်းကြီးတွေ နောက်တစ်ဆင့်တက်ဖို့အားထုတ်ရမယ့် ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်တွေ လာပြီ

မိုးမြင့်လင်းလက်

*ဒီဇင်ဘာ (၈)ရက်မှာ ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်တွေကို ဆက်လက်ဆင်နွှဲကြဦးမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ အာဆင်နယ်၊ ချယ်လ်ဆီးတို့ရဲ့ စွမ်းဆောင်မှုတွေနဲ့ ဗျူဟာအခင်းအကျင်းကို စောင့်ကြည့်ရမှာဖြစ်သလို ဘယ်အသင်းတွေ နောက်တစ်ဆင့်တက်ရောက်သွားမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။*



### လေဗာကူဆင်နှင့်ဘာစီလိုနာ

အုပ်စု(E)မှာ ဘာစီလိုနာတို့ ၁၃ မှတ်ရနေပြီး နောက်တစ်ဆင့်တက်ရေး အခြေအနေကောင်းနေပြီ ဖြစ်ပါတယ်။ လေဗာကူဆင်တို့က ရိုးမားနဲ့အမှတ်တူနေတာမို့ အခုပွဲမှာ ဘာစီလိုနာတို့ထံက အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ အရန်ကစားသမားတွေနဲ့ပွဲထွက်လာဖို့ ရှိနေတဲ့ ဘာစီလိုနာအသင်းကို အခုပွဲမှာ လေဗာကူဆင်တို့ အခွင့်အရေးတစ်ရပ်လို အသုံးချပြီး အမှတ်ရအောင် ယူနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ အိမ်ရှင်လေဗာကူဆင်တို့အတွက် အနိမ့်ဆုံးတစ်မှတ်ရယူနိုင်မယ့်ပွဲပါ။

### ဒိုင်နမိုဇာဂရက်နှင့် ဘိုင်ယန်မြူးနစ်

အုပ်စု(F)မှာတော့ ဘိုင်ယန်မြူးနစ်တို့ ၁၀မှတ်ရနေသလို နောက်တစ်ဆင့်တက်ရေး သေချာနေပြီ ဖြစ်ပါတယ်။ ဒိုင်နမိုဇာဂရက်တို့ကတော့ သုံးမှတ်ရထားလို့ အခြေအနေမကောင်းတော့ပါဘူး။ နောက်တစ်ဆင့်ကို အုပ်စုပထမနဲ့ တက်ရောက်မယ့် ဘိုင်ယန်မြူးနစ်တို့က ပထမအကျော့မှာ ငါးဂိုးပြတ်နဲ့ နိုင်ထားသလို အခုပွဲမှာလည်း အဝေးကွင်းဆိုပေမယ့် ဂိုးပြတ်သွင်းဦးမှာ ဖြစ်ပါတယ်။

### အိုလံပီယာကို့စ်နှင့်အာဆင်နယ်

အုပ်စု(F)မှာ အာဆင်နယ်တို့ ဒီပွဲက အဆုံးအဖြတ် ဖြစ်နေပါတယ်။ အိုလံပီယာကို့စ်တို့က ကိုးမှတ်ရနေသလို အာဆင်နယ်တို့က ခြောက်မှတ်ရနေတာမို့ ဒီပွဲမှာ နှစ်သင်းစလုံးအတွက် ခြေကုန်ထုတ်ကြရမယ့်ပွဲပါပဲ။ ပထမအကျော့မှာ အိုလံပီယာကို့စ်တို့က သုံးဂိုးနှစ်ဂိုးနဲ့ နိုင်ထားတာမို့ အခုပွဲမှာ အာဆင်နယ်တို့ တော်ရုံအားထည့်လို့ မရပါဘူး၊ နိုင်ပွဲရမှ နောက်တစ်ဆင့် မျှော်လင့်ရမှာ ဖြစ်ပေမယ့် အာဆင်နယ်ရဲ့ ကြိုးစားမှုက နိုင်ပွဲရဖို့ ခက်ခဲနေတာတော့ အမှန်ပါပဲ။

### ချယ်လ်ဆီးနှင့်ပေါ်တို

အုပ်စု(G)မှာ ချယ်လ်ဆီးရော ပေါ်တိုပါ၁၀မှတ်စီ ရရှိနေတဲ့အသင်းတွေဖြစ်ပါတယ်။ ဒီပွဲမှာ အုပ်စုက နောက်တစ်ဆင့်တက်ရေး အပြိုင်ကြိုးစားကြမှာဖြစ်လို့ ပွဲကြီး ပွဲကောင်းဖြစ်ပါတယ်။ ပထမအကျော့မှာ ပေါ်တိုက နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရထားတာမို့ အခုပွဲက ချယ်လ်ဆီးအလှည့်ဖြစ်မလား ကြည့်ရမှာပါ။ ဒီပွဲမှာ နှစ်သင်းစလုံး အတိမ်းအစောင်းမခံတာမို့ အမှတ်ခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။

### ရိုးမားနှင့်ဘိုရီဆော့ဗ်

အုပ်စု(E)မှာတော့ ရိုးမားတို့ ငါးမှတ်ရနေပြီး ဘိုရီဆော့ဗ်တို့ လေးမှတ်ရထားပါတယ်။ နှစ်သင်းစလုံးနိုင်ပွဲရမှဖြစ်မှာမို့ ဒီပွဲမှာမှားတဲ့အသင်း ချန်ပီယံလိဂ်က နှုတ်ဆက်ထွက်ခွာရမှာဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ဘိုရီဆော့ဗ်က သုံးဂိုးနှစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့လို့ အခုပွဲမှာ ရိုးမားတို့ ဘယ်လို ခြေစွမ်းနဲ့နိုင်ပွဲရမလဲဆိုတာ စိတ်ဝင်စားစရာပါ။ ရိုးမားရဲ့တိုက်စစ်က စွမ်းအားမြင့်နေပြီး ဂိုးရအောင်လည်း ဖန်တီးနိုင်တာမို့ အခုပွဲမှာ ရိုးမားတို့ပဲ အောင်ပွဲခံပြီးနောက်တစ်ဆင့်တက်ရောက်သွားပါလိမ့်မယ်။

### ဒိုင်နမိုကိဗ်နှင့်မက္ကာဘီတဲလ်အဗစ်

အုပ်စု(G)မှာတော့ ဒိုင်နမိုကိဗ်တို့ ရှစ်မှတ်ရနေလို့ နောက်တစ်ဆင့်တက်လှမ်းရေးအတွက် အခုပွဲကို မဖြစ်မနေ အနိုင်ကစားပါလိမ့်မယ်။ မက္ကာဘီတဲလ်အဗစ်တို့ကတော့ မျှော်လင့်ချက်မရှိတော့တာမို့ အခုပွဲကို အားထည့်မှာ မဟုတ်ပါဘူး၊ ဒီပွဲမှာ အိမ်ရှင်တို့ပဲ သုံးမှတ်အပြည့်ယူပြီး နောက်တစ်ဆင့်တက်လှမ်းဖို့ ရာနှုန်းများနေပါတယ်။

### ဗလင်စီယာနှင့်လိုင်ယွန်

အုပ်စု(H)မှာ ဗလင်စီယာတို့ ခြောက်မှတ်ရနေတာမို့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်တော့ ရှိနေပါတယ်။ ဂျန့်တို့က ရှုံးနိမ့်ခဲ့ရင် ဗလင်စီယာတို့အတွက် နောက်တစ်ဆင့်တက်ဖို့အခွင့်အရေးရနိုင်တာမို့ အခုပွဲမှာ မျှော်လင့်ချက်မရှိတဲ့ လိုင်ယွန်ကို ဗလင်စီယာတို့ အနိုင်ရအောင်ကစားမှာ သေချာနေပါတယ်။

## တန်းဆင်းဇုန်ရောက်ဖို့နီးလာတဲ့ချယ်လ်ဆီး

မော်ရင်ညိုရဲ့ ချယ်လ်ဆီးအသင်းဟာ ယခုနှစ် ပရီမီယာလိဂ်မှာ ရှုံးပွဲတွေ ဆက်တိုက်ကြုံနေတဲ့အတွက် တန်းဆင်းဇုန်ရောက်ဖို့ နီးလာပြီဖြစ်ပါတယ်။ ပွဲစဉ် ၁၅မှာ အောက်တန်းအသင်း ဘုန်းမောက်ကိုပင် တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီရှုံးနိမ့်မှုဟာ ချယ်လ်ဆီးအသင်းအနေနဲ့ ယခုနှစ် ပရီမီယာလိဂ်မှာ ရှစ်ပွဲမြောက် ရှုံးနိမ့်မှုဖြစ်ပါတယ်။ ၁၅ ပွဲကစားပြီး ရမှတ်အနေနဲ့ ၁၅ မှတ်သာ ရရှိထားတဲ့အတွက် တန်းဆင်းဇုန်အသင်းတွေနဲ့ ရမှတ် သုံးမှတ်သာ ကွာခြားမှုရှိတော့ပါတယ်။ နည်းပြ မော်ရင်ညိုအနေနဲ့ နာမည်ကြီး တိုက်စစ်မှူး ကော်စတာကို ပွဲအစမှာပင် ထည့်သွင်းကစားခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒုတိယပိုင်းရောက်မှသာ ကော်စတာ အစားဝင်ရောက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲမှာ ဘုန်းမောက်ကတောင် ဒုတိယပိုင်းမှာ ခြိမ်းခြောက်ကစားခဲ့ပါတယ်။ ဘုန်းမောက်အသင်းရဲ့ တစ်လုံးတည်း အနိုင်ဂိုးကိုတော့ ပွဲချိန် ၈၂ မိနစ်မှာ ဂလင်းမာရေးက သွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးတို့ ပြန်လည် ချေပနိုင်ခြင်းမရှိဘဲ အရှုံးနဲ့သာ ရင်ဆိုင်ခဲ့ရပြန်ပါတယ်။ ချယ်လ်ဆီးအသင်း အနေနဲ့ အဓိကပြိုင်ဘက်ဖြစ်တဲ့ ဇယားစတုတ္ထနေရာကို ရယူထားတဲ့ မန်ယူနဲ့ ၁၄ မှတ်ကွာနေပြီဖြစ်ပါတယ်။






## အနာဂတ်မှာ ဒရော့ဘာဖြစ်လာမယ့် လူကာကူ

အဲဗာတန် တိုက်စစ်မှူး လူကာကူဟာ ဒီနှစ်ပရီမီယာလိဂ်မှာ သိသိသာသာ ခြေစွမ်းပြကစားလာတာ တွေ့ရပါတယ်။ သူဟာ အနာဂတ်မှာ ချယ်လ်ဆီး တိုက်စစ်မှူးဟောင်း ဒရော့ဘာလို ဂိုးသွင်းကောင်းတဲ့ တိုက်စစ်မှူး ဖြစ်လာလိမ့်မယ်လို့ ခရစ္စတယ်ပဲလေ့စ်နည်းပြ အလန်ပါဒူးက ဆိုပါတယ်။ လူကာကူဟာ ယခုနှစ် ပရီမီယာလိဂ်မှာ ၁၀ဂိုးအထိ သွင်းယူထားနိုင်ပြီ ဖြစ်ပါတယ်။ သို့ပေမယ့် အသက် ၂၃ နှစ် မပြည့်မီမှာ ပရီမီယာလိဂ်မှာ ဂိုး ၅၀ အထိ သွင်းယူနိုင်တဲ့ စတုတ္ထမြောက်ကစားသမား ဖြစ်လာပါတယ်။ အနာဂတ်မှာ လူကာကူဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး ကစားသမားဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ သူဟာ သာမန် တိုက်စစ်မှူးတွေ မရှိနိုင်တဲ့ အရည်အချင်းတွေရှိနေတယ်လို့ ဆိုပါတယ်။ နောက်တန်းကစားသမား အများစုဟာ ညာသန်တိုက်စစ်မှူးတွေကို သတိပြုကာကွယ်နေရပါတယ်။ လူကာကူရဲ့ ညာတောင်ပံထိုးဖောက်ကစားမှုဟာ အတော်လေးကောင်းမွန်တယ်လို့ ဆိုပါတယ်။ ပြိုင်ပွဲအားလုံးမှာ ခြေစွမ်းပြကစားလာတဲ့ လူကာကူကို ဒရော့ဘာဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ် ၉ အင်္ကျီကို ဝတ်ဆင်ကစားသင့်တယ်လို့ ခရစ္စတယ်ပဲလေ့စ်နည်းပြ အလန်ပါဒူးက ဆိုပါတယ်။

ကောင်းမြတ်သူ ➤ စုစည်းသည်

## ကစားသမားလေးဦးရဲ့ လျင်မြန်မှုကြောင့် စတုတ်အောင်နိုင်ခဲ့

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၅ မှာ စတုတ်ရဲ့ တိုက်စစ်ကတော့ ပရိသတ်တွေ အံ့အားသင့်ခဲ့ရပါပြီ။ ဒီပွဲမှာ ဘိုဂျန်၊ ရှာကျိရီ၊ အာနူတိုဗစ်နဲ့ အဖယ်လေတို့က စတုတ်ရဲ့ တိုက်စစ်ကို မာမာတင်းတင်း ပွဲထွက်ကစားပြီး ပထမပိုင်းမှာပဲ အာနူတိုဗစ်က နှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့တာပါ။ ဒီကစားသမားလေးဦးရဲ့ လျင်မြန်စွာထိုးဖောက်မှုကို မန်စီးတီးနောက်တန်းကစားသမားတွေ ဟန့်တားပိတ်ဆို့နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ၂၀၀၉ ခုနှစ်မှာ မန်စီးတီးက အလုပ်ဖြုတ်လိုက်တဲ့ မတ်ဟုတ်ရဲ့ စတုတ်ဟာ ခပ်ကြမ်းကြမ်းကစားပြီး အနိုင်ရရှိသွားခဲ့တာပါ။ ဒီအနိုင်ပွဲကြောင့် စတုတ်အသင်းဟာ ဇယားတစ်ဝက်လောက်ခုန်တက်နိုင်ခဲ့ပါတယ်။ စတုတ်ရဲ့ တိုက်စစ်ကို လျှော့တွက်လို့ရတော့မှာ မဟုတ်ပါဘူး။ ဒီပွဲမှာ ကစားသွားတဲ့ စတုတ်ရဲ့တိုက်စစ်က မန်စီးတီးသာမက မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ် အစရှိတဲ့ ထိပ်သီးအသင်းတွေအတွက်တော့ စိုးရိမ်စရာကောင်းတဲ့ ခြိမ်းခြောက်ကစားနိုင်မှုဖြစ်ပါတယ်။ တိုက်စစ်မှာ လျင်မြန်တိကျမှုတွေနဲ့ ထိုးဖောက်ကစားခဲ့တဲ့အတွက် ပြိုင်ဘက်အသင်းတွေအတွက် သတိထားရမယ့် အနေအထားဖြစ်ပါတယ်။



# အခြေခံပြည်သူများ တန်ဖိုးနည်းအိမ်ရာရရှိရေးတွင် မြေနေရာအခက်အခဲကြောင့် အကောင်အထည်မဖော်နိုင်ဖြစ်နေ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရန် မြေနေရာအခက်အခဲရှိနေ၍ တန်ဖိုးနည်းအိမ်ရာများကိုဖော်ဆောင်ပေးမည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် လက်တွေ့အကောင်အထည်မဖော်နိုင်ဖြစ်နေရကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း (MCEA )မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကြည့်မြင်တိုင်တစ်ဖက်ကမ်း၌ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်က တည်ဆောက်ရန်မြေနေရာ တင်ပြထားသည့် အဆောက်အအုံတစ်လုံးလျှင် ရှစ်လွှာပါဝင်သော တန်ဖိုးနည်းအိမ်ရာစီမံကိန်း ပုံစံငယ်။**



မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEA)၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်ပိုင်က “ရန်ကုန်တိုင်းဒေသကြီးမှာ အခြေခံပြည်သူများ အမှန်တကယ် တိုက်ခန်း၊ အိမ်ရာ ကိုယ်ပိုင်ဘဝနဲ့နေနိုင်ဖို့ တန်ဖိုးနည်းအိမ်ရာ ဖော်ဆောင်ဖို့ဆိုတာက ဆောက်လုပ်ပေးမယ့် ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအနေနဲ့ စီမံကိန်းမြေနေရာ အခက်အခဲရှိနေပါတယ်။ တစ်ဆင့်ဝယ်ပြီး ဆောက်လုပ်ရမယ်ဆိုရင် မြေတန်ဖိုးဈေးကအလွန်ကြီးပြီး တန်ဖိုးနည်းဖြစ်ဖို့ မလွယ်ကူဘူးလေ”ဟု ပြောသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်တို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မြေနေရာပေါ်၌ စက်ရုံလုပ်သားအိမ်ရာများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ထိုအိမ်ရာတိုက်ခန်းများပြီးစီးလျှင် စက်ရုံအလုပ်ရုံပိုင်ရှင်များအား ထိုက်သင့်သည့်ငွေကြေးဖြင့် အပ်နှံပြီး စက်ရုံလုပ်သားများ၏ လစာဝင်ငွေများအပေါ် မူတည်၍ ငှားရမ်းခြင်းနှင့် အရစ်ကျစနစ်ဖြင့် ရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း လှိုင်သာယာစက်မှုဇုန်ကော်မတီရုံးမှ သိရသည်။

တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပြီးပါက ရောင်းချမှုနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက “မြေနေရာက သင့်တင့်တဲ့တန်ဖိုးနဲ့ရလို့ ဆောက်လုပ်ပြီး အခန်းတွေကို အခြေခံပြည်သူတွေရဲ့လက်ထဲကို တိုက်ခန်းသော့အပ်နှံမယ်ဆိုရင်လည်း သူတို့မှာ အလုပ်ရှိဖို့လိုတယ်။ ပြီးတော့ ပုံမှန်ဝင်ငွေရရှိဖို့လိုတယ်။ ဝင်ငွေမရှိ၊ အလုပ်မရှိတဲ့ အခြေခံပြည်သူတစ်ယောက်အတွက် အိမ်ရာရရှိဖို့ဆိုတာကတော့ မလွယ်ကူတဲ့ကိစ္စပါ” ဟု သုံးသပ်ပြောကြားသည်။

ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ် ကိုင်နေကြသော စက်ရုံ၊ အလုပ်ရုံလုပ်သားများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဈေးရောင်းဈေးဝယ် ပျံ့ကျဈေးသည်များမှာ မြို့ပေါ်ဆင်ခြေဖုံးရပ်ကွက်များ၌ တိုက်ခန်းငှားရမ်းခ တစ်လလျှင် ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းကြားဖြင့် ငှားရမ်းနေထိုင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ကြုံရာကျပန်း အလုပ်လုပ်နေသူများနှင့် အခြားအခြေခံလုပ်ငန်းများဖြင့် နေ့စဉ်မိသားစုဘဝရပ်တည်ရေးအတွက် ရုန်းကန်နေကြသော မိသားစုများမှာလည်း စက်မှုဇုန်လမ်းမကြီး၏ ဘေးဝဲ/ယာနှင့် ဆင်ခြေဖုံးမြို့နယ်များရှိ လမ်းမကြီးများ၏ ဘေးဝဲ/ယာတို့၌ ကျူးကျော်နေထိုင်နေကြကာ တိုင်းဒေသကြီးအတွင်း ကျူးကျော်နေထိုင်သူဦးရေ သိန်းနှင့်ချီရှိကြောင်း သိရသည်။

အဆိုပါ ကျူးကျော်နေထိုင်သူများမှာ လျှော့နည်းခြင်းမရှိဘဲ ယခုအခါ များသထက်များလာပြီး ကြုံရာနေရာ လမ်းဘေးတွင် တဲထိုးနေထိုင်ကြကြောင်း၊ လှိုင်သာယာမြို့နယ်အတွင်း ပန်းလှိုင်မြစ်ကြီး တိမ်ကောလာခိုက်ကလည်း မြေနုကျွန်းပေါ်လာပြီဟုဆိုကာ စုပြုံလာရောက်နေထိုင်နေမှုများရှိခဲ့ပြီး မြစ်ကြောင်းပြန်လည်တူးဖော်ရေးစီမံကိန်းအရ ဖယ်ရှားခဲ့ရကြောင်း သိရသည်။

အခြေခံပြည်သူများ အနေဖြင့် သင့်တင့်သည့်ဈေးနှုန်းနှင့် သွားလာရေးလွယ်ကူသည့် နေရာတစ်ခုတွင် ကိုယ်ပိုင်အိမ်ရာတိုက်ခန်း ရရှိစေချင်သည့် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့လယ်နှင့်နီးကပ်သည့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် တော်ဝင်မိသားစုကုမ္ပဏီလီမိတက်က တန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခု ဆောက်လုပ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

“လက်ရှိတော့ မြေနေရာအတွက် ပြည်ထောင်စုအစိုးရကို တင်ပြထားပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကိုလည်း တင်ပြထားပါတယ်။ ဒီကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာဆိုရင် ဝန်ထမ်းတွေအတွက်လည်း အဆင်ပြေပါတယ်။ တံတားထိုးပေးလိုက်ရင်တော့ ပိုအဆင်ပြေတာပေါ့။ ဆူးလေဘုရားကို မိနစ် ၂၀ နဲ့ရောက်နိုင်တာ အဲဒီနေရာပဲရှိတာလေ။ ဒီအပြင် အင်းစိန်၊ လှိုင်သာယာမြို့နယ်တွေကိုလည်း သွားလို့နီးတဲ့ နေရာပါ။ ဒါကြောင့် အဲဒီနေရာကို စီမံကိန်းလုပ်ဖို့ စဉ်းစားမိတာပါ။ ဒီထက်ဝေးတဲ့နေရာကျတော့လည်း မြေကွက်ရနိုင်ပေမယ့် အိမ်ခန်းတော့ ဈေးနှုန်းချိုသာပြီး ပြည်သူတွေသွားလာရေးအပိုင်းနဲ့ အလုပ်အသွားအပြန် ခရီးစရိတ်ထောင်းမှာစိုးလို့ မလုပ်ဆောင်တာပါ။ လက်ရှိတန်ဖိုးနည်းအိမ်ရာဆောက်လုပ်ဖို့အတွက် စက်ယန္တရားများ အဆင်သင့်ရှိနေပါပြီ” ဟု တော်ဝင်မိသားစုကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။ အိမ်ရာများရောင်းချရာတွင် အရစ်ကျစနစ်များ ပါဝင်ကြောင်းသိရပြီး တန်ဖိုးနည်းအိမ်ရာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရအား မြေနေရာ တင်ပြထားပြီဖြစ်ကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီးပါက အခြေခံပြည်သူများ ဝယ်ယူ နေထိုင်နိုင်စေရန်အတွက် အိမ်ရာစီမံကိန်းတည်ဆောက်သူများနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း ရန်ကုန်မြို့တွင်း လာရောက်အလုပ်လုပ်ကိုင်နေသော မင်္ဂလာဒုံမြို့နယ်နေ ဝန်ထမ်းပြည်သူတစ်ဦးက တန်ဖိုးနည်းအိမ်ရာများ ရောင်းချမှုနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ပြောသည်။ “တန်ဖိုးနည်းအိမ်ရာတွေ ဆောက်လုပ်ပြီဆိုရင်လည်း ရောင်းသူ၊ ဝယ်သူကြားမှာ ပွဲစားတွေလည်း ပေါ်လာဦးမှာပဲ၊ ဖြစ်စေချင်တာက ဒီတန်ဖိုးနည်းအိမ်ရာစီမံကိန်းကနေ အခြေခံ လူတန်းစားတွေအတွက် ဘယ်လိုစီစဉ်ထားသလဲ။ အဲဒါ ပိုအရေးကြီးပါတယ်။ ဥပမာအနေနဲ့ ပြောရရင် အထည်ချုပ်လုပ်ငန်းဆိုရင် သူဌေးနဲ့စီမံကိန်းကနေပြီး စကားပြောရမယ်၊ ဒီအထည်ချုပ်လုပ်ငန်းမှာ ဝန်ထမ်းဦးရေ ဘယ်လောက်ရှိလဲပေါ့။ တစ်ဦးကို ဝင်ငွေဘယ်လောက်ရှိလဲ။ လစာနှစ်သိန်းရတဲ့သူကတော့ တစ်လတစ်သိန်းသွင်းနိုင်မှာပေါ့။ ဒါမှမဟုတ် လစာနည်းတဲ့သူကျပြန်တော့လည်း သူဌေးက ကြိုတင်ဝယ်ယူပေးထားပြီး လစာထဲကဖြတ်သွားရင်လည်းရတယ်လေ။ ဒါဆို အခြေခံလူတန်းစားအားလုံး ရနိုင်ပြီပေါ့”ဟု ၎င်းက သုံးသပ်ပြောဆိုသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့အပြင် မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် အခြားမြို့နယ်များတွင်လည်း တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်လျက်ရှိကြောင်းနှင့် အဓိကအားဖြင့် လုပ်ငန်းခွင်ဝင်နေကြသော ပုံမှန်ဝင်ငွေရှိကြသည့် လုပ်သားများအတွက် အိမ်ရာများဖော်ဆောင်ပေးနိုင်ရန် စက်မှုဇုန်များ အနီးတစ်ဝိုက်တွင် တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်လျက်ရှိနေကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။ **စိုးဝင်း(SP)**

**ဓာတ်ပုံ-တင်လှမောင်**

# ပြည်သူ့ဆေးရုံကြီးသို့ ထရန်စဖော်မာ လှူဒါန်း



**ဝါးခယ်မ ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော ၂၀၀ ကေဗွီအေ ထရန်စဖော်မာကို ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)မှ ဒီဇင်ဘာ ၅ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထရန်စဖော်မာ လှူဒါန်းပွဲတွင် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)မှ ဂုဏ်ထူးဆောင်နာယက ဦးအုံ့ကျော်က ထရန်စဖော်မာ လှူဒါန်းခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျပ်သိန်း ၁၈၀ ကျော် တန်ဖိုးရှိ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်ကို ဆေးရုံအုပ်ကြီးကိုယ်စား ဒေါက်တာချမ်းမြေ့လှိုင်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထရန်စဖော်မာသစ်လှူဒါန်းပွဲသို့ ဝါးခယ်မမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်၊ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းဌေးနှင့် အမှုဆောင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့သည်။

**ကျော်စိန်(ဝါးခယ်မ)**

# ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲများ ကျင်းပ

**မြိုင်**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှကြီးကြပ်၍ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲက ကျင်းပခဲ့သည်။ လူထုလမ်းလျှောက်ပွဲတွင် မြိုင်အထကကျောင်းရှေ့ ပခုက္ကူလမ်းအတိုင်း မြို့ပတ်လမ်းမှ မန္တလေးလမ်းအထိနှင့် မန္တလေးလမ်းမှ မြို့နယ်အားကစားကွင်းသို့ မြို့နယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်သုံးခုမှ ပြည်သူများ စုပေါင်းပါဝင် လမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။ **အောင်ကျော်မြင့်**

**ဆော**

ဂန့်ဂေါခရိုင် ဆောမြို့၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်က ကျင်းပရာ ဆောမြို့နယ်အတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၆၃၀၀ ကျော် ပါဝင်၍ ဦးဘိုးလှိုင်ခန်းမရှေ့စုရပ်မှ အကြည်ကတင်းကျေးရွာအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားကွင်း၌ စုပေါင်းကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို မြင်းခြံမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးစီး၍ ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာအထက် တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြပြီး မြင်းခြံမြို့နာရီစင်မှ စတင်ထွက်ခွာကာ ပြန်/ဆက်ရုံးရှေ့မှတစ်ဆင့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရောက်ရှိပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

**မင်းလှ**

သာယာဝတီခရိုင် မင်းလှမြို့၌ ဒီဇင်ဘာ ၅ ရက်နံနက်ပိုင်းက ကျင်းပခဲ့သော လူထုလမ်းလျှောက်ပွဲတွင် မြို့နယ်အတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်းပါဝင်၍ စည်ပင်သာယာရုံးထောင့်စုရပ်မှ ခရီးနှစ်မိုင်ခန့်ရှိသည့် ဇရစ်ချောင်းကျေးရွာအုပ်စု ချောင်းနားကျေးရွာတံတားထိပ်သို့ စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

**ဟားခါး**

ဒီဇင်ဘာအားကစား (ပထမပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်က ဟားခါးမြို့ ဗိုလ်ချုပ်လမ်းရှိ ဆေးရုံလမ်းခွဲ(စုရပ်)၌ ကျင်းပရာ စုပေါင်းလမ်းလျှောက်ပွဲတွင် ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၆၀၀ ကျော်တို့က ဆေးရုံလမ်းခွဲစုရပ်မှ စတင်တာထွက်ပြီး ဗိုလ်ချုပ်လမ်းအတိုင်း ဝမ္မသူးမောင်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြသည်။ ထို့နောက် အမျိုးသား/အမျိုးသမီး လွန်ဆွဲပွဲကို ကျင်းပရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန် /ဆက်)**



**သီပေါ**

ဒီဇင်ဘာလူထုအားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အားကစားကွင်းစုရပ်၌ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော် ဦးဆောင်သောဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် မိုင်းပွန်လမ်းမှ မန္တလေး-လားရှိုး-မူဆယ်သွားပြည်ထောင်စုလမ်းမကြီး စံဖိတ်ကျေးရွာအထိ စုပေါင်းလမ်းလျှောက်ကြသည်။ ထို့နောက် စံဖိတ်ကျေးရွာဘောလုံးကွင်းတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအတွဲ (၁)နှင့် (၂) လေ့ကျင့်ခန်းများပြုလုပ်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# တိရစ္ဆာန်ဆရာဝန်များ၏ အရည်အသွေးနှင့် လေ့လာမှုများ မြှင့်တင်ရန်လိုအပ်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၇**

တိုးပွားလာသော လူဦးရေနှင့်အတူ အစားအစာအတွက် လိုအပ်ချက်များ အရည်အသွေးမီစွာ ထွက်ပေါ်စေရေးနှင့် အီဘိုလာ၊ မားစ် စသည့် တိရစ္ဆာန်များမှ တစ်ဆင့်ကူးစက်သည့်ရောဂါများကို ကာကွယ်တားဆီးနိုင်ရေးအတွက် တိရစ္ဆာန်ဆရာဝန်များ၏ အရည်အသွေးနှင့် လေ့လာမှုများမြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ (၁၃)ကြိမ်မြောက် ညီလာခံမှ သိရှိရသည်။



ဒေါ်တင်တင်မြိုင်

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက် ၁၇ ချက်အနက် အစားအစာငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စဉ်ဆက်မပြတ်စိုက်ပျိုးရေးအတွက် Animal Agriculture သည်လည်း ပါဝင်သဖြင့် မြန်မာနိုင်ငံ၏ Animal Agriculture ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန် တိရစ္ဆာန်ဆရာဝန်များ စုပေါင်းကြိုးပမ်းကြရန် လိုအပ်ကြောင်း အဆိုပါညီလာခံမှ သိရသည်။

"အာဆီယံဒေသတွင်း တိရစ္ဆာန်ကနေ လူကိုကူးစက်နိုင်တဲ့ရောဂါတွေ လျှော့ကျရေးနဲ့ ကာကွယ်ထိန်းချုပ်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် တိရစ္ဆာန်ကျန်းမာရေးနဲ့ ကူးစက်ရောဂါဆိုင်ရာ အာဆီယံနိုင်ငံများ ညှိနှိုင်းဆောင်ရွက်မှု ဗဟိုအဖွဲ့ (ASEAN Coordination Center on Animal Health and Zoonosis - ACCAHZ) ကို လက်မှတ်ထိုးဖို့ရှိပါတယ်"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဦးအောင်မြတ်ဦးက ပြောသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း လွတ်လပ်သည့်ကုန်သွယ်ရေးစနစ် Free Trade Area တွင်ပါဝင်ပြီး မွေးမြူရေးထုတ်ကုန်များ၊ သားငါးထုတ်လုပ်မှုများအတွက် စျေးကွက်ယှဉ်ပြိုင်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်ရာ မိမိနိုင်ငံ၏ သားငါးထုတ်လုပ်မှုကဏ္ဍ၏ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ထုတ်ကုန်လုပ်ငန်းရှင်များနည်းတူ တိရစ္ဆာန်ဆေးကု ဆရာဝန်များသည်လည်း အရေးကြီးကြောင်း သိရသည်။

နယ်စပ်ဒေသများ၌လည်း ရောဂါကင်းရှင်းရေးဇုန်များ ထူထောင်သွားရန်ရှိပြီး ကောင်းမွန်သန့်ရှင်းသော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practice - GAHP) နှင့်အညီ ဆောင်ရွက်ရန်ရှိပြီး အဓိကအားဖြင့် အသားစားကြက်၊ ဥစားကြက် မွေးမြူထုတ်လုပ်ရေးအတွက် အာဆီယံစံချိန်



ဒေါက်တာဦးအောင်မြတ်ဦး

စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်အတည်ပြုပြီးဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောသည်။

"လူထုကျန်းမာရေးအတွက် တိရစ္ဆာန်ဆေးကုဆရာဝန်တွေရဲ့ လုပ်ငန်းဆောင်ရွက်မှုက အရေးကြီးပါတယ်။ တိရစ္ဆာန်ကနေ လူကိုကူးစက်တဲ့ရောဂါတွေမှာ စနစ်တကျကာကွယ်တားဆီးထိန်းချုပ်ဖို့နဲ့ လူထုကျန်းမာရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ လိုပါတယ်။ ကမ္ဘာ့လူဦးရေတိုးနှုန်းကို ကုလသမဂ္ဂက တွက်ချက်ခန့်မှန်းရာမှာ ယခုအချိန်မှာ ၇ ဒသမ ၃ ဘီလီယံရှိနေပြီး ၂၀၅၀ ရောက်တဲ့အခါ ၁၀ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိနိုင်တယ်လို့ သိရပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ လူဦးရေတိုးနှုန်းကို လေ့လာကြည့်တဲ့အခါ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိမှာ ၀ ဒသမ ၆၇ ရာခိုင်နှုန်းတိုးလာပြီး ၂၀၁၀ ကနေ ၂၀၁၅ မှာ ၀ ဒသမ ၈၂ ရာခိုင်နှုန်းအထိ တိုးလာတာကို မြင်တွေ့ရတယ်။ လူဦးရေများပြားလာတာနဲ့အမျှ အစားအစာလိုအပ်ချက်တွေမြင့်တက်လာရသလို တောရိုင်းတိရစ္ဆာန်တွေရဲ့ နေထိုင်မှုပုံစံတွေဟာလည်း ပြောင်းလဲလာရတယ်။ ဥပမာပြောရရင် အင်ဒိုနီးရှားမှာ ၁၉၉၈ ခုနှစ်က တောမီးလောင်ခဲ့တာကြောင့် လင်းနို့တွေဟာ နီပေါအထိ ပျံသန်းသွားခဲ့ပြီး ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားရတာမျိုးတွေရှိတယ်။ ဒါကြောင့် တိရစ္ဆာန်ဆေးကုဆရာဝန်တွေရဲ့ သုတေသနပြုလုပ်လေ့လာတွေ့ရှိချက်တွေနဲ့ ကုသပေးမှုတွေဟာ အလွန်အရေးပါတယ်"ဟု မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်မြိုင်က ရှင်းလင်းပြောကြားသည်။

ယခုအခါ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) တို့ ပူးပေါင်းကာ တိ/ကုဆရာဝန်များအတွက် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်း၊ Asion Oceania Veterinary Group တို့ပူးပေါင်းကာ တိရစ္ဆာန်ခွဲစိတ်ကုသမှုဆိုင်ရာများ လေ့လာဆည်းပူးခြင်း၊ အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) နှင့် ပူးပေါင်းကာ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးအစီအစဉ်များကို မန္တလေးတိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ်၌ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ၂၀၁၂ ခုနှစ် World Veterinary Day Prize အား မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းမှ ဆွတ်ခူးနိုင်ခဲ့ခြင်းအပြင် ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"တိရစ္ဆာန်ဆေးကု ဆရာဝန်တွေဟာ မြန်မာနိုင်ငံမှာ ၅၀၀၀ ကျော်ရှိပါတယ်။ တချို့တွေက လုပ်ငန်းခွင်တွေထဲရောက်နေကြသလို ပြင်ပမှာလုပ်ကိုင်ကြသူတွေလည်း အများကြီးရှိပါတယ်။ သူတို့တွေအားလုံး အခုညီလာခံ



ဒေါက်တာလှမေဦး

ကို လာတက်ကြစေချင်ပါတယ်။ တိရစ္ဆာန်ကနေ လူကိုကူးစက်နိုင်တဲ့ ရောဂါပိုးတွေနဲ့ ကူးစက်တဲ့ နည်းလမ်းတွေကလည်း အများကြီးရှိနိုင်ပါတယ်။ ဒါကြောင့် စာတမ်းတွေပြုစုပြီးနှစ်စဉ် Knowledge Sharing တွေ လုပ်ဖို့အားလုံးကိုဖိတ်ခေါ်ပါတယ်"ဟု စာတမ်းတင်သွင်းသူ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီမှ လက်ထောက်ဌာနမှူး ဒေါက်တာလှမေဦး(ခ) ဆုရည်ကပြောသည်။



## မြသာယာအားကစားကွင်း အဆင့်မြှင့်တင်ရေးအတွက် မြေဖို့၊ မြေညှိခြင်းနှင့် ပြုပြင်မှုများ စုပေါင်းဆောင်ရွက်

**အင်းတော် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ရှိ မြသာယာကစားကွင်း အဆင့်မြှင့်တင်ပြုပြင်မှုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီကကြီးမှူး၍ ဒီဇင်ဘာ ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က ကြီးမှူး၍ မြို့နယ်အထောက်အကူပြုကော်မတီ သုံးရပ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရှိ အားကစားဝါသနာရှင်ပြည်သူများက စုပေါင်း၍ အားကစားကွင်းအတွင်း မြေဖို့မြေညှိခြင်းများ ဆောင်ရွက်ခဲ့ပြီး ကားပိုင်ရှင်များကလည်း အားကစားကွင်းအတွင်း မြေဖို့ရန် အင်းရွာဘက်မှ မြေကြီးများကို ကားများဖြင့် သယ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

"အားကစားကွင်းဟာ မီတာ ၄၀၀ ကွင်း ဖြစ်ပါတယ်။ ကွင်းထဲမှာ အားကစားမျိုးစုံကို လူငယ်တွေလာကစားလို့ရပေမယ့် မိုးရာသီမှာကျတော့ ရေဝင်ပြီးရေတင်တာ၊ ရေဝပ်တာတွေရှိနေလို့ မြို့တွင်းမှာရှိတဲ့ အားကစားလုပ်ချင်သောလူငယ်တွေအတွက် အခက်အခဲတွေရှိခဲ့ပါတယ်။ အဲဒီအခက်အခဲတွေကို ဖြေရှင်းပေးတဲ့အနေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးမှုပြုပြင်ကြတာဖြစ်ပါတယ်"ဟု မြို့နယ်အား/ကာ ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **သန်းမောင်လေး**


## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်**<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊<br>ဖုန်း-၀၆၇-၄၁၂၁၁၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)**<br>ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။<br>ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၇၇) ၊ ၅၂ လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**<br>အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊<br>အလယ်ဘလောက်၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)**<br>အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**<br>လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊<br>မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)**<br>ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။<br>ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)**<br>နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်စျေးအနီး၊ မကွေးမြို့။<br>ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)**<br>မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊<br>ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)**<br>အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊<br>ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)**<br>အမှတ်(၄၁) ရှေရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။<br>ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**<br>ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊<br>မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)**<br>ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း(၁၂)ရပ်ကွက်၊<br>မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)**<br>မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။<br>ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**<br>ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။<br>ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**<br>နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။<br>ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

# အခါမဟုတ်မိုးကြောင့် ပဲစိုက်တောင်သူများ အဆင်ပြေ

**ရေတာရှည် ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးရိတ်သိမ်းပြီးနောက် ပဲအမျိုးမျိုးစိုက်ပျိုးလျက်ရှိရာ ဒီဇင်ဘာ ၃ ရက် ညပိုင်းက ရွာသွန်းခဲ့သောမိုးကြောင့် လက်ရှိပဲစိုက်ထားသည့် တောင်သူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း တောင်သူများကပြောကြားသည်။

"ဆောင်းဆိုပေမယ့် နေအပူချိန်ကပြင်းတော့ အောက်ခံတော်ဆုတ်ကုန်တယ်။ တချို့နေရာတွေမှာဆို ရေတင်ရတာတွေတောင်ရှိတယ်။ နှင်းကလည်း ကောင်းကောင်းမလိုက်သေးတော့ အခုမိုးရွာတာ အတော်ကောင်းတယ်။ ပဲခင်းတွေကောင်းတာပေါ့"ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာရှိ တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ပဲစိုက်ပျိုးရန် မျိုးပဲများဝယ်ယူရာတွင် ဈေးနှုန်းမြင့်တက်ခြင်းကြောင့် စိုက်ပျိုးစရိတ်မြင့်တက်သော်လည်း လက်ရှိဈေးကွက်အရ ပဲဈေးနှုန်းမှာလည်း ကောင်းမွန်မည့်အလားအလာများရှိနေသဖြင့် ပဲစိုက်ပျိုးသည့် တောင်သူများမှာ ယခင်နှစ်ကလိုပင် များပြားလျက်ရှိကာ မတ်ပဲ၊ ပဲတီစိမ်း၊ စွန်တာနီ၊ ထောပတ်ပဲ၊ ပဲတိုင်ထောင် အစရှိသော ပဲအမျိုးမျိုးကို တိုးမြှင့်စိုက်ပျိုးနေကြသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# ချစ်ကြည်ရေးဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်တွင် Junction River Trading Co.,Ltd. (လျှပ်စစ်ဖြန့်ဖြူးရေး)က ဦးစီးကျင်းပသည့် ချစ်ကြည်ရေးဖိတ်ခေါ်ဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်း၌ ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် Dragon FC အသင်းနှင့် ESE FC အသင်းတို့ ကစားခဲ့ကြပြီး ESE FC အသင်းက Dragon FC အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ပထမဆုရရှိခဲ့သည်။ ဆုပေးပွဲတွင် ပထမဆုရ ESE FC အသင်းအား ဆုဖလား၊ ဆုငွေကျပ် လေးသိန်းနှင့် အားကစားဝတ်စုံများကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယဆုရ Dragon FC အသင်းအား ဆုဖလားနှင့် ဆုငွေကျပ်နှစ်သိန်း၊ တတိယဆုရ KBZ FC အသင်းအား ဆုဖလားနှင့် ဆုငွေကျပ်တစ်သိန်းနှင့် အထူးဆုရအသင်းများအတွက် ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

**အယ်လ်စိုး (ပြန် /ဆက်)**

# သုံးနိုင်ငံဖြတ်ကျော် ဆိုင်ကယ်စီးခရီးသွားများ မုံရွာမြို့သို့ရောက်ရှိ

**မုံရွာ ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက်ကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးစံဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်လာခဲ့ရာ ယနေ့ထက်တိုင် ယဉ်ကျေးမှုအမွေအနှစ်များ၊ စိမ်းလန်းသည့် သဘာဝရေမြေတောတောင်ရှုခင်းများဖြင့် လှပသာယာလျက်ရှိသဖြင့် ကမ္ဘာ့လှည့်ခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိကြသည်။

ယခုနောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသွားများ ဝင်ရောက်ရာတွင် ပုံမှန်လေကြောင်းခရီးစဉ်များဖြင့်သာမက မော်တော်ယာဉ်ခရီးစဉ်များ၊ နယ်စပ်ဖြတ်ကျော်သွားလာခရီးစဉ်များဖြင့်ပါ ဝင်ရောက်လည်ပတ်လျက်ရှိရာ Osuga Myanmar Travels & Tours ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှဦးစီးပြီး Adventure Myanmar Crossing On Road-Of Road နိုင်ငံဖြတ်ကျော်ခရီးစဉ်အဖြစ် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သော မော်တော်ဆိုင်ကယ်စီးပြည်ပခရီးသွားအဖွဲ့သည် ဒီဇင်ဘာ ၅ ရက်တွင် မုံရွာမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါအဖွဲ့သည် မုံရွာမြို့မှ မန္တလေးသို့ထွက်ခွာစဉ် မုံရွာမြို့ အထင်ကရနေရာများဖြစ်သော မိုးညှင်းသံဗုဒ္ဓေဘုရားနှင့် ဖောဓိတထောင် သာသနာ့နယ်မြေများသို့ ဝင်ရောက်လေ့လာခဲ့ကြောင်း သိရသည်။



"မြန်မာလူမျိုးတွေ အရမ်းဖော်ရွေကြတယ်။ လမ်းတစ်လျှောက်မှာ မြင်တွေ့ရတဲ့နေရာတွေက စိတ်ဝင်စားဖို့လည်းကောင်းတယ်။ အရမ်းလည်း အံ့ဩမိတယ်။ အခုလို လာရောက်လည်ပတ်ရတာ ပျော်ပါတယ်။ အကြံပြုချင်တာက မြန်မာနိုင်ငံမှာရှိတဲ့ အဓိကနေရာလေးတွေမှာ အင်္ဂလိပ်ဘာသာနဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေ ရှိမယ်ဆိုရင်တော့ ပိုကောင်းပါတယ်။ အဆင့်မီတဲ့ သန့်စင်ခန်းတွေ နေရာတိုင်းမှာရှိရင် ပိုကောင်းမှာပါ" ဟု အဆိုပါနိုင်ငံဖြတ်ကျော် ခရီးသွားအဖွဲ့မှ ဂျာမနီနိုင်ငံသား ပြည်ပခရီးသွား တစ်ဦးက စကားပြန်မှတစ်ဆင့် ပြောကြားသည်။ အဆိုပါ နိုင်ငံဖြတ်ကျော် ခရီးသွားအဖွဲ့တွင် အင်္ဂလန်နိုင်ငံမှ နှစ်ဦး၊ ဂျာမဏီနိုင်ငံမှ နှစ်ဦး၊ အမေရိကန်နိုင်ငံမှ တစ်ဦးပါဝင်ပြီး မော်တော်ဆိုင်ကယ်များဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ယခုလ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှတစ်ဆင့် ကလေးမြို့သို့ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် မုံရွာမြို့သို့ ရောက်ရှိလာခြင်းဖြစ်ကာ မန္တလေးမြို့၊ ပုဂံ၊ မကွေး၊ ရခိုင်ပြည်နယ် အမ်းမြို့၊ မြောက်ဦးမြို့၊ ငပလီကမ်းခြေ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၊ ရန်ကုန်မြို့၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးဘုရားများသို့ ဒီဇင်ဘာ ၂၀ ရက်အထိ လည်ပတ်သွားမည် ဖြစ်ကြောင်း၊ ထို့နောက် ကျိုက်ထီးရိုး-ဘားအံ-မြဝတီ-မဲဆောက်လမ်းအတိုင်း ထိုင်းနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဖြစ်ကြောင်းနှင့် အဆိုပါခရီးစဉ်ဖြတ်သန်းရာတစ်လျှောက်ရှိ အထင်ကရနေရာများသို့ ဝင်ရောက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**


# USA University Seminar

California State University MONTEREY BAY
DeAnza College
FOOTHILL COLLEGE
Berkeley College

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ/ အောင်မြင်ပြီးသူများ IGCSE;
တက္ကသိုလ်ကျောင်းသားများ/ ဘွဲ့ရပြီး ကျောင်းသားများ

- တက္ကသိုလ်ဝင်ခွင့်၊
- ပညာသင်ဆုရရှိခွင့် (Upto 50%)
- နောက် (၄) နှစ် အတွင်း တက္ကသိုလ် မှ ဘွဲ့ရရှိနိုင်မည့်အခွင့်အရေး

USA

In Science, Engineering, IT, Business, MBA, Finance, Marketing & More!
Opportunity to meet University Admission Officials

- ဂျပန်နိုင်ငံ တက္ကသိုလ် မှ ဒီပလိုမာနှင့် ဘွဲ့အတွက်စိတ်ကြိုက်ဘာသာရပ်ရွေးချယ်ခွင့်၊
- အချိန်ပြည့်အလုပ်အကိုင် အခွင့်အရေးတို့အတွက်
- မြန်မာနိုင်ငံ City College Yangon မှတ်ရင့် ဂျပန်ဆရာထံ $N_5$ နှင့် $N_4$ Level သုံးလစီ (ကြားရက်၊ ပိတ်ရက်) အတန်းများ တက်ရောက်နိုင်ပါသည်။
- ဂျပန်နိုင်ငံ ရှိရုံးခွဲများမှ အပြည့်အဝပံ့ပိုးပေးပါမည်။

Japan

ဝင်ကြေးအခမဲ့ Please Call to Register

Opportunity to meet Japan Int'l Students Committee (JISC) President

Academic Telesis
We Build Your Dream
academictelesis.com

Date: Dec 12, 12 pm, Yangon International Hotel
No. 330, Ahlone Rd., Corner of Ahlone & Pyay Rd
Call: 09-263 105 249, 09-795 367 475, 09-73 205 503
Office: 34, 3rd (B) Fl., Ma Po St., Myaynigone, Sanchaung.

CITY COLLEGE YANGON



## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ (မြောက်) ဘုရားဖြူရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အမှတ် (၁/၅၃)နေ
ရဲမှူးကြီးလှမြင့်(ငြိမ်း)+ဒေါ်တင်တင်မြင့်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)၊
ဦးဇော်ဝင်း (ညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောရေးရာဝန်ကြီးဌာန)+ဒေါ်ခင်မျိုးမြင့်တို့၏ တူသား၊
(ဗိုလ်ကြီးသိန်းနိုင် (ငြိမ်း))+(ဒေါက်တာ ဒေါ်မာလာသန်း)တို့၏ သားကြီး
ဒေါက်တာ ခွန်ဇော်နိုင် ၏ အစ်ကို

**ဗိုလ်မှူးလင်းနိုင်**

M.B.,B.S, M.Med.Sc (Surgery)
ပထမတန်းပါရဂူ (ခွဲစိတ်)
အမှတ် (၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ကုတင်-၃၀၀)မင်္ဂလာဒုံ
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဓပါက်တောရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ် (၅၅၅)နေ
ဦးအောင်မြင့် (ဒါရိုက်တာ၊ အတွင်းရေးမှူး-လှိုင်ဆောက်လုပ်ရေး၊ သမဝါယမအသင်းလီမိတက်)+ဒေါ်အေးအေးသန်း
တို့၏သမီးကြီး မအိမွန်ဖြူ၊ ဒေါက်တာ တင်ကိုဝင်း၊ မအိရွှေစင် တို့၏ အစ်မ

**ဗိုလ်ကြီး လေးလေးခိုင်**

B.N.Sc, M.N.Sc, Dip in Med. Ed

လက်ထောက်ကထိက၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် (ရကသ-၄ တွဲဘက်) တို့၏ (၁၁-၁၁-၂၀၁၅)ရက် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်ရုံး၌ ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ အသိသက်သေများအဖြစ်လက်မှတ်ရေးထိုးပေးသူများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ပေးပါသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ချိုဦး၊ ဗိုလ်ချုပ် လှမြင့်ဆွေ (ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ် စိန်လင်း (တပ်မှူး၊ အမှတ်(၂)တပ်မတော်ဆေးရုံ)၊ ဗိုလ်ချုပ် ဝင်းလှိုင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် သူရဝင်းနိုင်နှင့်ဇနီး၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်ဇနီး၊ ဗိုလ်မှူးချုပ် ဝင်းလွင်(တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်)နှင့်ဇနီး စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအား လည်းကောင်း၊ ထပ်ဆင့်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ၊ စာပေဂီတ အနုပညာရှင်များအား လည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်ချုပ်သန်းစိန်(ငြိမ်း)နှင့်ဇနီး ဒေါ်ရီရီမြ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရဲမှူးကြီး လှမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်မြင့် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော နိုင်ငံကျော်တေးသံရှင် ဒေါ်စိမ်းမိုမို၊ စောင်းပညာရှင် ကိုဟန်စိုးနှင့်အဖွဲ့၊ မင်္ဂလာပန်းများ ကြဲဖြန်းပေးပါသော မဖူးပွင့်စံမှီ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေး ပါသော မအိရွှေစင်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မောင်ရဲလွင်အောင်၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးသက်မင်းထွန်း၊ မောင်စိုးသုတ၊ မောင်ဇေဘုန်းလင်း၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးအေးအေးမော်၊ မကြာဖြူခိုင်၊ မမိုင်သော်တာ၊ မိတ်ကပ်နှင့်လက်ဝတ်ရတနာပြင်ဆင်ပေးပါသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာ မနု (စမ်းချောင်း)၊ မင်္ဂလာညစာခံပွဲ အခမ်းအနားအား ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Final Touch ရိုက်ကူးရေးအဖွဲ့၊ ဓာတ်ပုံရိုက်ကူးပေးပါသော K-3 Photo Studio အဖွဲ့၊ မင်္ဂလာခန်းမနှင့် ပန်းအလှဆင်ပေးပါသော Gandamar Grand Ballroom မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာ အခမ်းအနားအား အစအဆုံးအောင်မြင်စွာ ကူညီဆောင်ရွက်ပေးပါသော ဦးရဲထွန်းဦး (ညွှန်ကြားရေးမှူး-လဝက)နှင့်ဇနီး ဒေါ်နှင်းနုနုခိုင်၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အခြားကျေးဇူး တင်ထိုက်သူအားလုံး လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဘက်သော မိဘများနှင့်
ဗိုလ်မှူးလင်းနိုင်+ဗိုလ်ကြီးလေးလေးခိုင်



## ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ အထက (၄) နဝမတန်း (A) မှ မောင်ချစ်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းနိုင် ၉/လဝန(နိုင်)၁၃၄၃၉၈ဖြစ်ပါကြောင်း။

ဦးဆန်းနိုင်



## ရွှေဥက္ကလာရေသန့်စက်ရုံမှ အမြန်အလိုရှိသည်

**ဝန်ထမ်း ကျား (၅)ဦး + မ (၅)ဦး**

အမှတ် (၁၉)၊ သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထိပ်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့
နယ်ဝန်ထမ်း ဦးစားပေးမည်၊ နေရန်၊ စားရန် စီစဉ်ပေးမည်။
ဖုန်း-၀၉-၅၁၆၂၅၀၆၊ ၀၉-၄၄၈၀၀၂၆၂၄
(အမှန်တကယ်လုပ်မည့်သူသာ လျှောက်ပါ။)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ ဝန်ထမ်းအိမ်ရာများသို့သွားသောလမ်းအား ပြုပြင်ရန် တင်ဒါခေါ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၅ ရက်

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၁၈-၁၂-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)**
**ကန်ရိုးကျေးရွာ၊ တောင်ငူမြို့နယ်၊ ဖုန်း-၀၉-၃၃၆၀၆၀၇၇**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာကေတဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ နှစ်ထပ်တိုက် အဆောက်အအုံအဟောင်း(၄)လုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁၂-၂၀၁၅ ရက်မှ ၁၁-၁၂-၂၀၁၅ရက်အထိ

(ခ) **လေလံပုံစံရောင်းချမည့်နေရာ** - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇)၊ နေပြည်တော်

(ဂ) **လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ** - သာကေတဓာတ်အားပေးစက်ရုံ၊ ရန်ကုန်မြို့

အသေးစိတ်အချက်အလက်များကိုအောက်ပါဌာနတွင်စုံစမ်းနိုင်ပါသည်-

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**စီမံခန့်ခွဲရေးဌာန**
**ရုံးအမှတ်(၂၇)**
**ဖုန်း-၀၆၇-၄၁၀၃၉၂**

## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်
## ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း) အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ) စုစုပေါင်း(၂၂) ကျောင်းတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာစုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများလျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ် ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁၀-၁၂-၂၀၁၅ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၉-၁၂-၂၀၁၅ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)

(ဃ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ မြန်မာကျပ်ငွေ (Kyats)ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းချမည့်ရက် | တင်ဒါပိတ်ရက်၊ အချိန် |
|---|---|---|---|---|
| (က) | 4-11(T)/ MESC/2015-2016 | အောင်မြေသာစံမြို့နယ်လျှပ်စစ်ရုံးဝင်းအတွင်း အရာရှိကြီးများ နေအိမ်အဆောက်အအုံ နှစ်ခန်းတွဲ သုံးထပ်ဆောက်လုပ်ခြင်း (၁)လုံး | ၃-၁၂-၂၀၁၅ | ၂-၂-၂၀၁၆ ၁၃း၀၀ နာရီ |
| (ခ) | 4-12(T)/MESC/ 2015-2016 | အောင်မြေသာစံမြို့နယ် လျှပ်စစ်ရုံးဝင်းအတွင်း အရာရှိများအိမ်ရာအဆောက်အအုံ နှစ်ခန်းတွဲ လေးထပ်ဆောက်လုပ်ခြင်း (၁)လုံး | ၃-၁၂-၂၀၁၅ | ၂-၂-၂၀၁၆ ၁၃း၀၀ နာရီ |
| (ဂ) | 4-13(T)/MESC/ 2015-2016 | အောင်မြေသာစံမြို့နယ် လျှပ်စစ်ရုံးဝင်းအတွင်း အမှုထမ်းအိမ်ရာအဆောက်အအုံ လေးခန်းတွဲ လေးထပ်ဆောက်လုပ်ခြင်း (၁)လုံး | ၃-၁၂-၂၀၁၅ | ၂-၂-၂၀၁၆ ၁၃း၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇ လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

### မိဘအမည်မှန်

ပဲခူးတက္ကသိုလ် တတိယနှစ် (ဓာတုဗေဒ)ကျောင်းသား မောင်ဇော်ဇော်ထက်စိုး ၇/ညလပ(နိုင်)၁၈၆၃၉၈၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ၇/ညလပ(နိုင်)၁၁၁၉၃၄ ဖြစ်၍ မိခင်အမည်မှန်မှာ ဒေါ်လှလှဝင်း ၇/ညလပ(နိုင်)၀၃၅၈၀၉ ဖြစ်ပါကြောင်း။

**ဦးကြည်စိုး-ဒေါ်လှလှဝင်း**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၇၂၇၈၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်လေး ၇/ရတရ(နိုင်)၀၄၅၅၀၆ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 3G/4943 Mitsubish ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရွှေစံ ၁၃/လခတ(နိုင်)၀၁၇၆၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ခွံရောရာများကို မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရှုမည့်နေရာ** - အမှတ်(၆၉/၇၀)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး ရုံးအမှတ်(၁၉)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်)နှုန်းဖြင့်ဝယ်ယူနိုင်ပြီးတင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၅ ရက်မှ စတင်၍ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၆-၁-၂၀၁၆ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

# CLAIMS DAY NOTICE
## M.V SPRING WIND VOY:NO(13)

Consignees of cargo carried by M.V SPRING WIND VOY:NO (13) are here by notified that the vessel will arrive on about 10-12-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ထန်တလန်-နှာရိန်-ရေဇွာ-မတူပီလမ်းပေါ်ရှိ တာလန်ချောင်းတံတား၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းပေါ်ရှိ သီမြစ်တံတားနှင့် လအော်ချောင်းတံတားတို့အတွက် လိုအပ်သည့် Bailey ပစ္စည်းများသယ်ယူခြင်း(ရန်ကုန်မှလုပ်ငန်းခွင်အထိ)နှင့် သံချောင်း(ရှယ်စုံ)၊ သစ်၊ ဘိလပ်မြေ၊ သဲ၊ 6"-9" ကျောက်၊ 1/4"-3/4" ကျောက်၊ Bailey D/S (80'-0")C-200 6'Ø-10mm ထု Steel Shell 20' 6'Ø-10mm ထု Steel Shell 24' ပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းတို့ကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် တံတားပစ္စည်းများ၏ အသေးစိတ်စာရင်းများကို ဟားခါးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရုံးဖုန်း-၀၇၀-၂၁၀၅၅ နှင့် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မန္တလေး(ရတနာပုံ)တွင် စုံစမ်းနိုင်ပါသည်။ (ရုံးဖုန်း-၀၇၂-၂၂၂၈၀)

၃။ တင်ဒါလျှောက်လွှာပုံစံများကို တည်ဆောက်ရေးအဖွဲ့(၁)၊ ညွှန်ကြားရေးမှူးရုံး၊ မန္တလေး(ရတနာပုံ)နှင့် ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတို့တွင် ၈-၁၂-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါတင်သွင်းမည့်ရက်** - ၈-၁၂-၂၀၁၅ ရက်မှ ၁၅-၁၂-၂၀၁၅ ရက်

**အချိန်** - နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ

**တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်** - ၁၈-၁၂-၂၀၁၅ ရက်

**အချိန်** - မွန်းလွဲ ၁၃း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** - ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် ပြုလုပ်မည့် ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်အခမ်းအနား၊ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ကျင်းပပြုလုပ်မည့် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းကို စာချုပ်ချုပ်ဆိုဆောင်ရွက်လိုပါသောကြောင့် လုပ်ကိုင်ဆောင်ရွက်လိုသူများအား အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါစတင်လက်ခံမည့်ရက်** - ၁၈-၁၂-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၃-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂း၀၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၃-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၀နာရီ

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခြင်း တင်ဒါခေါ်ယူရွေးချယ်ရေးကော်မတီ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၉-၉၇၆၇၉၀၀၅၂၊ ၀၅၆-၂၁၈၆၅သို့ သော်လည်းကောင်း၊ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရွေးချယ်ရေးကော်မတီ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ကချင်ပြည်နယ် ကုသရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကချင်ပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံကြီးများနှင့် ခရိုင်အဆင့် ဆေးရုံများ/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက် လိုအပ်သောဆေးဝါးများနှင့် ဓာတ်ခွဲ၊ ဓာတ်မှန်သုံးဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁၂-၂၀၁၅ ရက်

**ပိတ်သိမ်းမည့်ရက်** - ၁-၁-၂၀၁၆ ရက် ညနေ ၃ နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ကုသရေးဦးစီးဌာနသို့ ရုံးအချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၇၄-၂၂၃၀၃၊ ၀၇၄-၂၂၈၈၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

# တိုက်ခန်းရောင်းမည်

(၆)လွှာ၊ ကျိုက္ကဆံလမ်းမကျယ်၊ တာမွေမြို့နယ်၊ ပေ(၁၅×၇၀)၊ အဲယားကွန်းပါ၊ အိပ်ခန်းနှစ်ခန်း၊ သံပန်းအပြည့်၊ ပြင်ဆင်ပြီး၊ အသင့်နေနိုင်။

**အကျိုးဆောင်လိုသည်။ သိန်း(၆၀၀)**

**ဖုန်း-၀၉-၈၅၉၅၅၈၄၊ ၀၉-၂၅၂၀၅၅၆၀၉**

## အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်
# အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ဒုတိယခရိုင်တရားသူကြီး(၂)ရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၀၅

**ကွယ်လွန်သူ ဦးသန်းဆွေ(ခ)ဦးသန်းအေး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၃၂ လမ်း၊ မြေညီထပ်၊ အမှတ် ၁၃၁ နေ ဒေါ်မီကြူက ကွယ်လွန်သူ ဦးသန်းဆွေ(ခ)ဦးသန်းအေး၏ ဇနီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၃၂ လမ်း၊ မြေညီထပ်၊ အမှတ် ၁၃၁ တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းဆွေ(ခ)ဦးသန်းအေး၏ ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း ဤတရားရုံး၌ လျှောက်ထားလာသည်ဖြစ်၍ ကွယ်လွန်သူ ဦးသန်းဆွေ(ခ)ဦးသန်းအေး ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ မည်သူမဆို ဤတရားရုံးသို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၆ရက်) နံနက် ၁၀နာရီတွင် လာရောက်၍ အမှုဆိုင်နိုင်ကြောင်း ကြေညာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်မီကြူ၏ လျှောက်လွှာကို ကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ် ရသင့် မရသင့် စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**စံရာအောင်မြေပဲနွယ်ကုန်းမဟာစည်ရိပ်သာ**
**ဒီဇင်ဘာ (၁၅) ရက်တရားစခန်း**

ပဓာနနာယကပဲနွယ်ကုန်းဆရာတော်၏ ဦးဆောင်စီမံမှုဖြင့် တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့မှမ-တည်လှူဒါန်းပြီး ၁၇.၁၂.၂၀၁၅ နေ့မှ ၃၁.၁၂.၂၀၁၅ နေ့ထိ (၁၅) ရက် တရားစခန်းဖွင့်လှစ်မည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများသည် ဖုန်း-၀၉ ၅၀၄၅၉၉၅ သို့ဆက်သွယ်စာရင်းပေးပါရန်နှင့် (၁၆.၁၂.၂၀၁၅) ရက်နေ့ ညနေ (၃း၃၀)နာရီ အရောက်ကြွရောက်ကြပါရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## အောင်လံဆရာတော်အသျှင်စန္ဒိမာ၏ အကြိမ်(၂၀)မြောက် ယောဂီအသစ်များအတွက် အထူးတရားစခန်း ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ၏ မူလပဓာနနာယက (သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု) အသျှင်စန္ဒိမာသည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် ယောဂီအသစ်များအတွက် ၁၀ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲ ကျင်းပမည်ဖြစ်သဖြင့် ၁၁-၁၂-၂၀၁၅ ရက် နံနက် ၇း၀၀ နာရီတိတိတွင် ဖုန်း-၀၉-၇၉၈၇၂၁၉၂၀၊ ၀၉-၇၈၂၂၁၁၆၆၇ နှင့် ၀၉-၄၅၀၂၂၀၄၁၇ တို့အား ဆက်သွယ်၍ ယောဂီစာရင်းပေးသွင်းရပါမည်။ စာရင်းပေးသွင်းပြီးသော ယောဂီများသည် အောက်ဖော်ပြပါရက်နှင့်အချိန်အတိုင်း လူကိုယ်တိုင်မှတ်ပုံတင်မူရင်းယူဆောင်၍ ရန်ကုန်ရိပ်သာကြီးတွင် စခန်းဝင်ယောဂီအဖြစ် စာရင်းပေးသွင်းရပါမည်။

(က) ယောဂီအမှတ် (၁)မှ (၁၀၀)အထိ - ၁၄-၁၂-၂၀၁၅ ရက် နံနက် ၈း၀၀ နာရီ
(ခ) ယောဂီအမှတ် (၁၀၁)မှ (၂၀၀)အထိ - ၁၄-၁၂-၂၀၁၅ ရက် နံနက် ၉း၀၀ နာရီ
(ဂ) ယောဂီအမှတ် (၂၀၁)မှ (၂၇၀)အထိ - ၁၄-၁၂-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀ နာရီ
(ဃ) ယောဂီအမှတ် (၂၇၁)မှ (၄၀၀)အထိ - ၁၄-၁၂-၂၀၁၅ ရက် ညနေ ၃း၀၀ နာရီ

ရန်ကုန်ယောဂီ(၂၇၀)နှင့် နယ်ယောဂီ (၁၃၀) စုစုပေါင်း ၄၀၀ သာ လက်ခံမည်။

| မြို့နယ် | စာရင်းလက်ခံသူ | ဖုန်းနံပါတ် |
|---|---|---|
| မြိတ် | ဒေါ်တင်တင်သော် | ၀၉-၂၅၀၀၂၆၉၉၂ |
| ပုလော | ဒေါက်တာကောဝိဒ | ၀၉-၂၄၂၀၃၀၄၂ |
| ဘားအံ၊မုဒုံ၊သံဖြူဇရပ် | အရှင်ဥတ္တမ | ၀၉-၂၅၅၉၅၅၂၆၉ |
| ညောင်လေးပင် | ကိုအောင်မော် | ၀၉-၉၇၀၉၀၉၆၂၆ |
| ပွဲနတ်ဆာ | မမြတ်လေးဝင်း | ၀၉-၅၀၀၇၀၇၇ |
| ပဲခူး | ကိုဝင်းနိုင် | ၀၉-၂၅၂၂၂၆၅၆၉ |

နိုင်ငံရပ်ခြားယောဂီများ dmparagu@gmail.com သို့ ဆက်သွယ်စာရင်းသွင်းပါ။
ပြည်တွင်းယောဂီများ ကြိုတင်စာရင်းပေးသွင်းခြင်းလက်မခံပါ။
ကျန်းမာရေးကောင်းမွန်ရမည်။
တင်ပျဉ်ခွေမထိုင်သူ လက်မခံပါ။
အရိုးကျိုးထားသူ၊ စတီးချောင်းထည့်ထားသူများ လက်မခံပါ။
၁၅ နှစ်အောက် လက်မခံပါ။

**တရားစခန်းဝင်ရမည့်ရက်/အချိန်** - ၂၁-၁၂-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၃း၀၀ နာရီအထိ
**တရားစခန်းထွက်ရမည့်ရက်/အချိန်** - ၁-၁-၂၀၁၆ရက် နံနက် ၆း၀၀ နာရီ

တရားစခန်းဝင်မည့်ယောဂီများသည် မိမိတို့၏ကိုယ်ပိုင်အသုံးအဆောင်၊ အိပ်ရာလိပ်၊ ဆေးဝါးနှင့်ပစ္စည်းများကို စုံလင်စွာ ယူဆောင်လာရပါမည်။

စာရင်းပေးသွင်းပြီး မဝင်ဖြစ်ပါက စခန်းပွဲမတိုင်မီ ဖုန်းဆက်၍ အကြောင်းကြားပါရန်နှင့် အကြောင်းမကြားဘဲ ပျက်ကွက်ပါက နောင်တွင်လုံးဝ ဝင်ခွင့်ပြုမည်မဟုတ်ပါ။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

## ဒေးဒရဲမြို့သို့ နေ့ချင်းပြန်ဘုရားဖူးမိတ်ဆုံခရီး

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)မှ ဇာတိမြေ ဒေးဒရဲမြို့သို့ သုံးထပ်သင်္ဘောကြီးဖြင့် ဘုရားဖူးမိတ်ဆုံခရီးကို (၂၅-၁၂-၂၀၁၅) ခရစ္စမတ်နေ့ (သောကြာနေ့)တွင် နေ့ချင်းပြန် သွားရောက်မည်ဖြစ်ရာ မော်တင်ဆိပ်ကမ်းမှ နံနက် (၆း၃၀)နာရီတွင် ထွက်ခွာပြီး ည (၈း၀၀)နာရီတွင် ပြန်လည် ရောက်ရှိမည်ဖြစ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

**ဆက်သွယ်လိုပါက -**
**ဦးမျိုးလွင် - ၀၉ ၅၀၄၂၂၈၃ ၊ ဒေါ်ခင်ရီ - ၀၉ ၅၀၁၆၃၉၆**
**ဦးစိုးသိန်း - ၀၉ ၅၁၃၆၇၉၈ ၊ ဦးကြည်မြင့် - ၀၉-၄၃၁၆၃၈၁၅**

## မြန်မာ့ပထဝီဝင်အသင်းဖိတ်ကြားလွှာ

မြန်မာ့ပထဝီဝင်အသင်း (GAM)နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်မည်ဖြစ်ပါသဖြင့် ပထဝီဝင်ကျောင်းသား၊ ကျောင်းသူများ၊ အသင်းဝင်များအစည်းအဝေးသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၇-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**ကျင်းအမည့်အချိန်** - မွန်းလွဲ ၁း၀၀ နာရီ
**ကျင်းပမည့်နေရာ** - ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ

**မှတ်ချက်** - အမှုဆောင်အဖွဲ့ဝင်ရွေးချယ်ခံမည့် အသင်းဝင်များ၏ အဆိုပြုလွှာများကို ၂၀-၁၂-၂၀၁၅ ရက် နောက်ဆုံးထားပြီး (GAM) အသင်းချုပ်ရုံးသို့ စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ပေးပို့နိုင်ပါသည်။

**မြန်မာ့ပထဝီဝင်အသင်း**
**အမှတ်(A-7)၊ တော်ဝင်လမ်း (၉ မိုင်)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၁၈၄၃၇၉၊ ၀၉-၃၀၃၈၄၂၁၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၀-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၃)ကြော်ငြာ ဒေါ်မြင့်မြင့်အေး၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် အမှတ် (ခ/၂၉)၊ ဇမြောက်ရပ်ကွက်အစား အမှတ် (ခ/၂၉)၊ ပြည်သာယာလမ်း၊ ဇ/မြောက်ရပ်ကွက် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရန်နောင်(၁၄/မမက(နိုင်)၁၄၀၃၅၉) ၏ နိုင်ငံကူးလက်မှတ် MA 285465 နှင့် သင်္ဘောသားလက်မှတ် CDC 63989 တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၄၃၀၇၀၀၈၅

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၉၁**
**ကွယ်လွန်သူ ဦးတင်အောင်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်မာမာရီ **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၁၄ နေ ဒေါ်မာမာရီက ကွယ်လွန်သူ ဦးတင်အောင်၏ ဇနီးဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဦးတင်အောင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောငွေကြေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးတင်အောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၂ရက် ၁၀း၀၀နာရီတွင်လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဒေါ်မာမာရီ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၄၂၆**

ဒေါ်ဆီဝါဂါမီ(ခ)ဒေါ်သူဇာ **နှင့်** ၁။ ဒေါ်ခင်စန်း
၂။ မူနီ(ခ)ဒေါ်ခိုင်ခိုင်ဦး
၃။ အယွတ်ခန်း
၄။ အူစမန်ခန်း(ခ)ဦးဝင်းလှိုင်ဦး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်လမ်း၊ အမှတ်-၂၀၅ နေ မူနီ(ခ)ဒေါ်ခိုင်ခိုင်ဦး၊ အယွတ်ခန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကျန်ငွေကျပ်(၁၅)သိန်းကို လက်ခံပြီး မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံး၌**
**၂၀၁၅ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂၀၁**
**ကွယ်လွန်သူ ဒေါ်အေးမြတ်သူ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဦးအောင်ကျော်သူ
၁၂/ဒဂန(နိုင်)၀၂၈၆၉၃ **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ ၄ လမ်း၊ မြကန်သာအိမ်ရာ၊ တိုက်အမှတ် ၃၁၊ အခန်းအမှတ် ၀၀၁ နေ ဦးအောင်ကျော်သူက ကွယ်လွန်သူ ဒေါ်အေးမြတ်သူ၏ မောင်ဖြစ်သည်ဟူ၍ အထက်ဖော်ပြပါနေရပ်လိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်အေးမြတ်သူမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောငွေကြေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်အေးမြတ်သူမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၁၂ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးအောင်ကျော်သူ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၁၂၉၊ သခင်အုန်းဖေကြီးပတ်လမ်း၊ ၄၂/ရပ်ကွက်၊ မ/ဒဂုံနေ ဒေါ်အေးအေးသန်း ၁၂/ဥကမ(နိုင်)၀၉၅၉၄၈ ၏သမီး မဇာဇာအောင် ၁၂/ဥကမ(နိုင်)၁၈၃၅၄၁ သည် မိခင်အား အရှက်ရအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ လုံးဝ တာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိခင်-ဒေါ်အေးအေးသန်း**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၃၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၃**

ဦးရဲကျော်ဦး **နှင့်** ဒေါ်ခင်ညို
**တရားနိုင်** **တရားရှုံး**

အမှတ်(၃၁)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၃၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၁ရက် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၅၄**

ဒေါ်နန်းအိခိုင် **နှင့်** ၁။ မနိုင်(ခ)မဝေသူဝင်း
၂။ ဦးမင်းမင်းထွန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ မုဒိတာအိမ်ရာ(၂)၊ အမှတ် (၂-အေ) ၅၅၄ နေ (၁) မနိုင်(ခ)မဝေသူဝင်း၊ (၂)ဦးမင်းမင်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်ပါ တယ်လီဖုန်း(Handset)ဖိုးငွေ ၁၈၀၀၀၀၀၀/-(ကျပ်သိန်း တစ်ရာ့ရှစ်ဆယ်)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဦးမြတ်သူ ၁၂/မဂဒ(နိုင်)၀၉၇၅၀၆၊ ဦးတင်ကိုထွေး ၁၂/မဂဒ(နိုင်)၁၀၇၄၃၄တို့နှင့် သက်ဆိုင်သူများအပါအဝင် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇနေ(၁)လမ်း၊ အမှတ် (၉၇)နေ ဦးကာစင် (BTG-179283) နှင့် ဦးမိုဟာမက်ရဖိက် (BTG-215114) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကာစင်နှင့် ဦးမိုဟာမက်ရဖိက်တို့ လက်ရှိနေထိုင်ပိုင်ဆိုင်သည့် ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၂)၊ မြေကွက်အမှတ် (၂/၂၅)၊ (၂၅ပေ×ပေ၅၀) မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်သစ်ကို ကန်ထရိုက်တာ ဦးမြတ်သူ၊ ဦးတင်ကိုထွေးတို့က မြေပိုင်ရှင်နှင့် အကျိုးတူအခန်းခွဲဝေရယူ ဆောက်လုပ်မည်ဖြစ်ကြောင်း ၆-၂-၂၀၁၄ရက်တွင် သဘောတူကတိစာချုပ်ချုပ်ဆိုခဲ့ပြီး ကန်ထရိုက်တာများမှ ဆောက်လုပ်ခွင့်ပါမစ်ကျသည့်ရက်မှ တစ်နှစ်အတွင်းအပြီးဆောက်လုပ်ပေးမည်ဖြစ်ကြောင်း တာဝန်ယူကတိပေးခဲ့သော်လည်း မြေပိုင်ရှင် ဦးကာစင်သို့ ပြောင်းရွှေ့ခစရိတ်ပေးရမည့် ငွေကျပ်သိန်း ၉၀ကို မပေးဘဲ ပျက်ကွက်ခဲ့ပါသည်။

ထို့ကြောင့် မြေပိုင်ရှင်များမှ ကန်ထရိုက်တာများ ပျက်ကွက်မှုအပေါ် ၁၉-၁၁-၂၀၁၅ ရက်တွင် အကျိုးဆောင်ရှေ့နေမှတစ်ဆင့် ၁-၁၂-၂၀၁၅ ရက်နောက်ဆုံးထား၍ လာရောက်တွေ့ဆုံရှင်းလင်းရန် အကြောင်းကြားခဲ့သော်လည်း လာရောက်တွေ့ဆုံခဲ့ခြင်းမရှိသည့်အပြင် ကန်ထရိုက်တိုက်သစ်ကို ဆက်လက်ဆောက်လုပ်ခြင်းမပြုဘဲ Foundation လုပ်ငန်းကို တရားမဝင်လုပ်ဆောင်ထားသည့်အဆင့်တွင်လုံးဝရပ်ဆိုင်းထားသည်မှာ (၁)နှစ်နှင့် (၉)လခန့်ရှိနေပြီဖြစ်၍ ၆-၂-၂၀၁၄ရက်စွဲပါ သဘောတူညီထားသည့်စာချုပ်ကို ကန်ထရိုက်တာမှ စတင်ကျူးလွန်ဖောက်ဖျက်ရာ ရောက်နေပါသဖြင့် မြေပိုင်ရှင်များဘက်မှ ၆-၂-၂၀၁၄ရက်စွဲပါ ကတိစာချုပ်ကို ဤကြေညာစာပါသည့်ရက်မှစ၍ တရားဝင်ဖျက်သိမ်းလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ထို့ပြင် ကန်ထရိုက်တိုက်သစ်ကို မိမိတို့ကိုယ်တိုင်ဖြစ်စေ၊ ကန်ထရိုက်တာ ပြောင်းလဲ၍ဖြစ်စေ ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ တိုက်သစ်ဆောက်လုပ်ရန် သဘောတူညီခဲ့သည့် တိုက်သစ်တွင် ကန်ထရိုက်တာများထံမှတိုက်ခန်းကြိုတင်ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူထားသူများ၊ ငွေကြေးကိစ္စအရှုပ်အရှင်းများရှိပါက ကန်ထရိုက်တာများနှင့်သာ ဆက်သွယ်ရင်ဆိုင်ဖြေရှင်းဆောင်ရွက်သွားကြရန်နှင့် ဆက်လက်ဆောက်လုပ်မည့်ကန်ထရိုက်တိုက်သစ်နှင့်ပတ်သက်၍ မည်သူကိုမျှ မြေပိုင်ရှင်ဘက်က တိုက်ခန်းကိစ္စ၊ ငွေကြေးကိစ္စ အစရှိသည်တို့ကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

သို့ဖြစ်ပါ၍ မြေရှင်များဘက်မှ တိုက်သစ်ဆက်လက်ဆောက်လုပ်ခြင်းအပေါ် မည်သူမဆို လာရောက်ကန့်ကွက်နှောင့်ယှက်လာပါ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၂)**
**အမှတ် ၅၀၊ ပထမထပ်၊ D2၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၈၆၀၅**

**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၇၉၂)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

# ဦးညွန့်မောင် (ဇီးကုန်းမြို့)

**အသက်(၉၄)နှစ်**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏ ဖခင်ကြီး ဦးညွန့်မောင်(ဇီးကုန်းမြို့) အသက်(၉၄)နှစ်သည် ၄-၁၂-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးညွန့်မောင် (ဇီးကုန်းမြို့)

**အသက်(၉၄)နှစ်**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးညွန့်မောင်(ဇီးကုန်းမြို့)သည် ၄-၁၂-၂၀၁၅ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ အမှတ် (1A-57)၊ မြသီတာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုအတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်အေး-(အုန်း)နှင့် မိသားစု**

## ဦးစန်းလွင်(လက်ဝဲမြင်းနီ) အသက်(၈၉)နှစ်

**B.A (Ed), B.Ed မြို့နယ်ပညာရေးမှူး(ငြိမ်း)**

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ လက်ဝဲမြင်းနီရွာနေ (ဦးသံရောင်-ဒေါ်ဖွားမြင့်)တို့၏သား၊ ပဲခူးမြို့နေ(ဦးဘချစ်-ဒေါ်ကျင်စိန်)တို့၏သားသမက်၊ လက်ဝဲမြင်းနီရွာနေ (ဦးစံသိန်း-ဒေါ်ဒေါင်း)၊ မန္တလေးမြို့နေ (ဦးဖုန်းကျော်-ဒေါ်ကြင်စော)တို့၏မောင်/ညီ၊ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ဝိဇ္ဇာလမ်း၊ အမှတ် ၁၇နေ ဒေါ်ကြူကြူ၏ချစ်လှစွာသောခင်ပွန်း၊ဦးမျိုးလွင်(ထွေ/ဂျာ၊ ငြိမ်း၊ မြန်မာ့ဆားလုပ်ငန်း)၊ (MD, Skyplex Construction Co)-ဒေါ်အေးအေးခိုင်၊ ဦးကျော်လွင်(လ/ထ ညွှန်မှူး၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ညွန့်ရှင်(Director Mantra Co)၊ ဦးရဲမင်း(T & A Co)-ဒေါ်နုငြိမ်းလွင်၊စင်ကာပူနိုင်ငံနေ ဦးငွေလွင်(Director Mantra Co)-ဒေါ်မာလာမြင့်(Director Min Wai Thit Co)၊ ဦးမင်းလွင်(MD Mantra Co)-ဒေါ်ဆွေဆွေသက်၊ ဦးဇော်ဇော်လွင်(Director, Skyplex Construction Co)-ဒေါ်ခင်မာမွေး၊ ဦးကျော်သန်း(ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက ကုက္ကို)-ဒေါ်မာမာလွင်တို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃း၀၄ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အမှတ် ၁၇၊ ဝိဇ္ဇာလမ်း၊ ဇမိုင်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းလှိုင်(မော်ကျွန်း) အသက်(၈၆)နှစ်

**မြန်မာဆိပ်ကမ်းအာဏာပိုင်၊ ဝန်ထောက်(ငြိမ်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၆၄၀နေ (ဦးတွတ်-ဒေါ်မြ)တို့၏သား၊ (ဦးဘဆင့်-ဒေါ်ရှင်)တို့၏သားသမက်၊ (ဒေါ်အေးရင်)၏ခင်ပွန်း၊ ဦးအေးကြည်(ပုလဲ/ငါး၊ ငြိမ်း)-ဒေါ်ငွေငွေ၊ ဦးရဲမြင့်-ဒေါ်ခင်ဆွေယဉ်(ထ-၃၊ လှိုင်သာယာ)၊ ဦးတင်စိန်(E/E)-ဒေါ်မိမိ (M.D, GM-G Co.,Ltd.)၊ဒေါ်လှလှဝင်း၊(ဦးအောင်မျိုးဝင်း)၊ဒေါ်ခင်ခင်ဝင်း(Finland)တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးတင်ထွန်းအောင်(ငြိမ်း) အသက်(၄၉)နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားဝန်ကြီးဌာန**

နတ်မောက်မြို့နေ (ဦးစိန်ထွန်း)-ဒေါ်တင်ရီတို့၏သား၊ ပျဉ်းမနားမြို့နေ (ဦးအောင်ရွှေ)-ဒေါ်စန်းရီတို့၏သားသမက်၊ ဗိုလ်မှူးသိန်းဇော်(ငြိမ်း)-ဒေါ်အေးနု၊ ဦးထွန်းမြင့်အောင်(စီးပွား/ကူးသန်း၊ ပဲခူး)-ဒေါ်ကြည်ကြည်ဆွေ၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းဆင့်၊ ဦးအေးငွေ-ဒေါ်သဇင်မာတို့၏ ညီ/မောင်၊ တပ်ကြပ်ကြီးမောင်မောင်ရှိန်း(ခလရ-၁၀၂)-ဒေါ်အေးအေးကြည်၊ဒု-အရာခံဗိုလ်မင်းနိုင်-ဒေါ်မျိုးမျိုးရီ၊ ဒုအရာခံဗိုလ်ဇော်မိုးလှိုင်-ဒေါ်ပပ၊ (ဦးငွေလွင်ဦး)-ဒေါ်အေးမွန်၊ ဦးဇော်လင်း-ဒေါ်လဲ့လဲ့အေးတို့၏အစ်ကို၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ၊ အမှတ် ၇၄၇၊ အခန်း ၃၂နေ ဒေါ်ကြည်ကြည်အောင်၏ခင်ပွန်း၊ မခင်သွေးနုအောင်(ပထမနှစ်၊ တိ/မွေးကု၊ ရေဆင်း)၊ မသစ်လွင်နုအောင်(Grade-7, C, အထက-၅)၊ မယွန်းယွန်းနုအောင်(Grade-5, C, အထက-၅)တို့၏ဖခင်သည် ၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ခုတင်(၁၀၀၀)ဆံ့ဆေးရုံမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်ကြီးမောင်သန်း(ငြိမ်း)

**ကြည်း-၁၃၄၃၆**

**မော်ကွန်းဝင်(ဒုတိယဆင့်)**

**အသက်(၉၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်၊ရေစိုကျေးရွာနေ(ဦးပန်းညွန့်-ဒေါ်စောမေ)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ(ဦးစံညွန့်-ဒေါ်အေးကြည်)တို့၏သားသမက်၊မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကျောင်းကြီးရပ်ကွက်၊ ၆လမ်းနေ ဒေါ်သန်း၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးတင်ငွေ-ဒေါ်မြင့်မြင့်)၊ ဒေါ်သန်းသန်းညွန့်(အထပြ၊ငြိမ်း)၊ ဒုအရာခံဗိုလ်စိန်သောင်းဦး(ယသရ-၁)၊ ဒေါ်ခင်အုန်းနွဲ့ (အထက်တန်းပြ၊ အထက-၄၊ မင်္ဂလာဒုံ)၊ (ဦးထူးထူးစိန်)-ဒေါ်လှလှဝင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၇-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်သန်းမြ (ပြည်မြို့)

**အသက်(၈၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ် ၃၂၉နေ (ဦးညီလေး-ဒေါ်အေးမြိုင်)တို့၏ တစ်ဦးတည်းသောသမီး၊ ဦးကျော်သိုင်း(ကုန်သည်)၏ ချစ်လှစွာသော ဇနီး၊ ကိုဇော်ထွန်း-မမြင့်မြင့်စန်း(ကုန်စုံဆိုင်နှင့် ရွှေဆိုင်)၊ ကိုတင်ထွန်း-မခင်အေးမော်(မြအုန်းစည် အကြော်စုံ၊ကြံသကာ၊ ပဲ၊ နှမ်းပွဲရုံနှင့် ရှုမဝရွှေဆိုင်)၊ ကိုမြင့်သိန်း(စာနီ) - မဝင်းမြင့်သန်း (ကုန်စုံဆိုင်)၊ ကိုထွန်းထွန်း-မစိုးစိုးမြင့် (ရွှေဆိုင်)၊ ကိုကျော်ထွန်းမင်း-မနွယ်နီဝင်း (ကုန်စုံဆိုင်)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၅ရက် ( အင်္ဂါနေ့) ညနေ ၃နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

## ဒေါ်ယဉ်ယဉ်မော်(ဘိုကလေး)

**အသက်(၆၃)နှစ်**

ဘိုကလေးမြို့နေ (ဦးဘမော်-ဒေါ်အေးနွယ်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးချစ်မောင် - ဒေါ်သန်းသန်း)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ယုဇနလမ်း၊ Hi Way Complex တိုက် A၊ အခန်း ၃၀၅နေ ဒေါက်တာအောင်ကျော်ရှိန်၏ဇနီး၊ (ဦးလှမော်)-ဒေါ်သန်းညွန့်တို့၏ ညီမ၊ ဦးမောင်မောင်မြင့်(စက်မှု-၁၊ ငြိမ်း)-ဒေါ်ခင်စောနွဲ့တို့၏အစ်မ၊ ကိုဖြိုးဝေသန်း(RGB)-မယမင်းကျော်ရှိန်၊ကိုမျိုးမင်းကျော်(မြန်မာ့သစ်လုပ်ငန်း)-မသီရိကျော်ရှိန်၊ ကိုကောင်းကျော်ရှိန်-ဒေါ်မိုးနုစံတို့၏မိခင်၊ မမေသူကျော်၊ မောင်အောင်သုခ၊ မောင်အောင်သုတတို့၏အဘွားသည် ၇-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကမာရွတ်မြို့နယ် နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ကျင်(ခ)ကျင်ကျင်

**ဒေးဒရဲအသင်းဝင်(၁၃၁၀)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ယုဇနလမ်း၊အမှတ် ၂၆နေ(ဦးတန်-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးစံသောင်း)၏ဇနီး၊ ဒေးဒရဲအသင်း သက်ကြီးကန်တော့ခံ ဦးကီး - ဒေါ်ကျင်အေးတို့၏ အစ်မ၊ ဦးညီညီလွင်-ဒေါ်စန်းစန်းအေး၊ ဦးခင်မောင်လွင်-ဒေါ်သက်မာဝင်း၊ ဦးမြင့်မြတ်သူ - ဒေါ်ဇင်မာမြင့်တို့၏ မိခင်၊ မောင်လင်းထက်ညီ၊ မောင်စံမင်းထက်မောင်၊ မဝတီစုမောင်၊ ချောချောလေးတို့၏ဘွားဘွားကြီးသည် ၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါ၍ ၈-၁၂-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဒေးဒရဲအသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ပါမည်။) ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့

## မောင်မင်းဇော်ထွန်း(ခ)

## မင်းမင်း အသက်(၃၈)နှစ်

ဘားအံမြို့၊ (၁)ရပ်ကွက်၊ အထက (၁)ကျောင်းလမ်းနေ ဦးမောင်ကြည်-ဒေါ်ခင်ထွေးရီ (မင်္ဂလာဝင်း၊ စတိုး)တို့၏သား၊ (ဦးကျော်ဇင်မြင့်)-ဒေါ်ကျင်ငွေးတို့၏သားသမက်၊ မမေသဇင်ဦး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာသက်ဇော်ထွန်း - ဒေါက်တာနန်းဆီဖောင်းဟွမ်၊ မောင်ဖြိုးဇော်ထွန်း-မဇင်လေးဖြူ၊ မအိမ္မာကိုတို့၏အစ်ကို၊မအေးမြဖြူစင်ကို၏ဖခင်သည် ၅-၁၂-၂၀၁၅ရက်(စနေနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ၁နာရီတွင်အထက်ပါနေအိမ်မှ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှလှ(ဖြူး) အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၃၀နေ ဗိုလ်ကြီးကျော်ရွှေ(ငြိမ်း)၏ဇနီး၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ၄လမ်းနေ (ဦးဘသန်း-ဒေါ်ပု)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သရက်တပင်ကျေးရွာနေ (ဦးထွန်းမြိုင်-ဒေါ်စောတင်)တို့၏ချွေးမ၊ ဖြူးမြို့နေ (ဦးသောင်းညွန့်-ဒေါ်သန်းရီ)၊ (ဦးတင်မောင်)၊ (ဦးတင်အောင်)တို့၏ညီမ၊ (ဦးမြင့်အောင်)-ဒေါ်မြမြ၊ (ဦးမြင့်)တို့၏အစ်မ၊ ဦးလှမောင်ရွှေ-ဒေါ်တင်တင်ဦး၊ ဦးလှအောင်ရွှေ၊ ဗိုလ်ချုပ်လှမြင့်ရွှေ(ငြိမ်း)-ဒေါ်ချိုချိုသန်း၊ ဦးစိုးမြင့်ရွှေ-ဒေါ်ရီရီခင်၊ ဒေါက်တာအောင်ငွေးလင်း-ဒေါ်သက်မြင့်ရွှေ၊ ဒေါ်သီသီရွှေတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၇-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှလှ(ဖြူး) အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၃၀နေ ဦးကျော်ရွှေ၏ဇနီး၊ ကပ္ပတိန်ဇော်မော်ငွေး-မဆုမွန်ရွှေ၊ကိုထွန်းမြတ်သူ-မယုမွန်ရွှေ၊ မဖူးမွန်ရွှေ၊ မောင်ဖြိုးဇာနည်ရွှေ-မဆက်လက်၊ ကောင်းထင်ကျော်ကျော်၊ မောင်ပြည့်ဖြိုးမြင့်ရွှေ၊ မောင်ဝေဖြိုးမြင့်ရွှေ၊ မရတနာ၊ မောင်ထွဋ်မြတ်အောင်ရွှေ၊ မောင်အာကာထက်အောင်ရွှေ-မမေမီမြင့်သောင်း၊ (မောင်ရဲမြတ်နိုးရွှေ)၊ မထက်ရည်မွန်ရွှေ၊ မဆုမြတ်နိုးရွှေတို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၇-၁၂-၂၀၁၅ရက်(တနင်္လာနေ့)တွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၃၀နေ ဦးလှမောင်ရွှေ(Special Advisor, Myanmar Peace Center)-ဒေါ်တင်တင်ဦးတို့၏ မိခင်ကြီး ဒေါ်လှလှသည် ၇-၁၂-၂၀၁၅ရက် နံနက် ၆း၄၅နာရီတွင် ဒဂုံမြို့နယ် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

**အသက်(၇၉)နှစ်**

မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) မှ အထူးအကြံပေး ဦးလှမောင်ရွှေ၏မိခင်ဖြစ်သူ ဒေါ်လှလှ အသက်(၇၉)နှစ်သည် ၇-၁၂-၂၀၁၅ရက် နံနက် ၆း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေ မိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ အသက်(၇၉)နှစ်

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center)မှ အထူးအကြံပေး ဦးလှမောင်ရွှေနှင့်ဇနီး ဒေါ်တင်တင်ဦးတို့၏မိခင် ဒေါ်လှလှ အသက်(၇၉)နှစ်သည် ၇-၁၂-၂၀၁၅ရက် နံနက် ၆း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA)**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၃၀နေ ဗိုလ်ကြီးကျော်ရွှေ(ငြိမ်း)၏ဇနီး၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ၄လမ်းနေ (ဦးဘသန်း-ဒေါ်ပု)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သရက်တပင်ကျေးရွာနေ (ဦးထွန်းမြိုင်-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ ဖြူးမြို့နေ(ဦးသောင်းညွန့်-ဒေါ်သန်းရီ)၊ (ဦးတင်မောင်)၊ (ဦးတင်အောင်)တို့၏ညီမ၊ (ဦးမြင့်အောင်)-ဒေါ်မြမြ(ဦးမြင့်)တို့၏အစ်မ၊ ဦးလှမောင်ရွှေ-ဒေါ်တင်တင်ဦး၊ ဦးလှအောင်ရွှေ၊ ဗိုလ်ချုပ်လှမြင့်ရွှေ(ငြိမ်း)-ဒေါ်ချိုချိုသန်း၊ ဦးစိုးမြင့်ရွှေ-ဒေါ်ရီရီခင်၊ ဒေါက်တာအောင်ငွေးလင်း-ဒေါ်သက်မြင့်ရွှေ၊ ဒေါ်သီသီရွှေတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်လှလှ အသက်(၇၉)နှစ်သည် ၇-၁၂-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၆း၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုညီနှင့်မိသားစု**

## ဦးငွေးလွင်

**3rd Engineer (CDC-10357)**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်/မြောက်ရပ်ကွက်၊သပြေလမ်း၊ အမှတ် ၄၁နေ ဦးရွှေသိန်း-(ဒေါ်လွန်းစိန်)တို့၏သား၊ (ဦးဖေတင်-ဒေါ်တင်ဦး)တို့၏သားသမက်၊ ဒေါ်အေးကြည်-ဦးအုံးကျော်၊ ဒေါ်မြင့်မြင့်ကြည်-ဦးအောင်မြင့်တို့၏မောင်၊ (ဦးမြတ်လွင်)၊ ဒေါ်ခင်ထွေးတို့၏အစ်ကို၊ ဒေါ်လှလှသွေး၏ ချစ်လှစွာသောခင်ပွန်း၊ မဟေမာလွင်ဦး - မောင်ဝင်းမော်ဦး၊ မောင်ထွန်းလင်းအောင် - မအိအိနွယ်တို့၏ချစ်လှစွာသောဖခင်သည်၇-၁၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဦး

**B.A (Myanmar)**

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် ၁၅၁နေ ဦးဖုန်းရွှေ-(ဒေါ်အေးမြင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာ၊ ကွန်ဒို G(9)နေ ဦးအောင်သွင်-(ဒေါ်မေမေကြည်)တို့၏သမီးချွေးမ၊ ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီးမိုးကျော်အောင် (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မောင်စွမ်းပြည့်အောင်(INLE APEX HOTEL)၏ ချစ်လှစွာသောမိခင်၊ ကိုအောင်ကျော်ဟိန်း-မမေမျိုးအောင်၊ ကိုချစ်လှိုင်-မခင်စန္ဒာမင်းတို့၏အစ်မသည်၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၁၅ နာရီတွင် ညောင်ရွှေမြို့၌ ကွယ်လွန်သွားပါ၍ ၈-၁၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ညောင်ရွှေမြို့သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တအာစာရ (တောင်သာ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ)

**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ပတ္တမြားကျောင်းဆရာတော် ဘဒ္ဒန္တအာစာရသည် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) ၇-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၀း၀၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက်) ၁၁-၁၂-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမနှင့် ဆွေတော်မျိုးတော်အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

စျာပနကျင်းပရေးကော်မတီ

## ဒေါ်ကဥ္စနဝတီ သက်တော်(၉၇)နှစ်

စစ်ကိုင်းတောင်ရိုး၊ ဇမြို့ချောင်၊ မော်လမြိုင်သီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယက သက်တော်ရှည်ဆရာကြီး ဒေါ်ကဥ္စနဝတီ(သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ သီလရှင်အမှုဆောင်အဖွဲ့ တိုင်းအကျိုးတော်ဆောင်)သည် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) ၇-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထန်းသုံးပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူ ဇမြို့ တပည့်/ဆွေမျိုး ဒါယကာ၊ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန်၊ ကုစ္စာသယစေတီတော်(မင်းကွန်း) ဒါယကာကြီး**

## ဦးကျော်ရှိန်(အမရပူရ) အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ ဦးစိန်ဝင်း[(မောင်နေလ)(တရားလွှတ်တော်ရှေ့နေ၊ ဥက္ကဋ္ဌ)၊ (တာမွေမြို့နယ်စာရေးဆရာအသင်း)]-ဒေါ်နွဲ့နွဲ့ရီ၊ဦးလှရွှေ-ဒေါ်မြင့်မြင့်သန်း၊ဗဟန်းမြို့နယ်၊ဗိုလ်ချို(၂)ရပ်ကွက်၊စောမဟာလမ်းနေ ဒေါက်တာကျော်ကျော်ဦး(သီဟသုဓမ္မသီဂီ)၊ သီရိသုဓမ္မသီဂီဒေါက်တာသန်းသန်းစိန် (Royal Golden Hotels Group၊ အမရရွှေပြည် ရက်ကန်းလုပ်ငန်း)၊ အမရပူရမြို့နေ (ဦးမျိုးမြင့်)-ဒေါ်ယဉ်ယဉ်၊ မန္တလေးမြို့နေ ဦးမြင့်သန်း-ဒေါ်သစ်သစ်(သစ်မင်းချည်ရောင်းဝယ်ရေး)၊ အမရပူရမြို့နေ ဦးစိုးမိုးနောင်-ဒေါ်အေးအေးသင်းတို့၏ဖခင်၊ (ဒေါ်မြသင်း)၏ခင်ပွန်း၊မြေး ၁၉ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၆-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၈း၁၅နာရီတွင် အမရပူရမြို့၊ ဖန်ချက်ရပ်နေအိမ်၌ကွယ်လွန်သွားပါ၍ ၈-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဆရာမကြီးဒေါ်အေးခင် အသက်(၉၄)နှစ်

**အထက-၁၇(ငြိမ်း)၊ မန္တလေး**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ တပါယ်ကျေးရွာနေ (ဦးသာမြိုင်-ဒေါ်တင်ခ)တို့၏သမီး၊ ပရိမ္မအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး(ငြိမ်း)(ဦးကျော်)၏ဇနီး၊ ဒေါ်တင်တင်အေး(ငယ်/ယာ-၂၊ မြို့ပြ-ငြိမ်း၊ သံတွဲ)၊ ဦးမြသန်း[လ/ထ ညွှန်ကြားရေးမှူး၊ မြို့ပြ၊ လမ်းဦးစီးဌာန၊ တောင်ငူခရိုင်)-ဒေါ်မေလှဲ့ဝင်း၊ အရာခံဗိုလ်(လှထွန်း)-ဒေါ်ချိုချိုအေး၊ ဦးသန်းလွင်(ဦးစီးအရာရှိ၊ မြို့ပြ၊လမ်းဦးစီးဌာန၊ရေစကြိုမြို့နယ်)-ဒေါ်ပြုံးပြုံးအေး၊ ဒေါ်သူဇာမြင့်(အလယ်တန်းပြဆရာမ၊ အမက-၁၀)၊ အောင်မြေသာဇံမြို့နယ်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ မန္တလေးမြို့၊ နန်းရှေ့ဒေါနဘွား၊ ရေနီမြောင်းအရှေ့ဘက်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) (ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ အသက်(၇၉)နှစ်

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center)မှ အထူးအကြံပေး ဦးလှမောင်ရွှေနှင့်ဇနီး ဒေါ်တင်တင်ဦးတို့၏မိခင် ဒေါ်လှလှ အသက်(၇၉)နှစ်သည် ၇-၁၂-၂၀၁၅ရက် နံနက် ၆း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်**
**(ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(Peace Council)**

**ရဟန်းဒါယကာကြီး**

## ဦးကံညွန့် (BA.Myanmar)

**(စွယ်တော်ရိပ် နည်းပြ)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၃၈/ကနေ(ဦးခင်မောင်-ဒေါ်စိန်တင်)တို့၏သား၊ (ဦးလှအေး-ဒေါ်ကျင်အေး)တို့၏သားသမက်၊ ဦးညွန့်အောင်၊ (ဦးထွန်းကြည်) - ဒေါ်ညွန့်ကြည်တို့၏ ညီ/မောင်၊ ဦးညွန့်လှိုင်-ဒေါ်ယဉ်ယဉ်ဝေ၊ဦးမျိုးညွန့်-ဒေါ်နန်းစံဟွမ်၊ဦးဇော်ညွန့်-ဒေါ်တင်တင်ဦး၊ ဦးဝင်းညွန့်နိုင်တို့၏အစ်ကို၊ ဒေါ်ကြည်ကြည်ဝေ၏ခင်ပွန်း၊ကိုဆန်းဦး(ထွေ/အုပ်၊ တ/ဥ)-မဇာဇာရှိန်(M.E.C)၊ ကိုထွန်းအောင်မြင့်-မဥမ္မာထွန်း၊ ကိုအောင်ကျော်ကျော်မင်း - မချစ်နှင်းဝေ (Family Entertainment Group Co.,Ltd) တို့၏ဖခင်၊ အိမြတ်သီဂီဦး၊ ချစ်ခွန်းချိုတို့၏အဘိုး၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၆-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်အောင်(ခ) ဦးသောင်းရွှေ

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၅လမ်း၊ အမှတ် ၂၉နေ (ဦးစံသိန်း-ဒေါ်ဒေါင်းစိန်)၏သား၊ (ဦးမြနှင်း - ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်တင်အေး၏ခင်ပွန်း၊ ဒေါ်ကျင်ငွေး၊ ဒေါ်တင်မမ (လ/ကထိက၊ ရှေးဟောင်းသုသေသနပညာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးကျော်ကျော်မိုး-ဒေါ်အေးကြည်တို့၏ဖခင်၊ မဟန်နီကျော်၊ မောင်ဝေဘုန်းတို့၏အဘိုးသည်၆-၁၂-၂၀၁၅ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၂-၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှသိန်း (ဝါးခယ်မ)

**အသက်(၇၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ အမှတ် ၂၁နေ ဦးကျော်သန်း-(ဒေါ်ကျင်လှ)တို့၏သား၊ ဒေါ်မြင့်ကြည်၏ခင်ပွန်း၊ မသင်းသင်း၊ မမော်မော်ခင်၊ မနိုင်နိုင်၊ မောင်မင်းမင်းစိုး - မစန္ဒာမာလာတို့၏ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၂-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ဝါးခယ်မမြို့ မြေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

# ကျောက်မျက်ရတနာ ခေတ်မီဈေးသစ်ကြီး ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ဖွင့်မည်



**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးဒေသ မန္တလေးမြို့အဝင် မန္တလေး-ရန်ကုန်အမြန်လမ်းမကြီးနှင့် မြစ်ငယ်စစ်ကိုင်းလမ်းတို့ဆုံရာနေရာတွင် ကမ္ဘာပေါ်တွင် တစ်ဆူတည်းသော ကျောက်စိမ်းစေတီတော်မြတ်ကြီး၏အနီးရှိ မြေ ၃၄ ဒသမ ၅၈ ဧကပေါ်တွင် အဆောက်အအုံ ဧရိယာပေ ၁ ဒသမ ၄၅ သန်း အကျယ်ရှိသောမြေပေါ်တွင် Hawker Shed ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာ ခေတ်မီနှစ်ထပ်ဈေးသစ်ကြီးကို၂၀၁၄ ခုနှစ် ဇွန်လပိုင်းမှစ၍

*စာမျက်နှာ ၁၀ ကော်လံ ၁*

## မြန်မာနိုင်ငံ ပြင်ပကို ဗဟိုပြု၍ အင်အားပြင်း မြေငလျင်လှုပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

ဒီဇင်ဘာ ၇ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၂၅ မိနစ် ၃၆ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၇၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ တာဂျီကစ္စတန်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

## ယနေ့ ဖတ်စရာ

### ၁၆ နှစ်အတွင်း ပင်နီဇွဲလား အတိုက်အခံ အနိုင်ရ

*စာမျက်နှာ-၄*

### အဂတိသံသရာ

*စာမျက်နှာ-၆*

### ပေကျင်းမြို့တွင် လေထုညစ်ညမ်းမှုဆိုင်ရာ အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်

*စာမျက်နှာ-၁၄*

## ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်း အသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချ



မြန်မာကျပ်ငွေဖြင့် ရောင်းချသော ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို ရတနာကုန်သည်များ ကြည့်ရှုရွေးချယ်ကြစဉ်။
(သတင်း၊ စာမျက်နှာ-၉)
(သတင်းစဉ်)






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS